# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၂၆]


**ဒါနဠ တော်မင်္ဂလ မုတ္တမံ**

**စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။**



အစိုးရနှင့် စေတနာ့ဝန်ထမ်းအဖွဲ့ အစည်းများက ရခိုင်ဒေသ သဘာဝဘေးကို အစွမ်းကုန်တုံ့ပြန်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသော်လည်း ရခိုင်ဒေသမှ လယ်ယာမြေများ ရာနှုန်းပြည့် ပြန်လည်စိုက်ပျိုးမှုများတွင်မူ အခက်အခဲရှိနေဆဲ

သတင်းဆောင်းပါး
လေးဝတီထွန်းစောခိုင်
ဓာတ်ပုံ-ညေစော

# သဘာဝဘေးကြောင့်ပျက်စီးခဲ့သော ရခိုင်ဒေသမှ လယ်ယာမြေများ စိုက်ပျိုးမှုအခက်အခဲကြုံနေ

ဇူလိုင်လနောက်ဆုံးပတ်နှင့် ဩဂုတ်လပထမပတ်အတွင်း မိုးအလွန်ကြီးခြင်း၊ ကိုမန်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခြင်းတို့ကြောင့် ရခိုင်ပြည်နယ်မှ ပြည်သူအများသည် သဘာဝဘေးဒဏ်ကို ခါးစည်းခံစားခဲ့ကြရသည်။ ရေဘေးဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယခုအခါ ယင်းသဘာဝဘေးဒဏ်ကျရောက်ခဲ့မှု အချိန်တစ်လနီးပါး ကြာပြီဖြစ်သော်လည်း သဘာဝဘေးကြောင့် ပျက်စီးခဲ့ရသော ရခိုင်ဒေသမှလယ်ယာမြေများ ပြန်လည်စိုက်ပျိုးမှု အခက်အခဲကြုံနေရဆဲဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

# အန်ဒိုသီလီယံမျက်ကြည်လွှာခွဲစိတ်ကုသမှု DMEK နည်းဖြင့် ပထမဦးဆုံးအောင်မြင်

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံမျက်စိအထူးကုဆရာဝန်ကြီးများနှင့် အမေရိကန်နိုင်ငံမှ Hawaiian Eye Foundation မှ မျက်စိ အထူးကုဆရာဝန်ကြီးများ ပူးပေါင်းခွဲစိတ်ကုသမှုဖြင့် အန်ဒိုသီလီယံမျက်ကြည်လွှာ ခွဲစိတ်ကုသမှုကို DMEK နည်းဖြင့် ရန်ကုန်မြို့ ကန်ပတ်လမ်းရှိ မျက်စိဆေးရုံကြီး၌ ခွဲစိတ်ကုသခဲ့ရာ ဩဂုတ် ၂၅ ရက်က အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●



မြန်မာနိုင်ငံ၌ ပထမဦးဆုံး DMEK နည်းဖြင့် အန်ဒိုသီလီယံ မျက်ကြည်လွှာ ခွဲစိတ်ကုသမှု မြင်ကွင်း။ ဓာတ်ပုံ-မင်းထက်

**ယနေ့ မာတိကာ**

**စစ်ဖြစ်ပြီး တစ်နှစ်အကြာ ဂါဇာဒေသ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ တိုးတက်မှုမရှိသေး**

စာမျက်နှာ-၄




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မူလအနေအထားရောက်အောင် ဝိုင်းဝန်းကြိုးပမ်းကူညီဖြည့်ဆည်း

မြန်မာနိုင်ငံတွင် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို အရေးပေါ် အခြေအနေများကြေညာခဲ့ရပြီး တိုင်းဒေသကြီးတစ်ခုနှင့် ပြည်နယ်နှစ်ခုမှလွဲ၍ တစ်နိုင်ငံလုံးနီးပါး ရေဘေးအန္တရာယ်နှင့်ရင်ဆိုင်ခဲ့ကြရပါသည်။ ရေကြီးရေလျှံမှုများကြောင့် အိမ်ထောင်စု လေးသိန်းခန့်နှင့် လူဦးရေတစ်ဆယ့်ခြောက်သိန်းကျော် ရေဘေးဒုက္ခခံစားခဲ့ကြရပါသည်။

ဤသဘာဝဘေးကြောင့် နေအိမ်တစ်သောင်း ခုနစ်ထောင်ကျော် ပျက်စီးပြီး စာသင်ကျောင်း ၅၂၈ ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများအပါအဝင် အခြားအဆောက်အအုံပေါင်း ၅၀၀၀ ခန့် ပျက်စီးခဲ့ရပါသည်။ ထို့အတူ လမ်း၊တံတားများလည်း ပျက်စီးခဲ့ပါသည်။ လယ်မြေဧက ၁၄ သိန်းကျော်ခန့် ရေကြီးနစ်မြုပ်ခဲ့ပြီး ခုနစ်သိန်းခန့် ပျက်စီးခဲ့ပါသည်။ ဤသဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်မှု ဖြစ်စဉ်အားလုံး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၆၅ ဘီလီယံခန့်ရှိကြောင်း သက်ဆိုင်ရာက ခန့်မှန်းထားပါသည်။ ဤသဘာဝဘေးကြောင့် လူပေါင်း ၁၂၀ ကျော် သေပျောက်မှုရှိကြောင်း သိရပါသည်။

ရေဘေးသင့်ပြည်သူများ၏ ဆုံးရှုံးမှုသည်ကား များပြားလှပေစွ။ ပိုင်ဆိုင်မှုပစ္စည်းအားလုံးနှင့် လယ်ယာမြေနှင့် နေအိမ်များပါ ပျက်စီးဆုံးရှုံးခဲ့ရသည်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများခံစားနေရသည်။ သို့သော်လည်း အစိုးရ၊ တပ်မတော်၊ ပြည်သူ၊ နိုင်ငံတကာအလှူရှင်များ၏ ဝိုင်းဝန်းကူညီမှုကြောင့် လူမှုဘဝများ ပြန်လည်ရှင်သန်ခွင့်ရရှိခဲ့ကြသည်။ သို့သော် မူလအနေအထားပြန်ရောက်ရန် လိုအပ်ပေဦးမည်။

မူလအနေအထားဆိုသည်မှာ ကျန်းမာရေး၊ ပညာရေးအပါအဝင် နေစရာ၊ စားစရာ၊ ဝတ်စရာ ၊ ပုံမှန်ဝင်ငွေ အလုပ်အကိုင်များပင် ဖြစ်ပါသည်။ ဤအခြေအနေများ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် မူလအနေအထားကို ရောက်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ သို့သော် မူလအနေအထားသည် ဝိုင်းဝန်းကြိုးပမ်းမှသာ အောင်မြင်နိုင်မည် ဖြစ်ပါသည်။ အမှန်စင်စစ် မူလအနေအထားဆိုသည်မှာ အလွန်ကျယ်ဝန်းပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူများအားလုံးကို မူလအခြေအနေသို့ အမြန်ဆုံးပြန်ရောက်အောင် ငွေအား၊ လူအား စေတနာအားတို့ဖြင့် တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီကြရမည် ဖြစ်ပါသည်။

ဤသို့ မူလအနေအထားပြန်ရောက်အောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေရာအများစု၌ ရေတိုလုပ်ငန်းများသာဖြစ်ပါသည်။ ရေတိုလုပ်ငန်းဖြစ်သည့်အတွက် အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါသည်။ အချိန်ကြန့်ကြာနေခြင်းကြောင့် နောက်ဆက်တွဲ လူမှုရေး၊ စီးပွားရေး ထိခိုက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ သို့ဖြစ်၍ မူလအခြေအနေသို့ ပြန်ရောက်အောင် လုပ်ငန်းကဏ္ဍများအလိုက် အလျင်အမြန် ပူးပေါင်းဆောင်ရွက် ကူညီဖြည့်ဆည်းပေးသင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# အာမခံလုပ်ငန်းအသိပညာပြန့်ပွားရေး ဟောပြောပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၂၆**

မြန်မာ့အာမခံ လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပြန့်ပွားရေး ဟောပြောပွဲကို ဩဂုတ် ၂၄ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ပြည်ထဲရေးဝန်ကြီးဌာန အမှတ်(၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း (တောင်လေးလုံး)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ်ရုံး (တောင်ကြီး)ပြည်နယ်တာဝန်ခံ ဒေါ်ရီရီမြက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဝန်ထမ်းအသက်အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံနှင့် ခရီးသွားအာမခံလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အာမခံလုပ်ငန်း အသိပညာ ပြန့်ပွားရေးဟောပြောပွဲသို့ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ အမှတ်(၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း၊ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ စုစုပေါင်း ၂၀၅ ဦး တက်ရောက်ခဲ့ကြသည်။ တက်ရောက်လာသူများကလည်း သိရှိလိုသည့် အချက်အလက်များကို မေးမြန်းရာ တာဝန်ရှိသူက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ရမည်းသင်းခရိုင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ပြီးစီး

**ရမည်းသင်း ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရွေးကောက်ပွဲအဖွဲ့ခွဲသို့ လွှတ်တော်အသီးသီးမှ ရွေးကောက် တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းလွှာများ တင်သွင်းခဲ့ကြသည်။ သို့ဖြစ်၍ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အမည်စာရင်းတင်သွင်းလွှာများကို ဩဂုတ် ၁၈ ရက်မှစပြီး ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများဖြင့် အသေးစိတ်စိစစ်ခဲ့ကြသည်။ ရမည်းသင်းခရိုင်တွင် လွှတ်တော်သုံးရပ်၌ ရွေးချယ်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် အမည်စာရင်းတင်သွင်းမှုဦးရေမှာ ပြည်သူ့လွှတ်တော်တွင် ရမည်းသင်းမြို့နယ်မှ သုံးဦး ၊ ပျော်ဘွယ်မြို့နယ်မှ သုံးဦး၊ အမျိုးသားလွှတ်တော်တွင် ပျော်ဘွယ်မြို့နယ်မှ သုံးဦး၊ တိုင်းဒေသကြီးလွှတ်တော်တွင် ရမည်းသင်းမြို့နယ်မှ ခြောက်ဦးနှင့် ပျော်ဘွယ်မြို့နယ်မှ ခြောက်ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၁ ဦးကို ဩဂုတ် ၂၄ ရက်တွင် အပြီးသတ်စိစစ်ပြီး ကန့်ကွက်ရန်မရှိကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံးမှ သိရသည်။

(၀၁၁)




# လေရှီးမြို့နယ်တွင် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် စုပေါင်းကောက်စိုက်ပွဲကျင်းပ

**လေရှီး ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၌ မိုးစပါးထွန်တုံးပိတ်ပွဲနှင့် စုပေါင်းကောက်စိုက်ပွဲကို ဩဂုတ် ၂၄ ရက်က လေရှီးမြို့နယ် ထိန်ဖာရကျေးရွာအုပ်စု မိုဒွန်ဖိုင်ကျေးရွာရှိ တောင်သူဦးနဲ့ခိုရန်၏ ပုလဲသွယ်မျိုးနှစ်ဧက စိုက်ကွက်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များနှင့် ရွာသူရွာသားများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းတွင် ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ရာသီတွင် တောင်ယာစပါးစိုက်ပျိုးရေးအဖြစ် ၂၅၆၆ ဧက၊ လယ်မြေစိုက်ဧက ၃၀၆၀၊ မိုးစပါး စုစုပေါင်း ၅၆၂၆ ဧကကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၆၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၈.၆၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၂၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၀.၈၄ |

ခင်ရတနာ-စုစည်းသည်။

# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗန်ကောက်မြို့၌ ကြည့်ရှုလေ့လာ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗန်ကောက်မြို့ Grand Palace ၌ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (မြဝတီ)

နေပြည်တော် ဩဂုတ် ၂၆

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဗန်ကောက်မြို့ရှိ Grand Palace သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။**

ထို့နောက် မြဘုရားနှင့် Wat Benchamabophit Dusitvanaram ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ပြီး အလှူငွေများပေးအပ်သည်။

ယင်းနောက် ထိုင်းဘုရင့်ကြင်ရာတော် Queen Sirikit ၏ ဆင်းရဲနွမ်းပါးသူများ အလုပ်အကိုင်ရရှိရေး၊ ထိုင်းရိုးရာလက်မှုပညာများ ထိန်းသိမ်းဆောင်ရွက်ရေးနှင့် ထိုင်းရှေးဘုရင်မင်းဆက်အလိုက် အသုံးအဆောင်ပစ္စည်းများ၏ အနုပညာလက်ရာအမွေအနှစ်များ ရေရှည်ထိန်းသိမ်းထားနိုင်ရေး ရည်ရွယ်ချက်ဖြင့်ဖွင့်လှစ်ထားသည့် Ananta Samakhom Throne Hall သို့သွားရောက်၍ ခန်းမတည်ဆောက်ထားရှိမှု ဗိသုကာလက်ရာများနှင့် Queen Sirikit Institute ရှိ ထိုင်းနိုင်ငံ ရိုးရာလက်မှုပညာများအား လေ့လာကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်တပ်မတော်စစ်ဦးစီးတက္ကသိုလ်နှင့် ကြည်းတပ်လေ့ကျင့်ရေး သင်တန်းကျောင်းသို့ရောက်ရှိပြီး ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ကရစ်ဆာဒါ အရီရတ်ချကူလ်နှင့် စစ်ဦးစီးတက္ကသိုလ်ခန်းမ၌ လေ့ကျင့်ရေးပိုင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။ ထို့နောက် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်သားသစ်သင်တန်းဖွင့်လှစ်သင်ကြားမှုများနှင့် ပတ်သက်သည့်ကိစ္စရပ်များကို တာဝန်ရှိသူတစ်ဦးက Power Point ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**(မြဝတီ)**

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာသွန်းမည့် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ဩဂုတ် ၂၇ ရက်တွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ဆီးချို သွေးချိုရောဂါနှင့် အချိုစားခြင်းပြဿနာ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၆**

ဆီးချိုသွေးချိုရောဂါနှင့် အချိုစားခြင်းပြဿနာဟောပြောပွဲကို ဩဂုတ် ၃၀ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာ လမ်းရှိ UMFCCI Office Tower ကွန်ဖရင့်ဟော၌ ဆီးချိုသွေးချို အထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာတင့်ဆွေလတ်က ဟောပြောမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၆

**ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ထိုင်းဘုရင့် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဦးဒုံဒက် စီတဘွတ်က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ဩဂုတ် ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ထိုင်းဘုရင့်ကြည်းတပ်ဌာနချုပ်၌ ကျင်းပသည်။**

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး ချူလာလောင်ကွန် အထိမ်းအမှတ်ရုပ်တု၌ ပန်းခွေချအလေးပြုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဦးဒုံဒက် စီတဘွတ်နှင့် ကြည်းတပ်ဧည့်ခန်းမ၌တွေ့ဆုံပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူကုန်ကူးမှုအပါအဝင် လက်နက်မှောင်ခို ရောင်းဝယ်မှုများ တိုက်ဖျက်ရေးအတွက် တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် သင်တန်းသားများ တိုးမြှင့်စေလွှတ်ရေး၊ မြန်မာနိုင်ငံအချို့ဒေသများတွင် ရေလွှမ်းမိုးခဲ့မှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့် ဆေးကုသရေးဆိုင်ရာများတွင် အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**



ယင်းနောက် ညနေပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်သန်းသန်းနွယ်အား ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(မြဝတီ)**

● *ရှေ့ဖုံးမှ*

"အခု အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့တဲ့ အန်တိုသီလီယံ မျက်ကြည်လွှာအစားထိုးခွဲစိတ်မှု DMEK နည်းကဒါပထမဦးဆုံးအနေနဲ့ မြန်မာနိုင်ငံမှာ အောင်မြင်စွာ ခွဲစိတ်နိုင်တာပါ။ ကျွန်တော်တို့ အခုလိုအောင်မြင်စွာ ခွဲစိတ်နိုင်တာကလည်း အခု အမေရိကန်နိုင်ငံက ရောက်နေတဲ့ Hawaiian Eye Foundation မှ မျက်စိအထူးကု ဆရာဝန်ကြီးများရဲ့ နည်းပညာနဲ့ အားပေးကူညီမှုက အဓိကပါပါတယ်။ စင်ကာပူနိုင်ငံမှာတောင် ဒီနည်းပညာနဲ့ ခွဲစိတ်မှုကို ကြိုးစားနေတာ ကြာပါပြီ။ ဒါပေမယ့် မအောင်မြင်သေးပါဘူး" ဟု ရန်ကုန်မျက်စိဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဦးတင်ဝင်းက ပြောသည်။

Hawaiian Eye Foundation မှာ ၁၉၈၂ ခုနှစ်ကတည်းက ဟာဝိုင်ရီတွင် စတင်ဖွဲ့စည်းခဲ့သည့် မျက်စိဆိုင်ရာ ပရဟိတအသင်းအဖွဲ့ဖြစ်ပြီး ယခုအကြိမ် မြန်မာနိုင်ငံမျက်စိအထူးကုဆရာဝန်ကြီးများနှင့် အခမဲ့လာရောက် ပူးပေါင်းကုသပေးခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်သည်။ မျက်စိဝေဒနာရှင်များအား လာရောက်အခမဲ့ ကုသပေးမှုကို American Vision နှင့် Carl Zeiss(Germany) တို့၏ ကူညီထောက်ပံ့ပံ့ပိုးပေးမှုဖြင့် ရန်ကုန်မျက်စိဆေးရုံကြီး၌ ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်တိုင်တိုင် ကုသခွဲစိတ်ပေးခြင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ မျက်စိပိုင်းဆိုင်ရာ ဆရာဝန်များနှင့် အထူးကုဆရာဝန်ကြီးများအား Workshop များပြုလုပ်ကာ မျက်စိပိုင်းဆိုင်ရာ အသိပညာများကို နှီးနှောဖလှယ်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံး DMEK နည်းဖြင့် အန်ဒိုသီလီယံ မျက်ကြည်လွှာခွဲစိတ်ကုသမှုကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်ပြီး အခြားနိုင်ငံများသို့ သွားရောက်ခွဲစိတ်ကုသမှုခံယူပါက အမေရိကန်ဒေါ်လာ သုံးသောင်းကျော်၊ လေးသောင်းခန့် ကုန်ကျမည်ဖြစ်သည်။ ထို DMEK နည်းဖြင့် ခွဲစိတ်မှုသည် ဥရောပနှင့် အမေရိကတို့တွင် အောင်မြင်စွာ ခွဲစိတ်နေသည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း ဂျပန်နိုင်ငံသည်ပင် ယခုမှ စတင်ခွဲစိတ်ကုသမှုပေးနိုင်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် ယနေ့ထိ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်မှု မရှိသေးကြောင်း သိရသည်။

ရန်ကုန်မျက်စိ ဆေးရုံကြီး၌ မျက်ကြည်လွှာ ခွဲစိတ်ကုသမှုခံယူရန် သုံးထောင်ကျော် စာရင်းပေးထားပြီး ယခင် ခြောက်ရာကျော်မှာ DSEK နည်းဖြင့် အောင်မြင်စွာ ခွဲစိတ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် မျက်ကြည်လွှာ လှူဒါန်းရရှိမှုသည် တစ်နှစ်ပတ်လုံး ၁၀၀ မှ ၁၅၀ ဝန်းကျင်အတွင်းသာ ရရှိခဲ့သည်။ အိမ်နီးချင်း သီရိလင်္ကာနိုင်ငံ လောက်ပင် မျက်ကြည်လွှာ လှူဒါန်းမှု မရရှိခဲ့ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် မျက်စိဝေဒနာ အဖြစ်အများဆုံးရောဂါများမှာ အတွင်းတိမ်၊ ရေတိမ်နှင့် မျက်ကြည်လွှာ ရောဂါတို့ဖြစ်ကြသည်။

**(မြန်မာ့အလင်း)**

# ပညာရေးဆိုင်ရာများ ဟောပြောဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၆**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက်ရောက်နေကြသော ပါရဂူ၊ ဘွဲ့လွန်နှင့် ဘွဲ့ကြို ကျောင်းသားကျောင်းသူများအတွက် အပတ်စဉ် ပညာရပ်ဆိုင်ရာ ပညာရေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ၌ကျင်းပသည်။

ပညာရေးဟောပြောပွဲတွင် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ ဒေါ်အေးအေးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် Education Technology in Classroom ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အလုပ်အမှုဆောင် ဦးမြင့်ဟန်(အငြိမ်းစားညွှန်ကြားရေးမှူးချုပ်) ကလည်းကောင်း၊ Nonformal Primary Education ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အလုပ်အမှုဆောင် ဒေါက်တာတင်ညို (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်) ကလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

**(မြန်မာ့အလင်း)**

# စစ်ဖြစ်ပြီးတစ်နှစ်အကြာ ဂါဇာဒေသပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်မှုမရှိသေး

**ဂါဇာ ဩဂုတ် ၂၆**

ပါလက်စတိုင်းအစ္စလာမ့်စ် ဟားမားစ်စစ်သွေးကြွအုပ်စုများနှင့် အစ္စရေးတပ်ဖွဲ့များ ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ပွဲများကို ရပ်ဆိုင်းပြီး တစ်နှစ်အကြာတွင် ယင်းဒေသရှိပြည်သူများသည် အလွန်ဆိုးရွားသော အခြေအနေများနှင့် နေထိုင်ကြရသည်။

နှစ်ဖက်အုပ်စုများသည် ရက်ပေါင်း ၅၀ ကြာ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လွန်ခဲ့သောနှစ် ဩဂုတ် ၂၆ ရက်တွင် ကာလရှည်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ပြုလုပ်ခဲ့ကြသည်။ ဂါဇာ၏ အဆိုးရွားဆုံးပဋိပက္ခ၌ ပါလက်စတိုင်းဘက်မှ လူပေါင်း ၂၂၀၀ သေဆုံးခဲ့ပြီး အစ္စရေးဘက်မှ လူ ၇၀ သေဆုံးခဲ့သည်။ စစ်အပြီးအဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုမှာ ထင်သလောက် တိုးတက်မှုမရှိခဲ့ပေ။ လူပေါင်း ၁၀၀၀၀၀ မှာ ၎င်းတို့နေရပ်သို့ မပြန်နိုင်သေးကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်၏ စာရင်းဇယားများအရ ဂါဇာတွင် အလုပ်လက်မဲ့နှုန်းမှာ ၄၄ ရာခိုင်နှုန်းဖြစ်ပြီး ကမ္ဘာ့အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။ လူငယ် အလုပ်လက်မဲ့နှုန်းမှာ ၆၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ကုလသမဂ္ဂစစ်တမ်းများအရ ၎င်းဒေသတွင် အသက်တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်းမှာ နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် စတင်မြင့်တက်လျက်ရှိသည်။

ပြောင်းလဲမှုတစ်စုံတစ်ရာမလုပ်ပါက နိုင်ငံရေးမတည်ငြိမ်မှုများ ပြန်လည်ဖြစ်ပွားပြီး ယခင်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ကြောင်း ပညာရှင်များက သုံးသပ်သည်။ ဂါဇာပြန်လည်ထူထောင်ရေးတွင် နိုင်ငံတကာမှ စေတနာရှင်များက ၃ ဒသမ ၅ သန်းကူညီရန် ကတိကဝတ်ပြုခဲ့သည်။ ပြန်လည်တည်ဆောက်ရေးများ နှေးကွေးရသည့် အဓိကအကြောင်းမှာ ဘိလပ်မြေနှင့် သံချောင်းများစသည့်အခြေခံအဆောက်အအုံသုံးပစ္စည်းများ ပြတ်လပ်နေခြင်းကြောင့်ဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**



စစ်ဖြစ်ပြီးတစ်နှစ်အကြာ ထင်သလောက်တိုးတက်မှုမရှိသေးသော ဂါဇာကမ်းမြောင်ဒေသအခြေအနေ။

## အီရန်နျူကလီးယားအချက်အလက်များ အိုင်အေအီးအေလက်ခံရရှိ




**ဗီယင်နာ ဩဂုတ် ၂၆**

ကုလသမဂ္ဂ နျူကလီးယားအေဂျင်စီအနေဖြင့် အီရန်နျူကလီးယားအချက်အလက်များကို သက်သေပြရန်ကြိုးစားနေချိန် နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ အီရန်ထံမှ လုံလောက်သောသတင်းအချက်အလက်များ လက်ခံရရှိထားပြီဟု အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အီရန်နှင့်ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့၏ ဇူလိုင် ၁၄ ရက်က သဘောတူညီမှုရခဲ့သောစာချုပ်အရ အီရန်နိုင်ငံအနေဖြင့် ၎င်း၏နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သိသာမြင်သာဖြစ်အောင် ပြသရမည်ဟုဆိုသည်။ အီရန်ထံမှ လုံလောက်ပြည့်စုံသော သတင်းအချက်အလက်များရရှိပြီဖြစ်ကြောင်း အိုင်အေအီးအေအကြီးအကဲ ယူကီယာအာမာနိုက ပြောသည်။

အီရန်နျူကလီးယားအဆောက်အအုံများနှင့် ဆက်စပ်အစီအစဉ်များ စစ်ဆေးမှုအတွက် နှစ်စဉ် ယူရို ၉ ဒသမ ၂ သန်း ကုန်ကျလိမ့်မည်ဟု အိုင်အေအီးအေ အကြီးအကဲကဆိုသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အီရန်နျူကလီးယား စစ်ဆေးမှုအတွက် အိုင်အေအီးအေသို့ ငွေကြေးထောက်ပံ့ပေးရန် ၎င်းက တိုက်တွန်းဆော်ဩလိုက်သည်။ **(ဆင်ဟွာ)**

## နိုင်ဂျီးရီးယား အမျိုးသမီးငယ် အသေခံဗုံးခွဲတိုက်ခိုက် ငါးဦးသေဆုံး၊ ၃၀ ဒဏ်ရာရ

**ဒါမာတူရူ ဩဂုတ် ၂၆**

ဆယ်ကျော်သက်အမျိုးသမီးငယ်တစ်ဦးက ၎င်း၏ခန္ဓာကိုယ်၌ချည်ထားသည့် ပေါက်ကွဲပစ္စည်းကို နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက် ဒါမာတူရူမြို့၌ ဩဂုတ် ၂၅ ရက်က အသေခံဖောက်ခွဲခဲ့ရာ လူငါးဦးသေဆုံးပြီး ၃၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ဟု မသိရသေးသော်လည်း မကြာသေးခင်က ဖြစ်ပွားခဲ့သည့် အလားတူပေါက်ကွဲမှုများတွင် ဘိုကိုဟာရမ်စစ်သွေးကြွများအား ပြစ်တင်ရှုတ်ချခဲ့ကြသည်။

အသက် ၁၄ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးက ဒါမာတူရူမြို့ မြို့လယ်ကောင်ရှိ ယာဉ်ရပ်နားစခန်းတစ်ခု၌ ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် ၇ နာရီ မိနစ် ၄၀ ခန့်က အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ ဗုံးခွဲတိုက်ခိုက်သူအပါအဝင် လူခြောက်ဦးသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တိုယင်ဂဘိတ်ဂျီဆင်က ပြောကြားသည်။ **(ရိုက်တာ)**

## ဩစတြေးလျတိုက်လေယာဉ်များ အိုင်အက်စ်တို့အား တိုက်ခိုက်သွားဖွယ်ရှိ

**ကင်ဘာရာ ဩဂုတ် ၂၆**

ဆီးရီးယားရှိ အိုင်အက်စ်တို့ ခံတပ်များကို ဖြိုခွင်းတိုက်ခိုက်ရာတွင် ဩစတြေးလျ ဂျက်လေယာဉ်များက ကူညီပေးရန်အသင့်ရှိကြောင်း ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့က အမေရိကန်ပြည်ထောင်စုသို့ ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အရှေ့အလယ်ပိုင်းဒေသ ဆီးရီးယားရှိ အိုင်အက်စ်တို့အား ချေမှုန်းရန် လေကြောင်းတိုက်ခိုက်ရေး ကူညီပေးရန် ဩစတြေးလျသို့ တောင်းဆိုခဲ့ကြောင်း တိုနီအက်ဘော့က အင်္ဂါနေ့တွင် သတင်းထောက်များအား ပြောကြားသည်။ ဩစတြေးလျစစ်ဘက်မှ ကူညီမှုများ ပိုမိုပြုလုပ်ပေးရန် အမေရိကန်က တောင်းဆိုခဲ့သည်ဟုလည်း ဒေသသတင်းရပ်ကွက်များက ဆိုသည်။ အမေရိကန်၏ မေတ္တာရပ်ခံတောင်းဆိုမှုသည် ဖြစ်နိုင်သည်ဟုဆိုသည်။ ဩစတြေးလျ ဂျက်တိုက်လေယာဉ်များသည် ဆီးရီးယားရှိ အိုင်အက်စ်တို့အား လေကြောင်းမှတိုက်ခိုက်သွားဖွယ်ရှိသည်။ **(ဆင်ဟွာ)**

## နျူကင်းဝေးသော ကမ္ဘာကြီးဖန်တီးရန် ကုလလက်နက်ဖျက်သိမ်းရေးအစည်းအဝေး ဂျပန်၌ကျင်းပ

**တိုကျို ဩဂုတ် ၂၆**

**ကုလသမဂ္ဂနျူလက်နက်ဖျက်သိမ်းရေး အစည်းအဝေးကို ဂျပန်နိုင်ငံ ဟီရိုရှီးမား၌ ကျင်းပမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် အဏုမြူဗုံးနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိခဲ့သောကြောင့် ၁၉၈၉ ခုနှစ်ကတည်းက ယင်းအစည်းအဝေးများကို နှစ်စဉ်နှစ်တိုင်းအမြဲတမ်းလိုလို လက်ခံကျင်းပလျက်ရှိသည်။**




သုံးရက်ကြာ ကျင်းပမည့် အစည်းအဝေးသို့ ကျွမ်းကျင်ပညာရှင်နှင့် အစိုးရအရာရှိ စုစုပေါင်း ၈၀ ကျော် ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

နျူကလီးယား ကင်းဝေးသော ကမ္ဘာကြီးကို ဖန်တီးရန် သစ်လွင်သော စိတ်ကူးများနှင့် ဆုံးဖြတ်ချက်များ အစည်းအဝေးတွင် ပေါ်ထွက်လာမည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂရုံး လက်နက်ဖျက်သိမ်းရေးဌာန အဆင့်မြင့်အရာရှိ သောမက်စ် မက်စ်ကရမ်က ပြောခဲ့သည်။

ထို့အပြင် နျူကလီးယားလက်နက်တားဆီးရေး စာချုပ်အတွက် နိုင်ငံတကာ ညှိနှိုင်းဆွေးနွေးမှုများ အရှိန်မြှင့် လုပ်ဆောင်ရန်လိုကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **(အင်န်အိတ်ချ်ကေ)**

## ကမ္ဘောဒီးယားနိုင်ငံ မြို့တော် ဖနောင်ပင်၌ မီးလောင်မှုဖြစ်ပွား

**ဖနောင်ပင် ဩဂုတ် ၂၆**

ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင် ချာဘာအမ်ပေါ့ဖ်ခရိုင်ရှိ မြစ်ကမ်းဘေးဆင်းရဲသားရပ်ကွက်တစ်ခု၌ ဩဂုတ် ၂၅ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ပျဉ်ထောင်သွပ်မိုးအိမ် ၃၆ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း ဖနောင်ပင်အမျိုးသားရဲတပ်ဖွဲ့၏ ဝက်ဘ်ဆိုက်တစ်ခုတွင် ရေးသားဖော်ပြထားသည်။

ဖနောင်ပင် မြူနီစီပါယ်မီးသတ်တပ်ဖွဲ့ဝင်များသည် အဆိုပါ မီးလောင်မှုငြိမ်းသတ်ရေးအတွက် မီးသတ်ကား ၂၃ စီးနှင့်အတူ မီးသတ်ရေယာဉ် နှစ်စီးတို့ကိုပါအသုံးပြုပြီး တစ်နာရီကြာ ကြိုးစားခဲ့သည်ဟု ဝက်ဘ်ဆိုက်တွင်ဆက်လက်ဖော်ပြထားသည်။ အဆိုပါမီးလောင်မှု၌ ထိခိုက်ဒဏ်ရာရရှိမှုသတင်း မရရှိသေးပေ။ တာဝန်ရှိသူများသည်မီးလောင်မှုစတင်ဖြစ်ပွားရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေကြသည်။

ယခုမီးလောင်မှုသည် တနင်္လာနေ့ညက မြို့တော်ဖနောင်ပင် ဆင်ဆော့ခ်ခရိုင်ရှိ ရှင်ဟိုက်ဖဲန် အထည်ချုပ်စက်ရုံ၌ ကြီးမားသည့်မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ဒုတိယအကြိမ်မြောက် မီးလောင်ခြင်းဖြစ်ကြောင်း၊ သို့သော် အဆိုပါမီးလောင်မှုတွင်လည်း သေကျေဒဏ်ရာရရှိမှု တစ်စုံတစ်ဦးမျှမရှိကြောင်း သတင်းများအရသိရသည်။ **(ဆင်ဟွာ)**

# သဘာဝဘေးသင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မီဒီယာများသို့သတင်းထုတ်ပြန်ရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးသင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မီဒီယာများသို့ သတင်းထုတ်ပြန်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးမီဒီယာခန်းမ၌ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က တက်ရောက်ရှင်းလင်းပြီး အခမ်းအနားသို့ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများမှ သတင်းထောက်များ တက်ရောက်ကြသည်။




အမြဲတမ်းအတွင်းဝန်က ရှင်းလင်းပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်အချိန်တွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ခဲ့သကဲ့သို့ ထောက်ပံ့ရမည့်ကာလမှာလည်း တတ်စွမ်းသမျှ ထောက်ပံ့ကူညီပေးခဲ့ပါကြောင်း၊ ယခုပြန်လည်ထူထောင်ရေးဆောင်ရွက်ရမည့် အချိန်တွင်လည်း ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ အလိုက်အခြေခံအကျဆုံးဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လမ်း၊ တံတား၊ ရေ မီးစသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးတက်ညီလက်ညီ ဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားသည်။

ထို့နောက်ဦးစီးဌာနများအလိုက် ပျက်စီးဆုံးရှုံးမှုစာရင်းများ၊ ထောက်ပံ့ပေးခဲ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ဩဂုတ် ၂၅ ရက်အထိ ကောက်ယူရရှိခဲ့သည့် စာရင်းများအရ နွား ၅၇၀၁ ကောင်၊ နွားနောက် ၁၃၄ ကောင်၊ ကျွဲ ၃၀၀၅ ကောင်၊ သိုးဆိတ် ၄၃၄၁ ကောင်၊ ဝက် ၆၆၈၄ ကောင်၊ ကြက် ၂၁၈၇၀၆ ကောင်၊ ဘဲ ၃၉၈၃ ကောင်၊ မြင်း ၂၉ ကောင်၊ မွေးမြူရေးခြံ ၃၂၅ ခြံ၊ တိရစ္ဆာန်အစာ ၂၂၄၈၈ ပိဿာ၊ ပျားအုံ ၅၆၆ အုံပျက်စီးဆုံးရှုံးခဲ့ပြီး ခန့်မှန်းတန်ဖိုး စုစုပေါင်းငွေကျပ် ၅၄၁၆ ဒသမ ၂၈၈ သန်းဆုံးရှုံးခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လေးခုရှိ ရုံးအဆောက်အအုံ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများလည်းပျက်စီးဆုံးရှုံးခဲ့ပြီး ခန့်မှန်းတန်ဖိုးစုစုပေါင်း ငွေကျပ် ၂၈ ဒသမ ၃၈ သန်းဆုံးရှုံးခဲ့ပါကြောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အဆိုပါဒေသများရှိ ကျွဲ၊ နွား ၁၁၄၆၆၈ ကောင်၊ နွားနောက် အကောင် ၂၆၀ ကောင်၊ သိုးဆိတ်အကောင် ၁၇၀၊ ဝက် ၁၁၇၆၆ ကောင်၊ ကြက် ၁၄၀၇ ကောင်တို့ကို ကာကွယ်ဆေးထိုးနှံနိုင်ခဲ့ပြီး ကျွဲနွား ၁၂၉၁၆ ကောင်၊ နွားနောက် ၇၆ ကောင်၊ သိုးဆိတ် ၆၉၈ ကောင်၊ ဝက်အကောင် ၇၇၁၀၊ ကြက် ၁၈၆၃ ကောင်နှင့်မြင်း ၁၂ ကောင်ကုသပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် မွေးမြူရေးဌာနအနေဖြင့်ကျပ်သန်း ၂၇ ဒသမ ၉၂၇ တန်ဖိုးရှိ တိရစ္ဆာန်အစာ ၁၁၆ ဒသမ ၂၄တန်၊ ငွေကျပ် ၁၃ ဒသမ ၆၁သန်းတန်ဖိုးရှိ တိရစ္ဆာန်ဆေးဝါးများ စုစုပေါင်းငွေကျပ် ၄၁ ဒသမ ၅၃၇ သန်းခန့်ရေဘေးသင့်တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုကို ပေးပို့လှူဒါန်းပြီးဖြစ်ပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကောက်ယူရရှိသည့် စာရင်းများအရတိုင်းဒေသကြီး/ပြည်နယ်အလိုက်ပျက်စီးဆုံးရှုံးမှုမှာ ပုဂ္ဂလိက ၂၄၃၈၅ ဒသမ ၁၄၆ သန်း၊ ဌာနဆိုင်ရာအနေဖြင့် ၈၉ ဒသမ ၁၃၆ သန်းဖြစ်ပြီး ထောက်ပံ့ပေးအပ်မှုစုစုပေါင်း ၁၀၁ ဒသမ ၁၆၆ သန်းဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ငါးမွေးမြူသူများအတွက် မျိုးငါးများ၊ ငါးသားပေါက်များ၊ ထောက်ပံ့ပေးနိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငါးမွေးရာသီအမီ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက်ဝန်ကြီးဌာနမှ ငွေကျပ်သန်း ၁၅၀နှင့် ညီမျှသည့် မျိုးငါးများ၊ ငါးသားပေါက်များ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ဩဂုတ် ၂၅ ရက်အထိ ကောက်ယူရရှိသည့် အချက်အလက်များအရ တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုရှိမြို့နယ် ၄၅ ခုတွင် ကျေးလက်လမ်း ၆၀၄ မိုင် ၆ ဒသမ ၃ ဖာလုံ၊ တံတား ၈၂၄ စင်းပျက်စီးဆုံးရှုံးခဲ့ပြီး ပြန်လည်ပြုပြင်မွမ်းမံရန် ခန့်မှန်းကုန်ကျငွေ ၂၂၀၆၂ ဒသမ ၃၁၁ သန်း၊ ရေပေးရေးလုပ်ငန်းများအနေဖြင့် ကျေးရွာပေါင်း ၁၀၆၄ ရွာတွင် လုပ်ငန်းပေါင်း ၁၁၈၅၅ ခုရှိပြီး၊ ခန့်မှန်းကုန်ကျငွေကျပ်သန်း ၈၇၂ ဒသမ ၂၄၀၊ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများအတွက် ကျေးရွာ ၈၅ ရွာတွင် ပြန်လည်မွမ်းမံရန်အတွက် ငွေကျပ်သန်း ၁၄၀ ဒသမ ၆၂၀၊ မီးလင်းရေးလုပ်ငန်းအတွက် ကျေးရွာ ၂၃ ရွာတွင်လုပ်ငန်းပေါင်း ၁၀၃ ခု ဆောင်ရွက်ရန် ကျပ်သန်း ၁၈၃ ဒသမ ၅၅၀၊ အိမ်ရာလုပ်ငန်းများအတွက် ကျေးရွာ ၄၅၈ ရွာတွင် ငွေကျပ် ၄၉၂၃ ဒသမ ၇၀၃ သန်းရှိသည့်အတွက် ပြန်လည်ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်နိုင်ရန် စုစုပေါင်း ၂၈၁၈၂ ဒသမ ၄၂၄ သန်း ကုန်ကျမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရေးတင်ပြထားကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအဆင့်ဆင့်မှ တန်ဖိုးငွေကျပ် ၃၁၇ ဒသမ ၉၂၅၅ သန်းနှင့် ညီမျှသည့် စားသောက်ကုန်များ၊ ဆိုလာမီးအိမ်၊ ဓာတ်မီး/ဆိုလာဆလိုက်၊ အဝတ်အထည်စသည့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကလည်း စုစုပေါင်းကျပ်သန်း ၇၆ ဒသမ ၅၃၀၀ တန်ဖိုးရှိ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပြီး ICDF (ထိုင်ဝမ်) က အမေရိကန်ဒေါ်လာ ၃၀၀၀၀ ပေးအပ်လှူဒါန်းလာသည့်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ရေဘေးသင့်ဒေသရှိပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ၊ လမ်း၊ တံတား၊ ကျေးလက်အိမ်ရာ၊ မီးလင်းရေးလိုအပ်ချက်များကို ဦးစီးဌာနရှိ တာဝန်ရှိသူများက အဖွဲ့လိုက် ကွင်းဆင်းစစ်ဆေးပြီးအချက်အလက်များ ကောက်ယူ၍လိုအပ်ချက်များကို ပြုပြင်မွမ်းမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခဲ့သည့် ကျေးရွာများထဲမှ ကျေးရွာပေါင်း ၁၄၈ ရွာသဘာဝဘေးဒဏ်ကိုခံစားခဲ့ရကြောင်း၊ ကျေးရွာအလိုက် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ ဦးဆောင်သည့် စုံစမ်းစိစစ်ရေးအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းပြီး စိစစ်လျက်ရှိပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုပမာဏပေါ်မူတည်ပြီး ဖြေရှင်းမည့် နည်းလမ်း ငါးသွယ်ထားရှိပြီး ၎င်းတို့အနက်မှ အသင့်တော်ဆုံးနည်းလမ်းကို ရွေးချယ်၍ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဦးစီးဌာနများအလိုက် သဘာဝဘေးသင့်တိုင်းဒေသကြီး/ပြည်နယ်များတွင် ပျက်စီးဆုံးရှုံးမှုအနေဖြင့် စုစုပေါင်းငွေကျပ် ၅၈၀၉၅ ဒသမ ၃၉၃ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ဝန်ကြီးဌာနအစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်မှု တန်ဖိုးငွေကျပ် ၄၁၃ ဒသမ ၂၅၅ သန်းခန့်၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၏ ထောက်ပံ့မှုအနေဖြင့် ငွေကျပ် ၂၈၃ ဒသမ ၇၁၆ သန်းနှင့် အမေရိကန်ဒေါ်လာ ၃၁၀၄၀ ဖြစ်သည့်အတွက် စုစုပေါင်းငွေကျပ် ၆၉၆ ဒသမ ၉၇၁ သန်းနှင့် အမေရိကန်ဒေါ်လာ ၃၁၀၄၀ ခန့်ထောက်ပံ့ပေးခဲ့ပါကြောင်း တိရစ္ဆာန်ကာကွယ်ဆေးထိုးနှံပေးခဲ့သည့် တိရစ္ဆာန်ကောင်ရေပေါင်း ၁၂၈၂၇၁ ကောင်ရှိပြီး ကုသမှုပေးခဲ့သည့်တိရစ္ဆာန်ပေါင်း ၂၃၃၈၄ ကောင်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့ကာ တက်ရောက်လာသည့် သတင်းမီဒီယာများက သိရှိလိုသည်များ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

### အဓိကစားဝတ်နေရေးနှင့် စီးပွားရေး

ရခိုင်ပြည်နယ်၏ အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး၊ ငါးပုစွန်မွေးမြူရေး၊ ငါးပုစွန်ဖမ်းဆီးရေးလုပ်ငန်းများဖြစ်သည်။ ရခိုင်ပြည်နယ်၏ လုပ်ငန်း ၇၅ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ သို့ဖြစ်၍ လယ်ယာစိုက်ပျိုးရေးသည် ရခိုင်ပြည်သူများ၏ အဓိကစားဝတ်နေရေးနှင့် စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း ထင်ရှားစွာတွေ့ရမည်ဖြစ်သည်။

ရခိုင်ဒေသတွင် မိုးစပါးကို အဓိကစိုက်ပျိုးသည်။ ဇွန်လမှ ဩဂုတ်လအတွင်း အများဆုံးစိုက်ပျိုးသည်။ ဇွန်လနှောင်းပိုင်းမှ ဩဂုတ်လဆန်းပိုင်းတို့သည် အဓိက ထွန်ယက်စိုက်ပျိုးချိန်ဖြစ်သည်။ စပါးပင်များ ပျိုးဆဲ၊ ပေါက်ဆဲ၊ အချို့ဆိုလျှင် ထွန်ယက်ဆဲဖြစ်သည်။ ဤအချိန်တွင် ရေကြီးခြင်းနှင့် ကိုမန်မုန်တိုင်းဝင်လိုက်ခြင်းသည် ရခိုင်ဒေသစိုက်ပျိုးရေး ယန္တရားကို တုံ့ဆိုင်းသွားစေသည်။ လုံးဝရပ်တန့်သွားသည်ဟုလည်း ဆိုရလောက်ပေသည်။ ဤအခက်အခဲကို မဖြေရှင်းနိုင်ပါက ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးသည် လွယ်မည်မထင်။ တစ်နည်းအားဖြင့် ဆင်းရဲမှုဒုက္ခကို ကြုံတွေ့နိုင်မည်မှာ မုချဧကန်မလွဲပေ။

ရေကြီးမှုဒဏ်ကို မင်းပြား၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်များ သည် အဆိုးရွားဆုံးခံစားခဲ့ရပြီး ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်မြို့နယ်များသည် ဒုတိယအများဆုံးခံရသော မြို့နယ်များဖြစ်သည်။ မောင်တော၊ ဘူးသီးတောင်နှင့် စစ်တွေမြို့နယ်များသည် လေပြင်းတိုက်ခတ်မှုဒဏ်ကို အများဆုံးခံခဲ့ရပြီး ရခိုင်ပြည်နယ်ရှိ အခြားမြို့နယ်များသည်လည်း အနည်းနှင့်အများဆိုသလို သဘာဝဘေးဒဏ်များကို ခံစားခဲ့ရသည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံရှိသဘာဝဘေးဒဏ်ခံရသော ဒေသများနှင့် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်သော ဒေသများတွင် ထိပ်ဆုံးမှပါဝင်သော ဒေသဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃၁ ရက် နေ့စွဲပါ ကြေညာချက်အမှတ် ၁/၂၀၁၅ ဖြင့် ကြေညာသော သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

စိုက်ပျိုးလယ်ယာမြေများ ပျက်စီးရခြင်းမှာလည်း ယခင်နှစ်များကကဲ့သို့ ရေလွှမ်းခံရမှုမျိုးနှင့်မတူ၍ဖြစ်ကြောင်း၊ သဲများ၊ နုန်းများ၊ ရွှံ့များ၊ ကျောက်စရစ်များ၊ ဒိုက်များ ပါဝင်မှုများ၍ဖြစ်ကြောင်း၊ ရက်ရှည်ကြာစွာရေလွှမ်းနေ၍ ဖြစ်ကြောင်း မင်းပြားမြို့နယ်မှ လယ်သမားများ၏ ဆက်သွယ်ပြောကြားချက်များအရ သိရသည်။

“ဒီနှစ်လိုရေကြီးတာ ကျွန်တော့်တစ်သက်မှာ တစ်ခါမှမကြုံဖူးပါဘူး။ ကျွန်တော့် အသက် ၅၀ နီးပါပြီ။ အရင်ကဆို ရေဆိုရင် ရေပဲကြီးတာပါ။ ခုတော့ သဲ၊ နုန်း၊ ရွှံ့တွေပါ ပါလာပါတယ်။ ကျောက်စရစ်တွေတောင် ရေစီးနဲ့ အတူပါလာတာတွေ့ရပါတယ်။ ဒိုက်တွေကလည်း အများကြီးပါပဲ”ဟု လယ်သမားများက ဖုန်းဖြင့် ဆက်သွယ်ပြောကြသည်။

မြောက်ဦးမြို့နယ်တွင်းမှ အချို့လယ်များသည် ရွှံ့များမဟုတ်ဘဲ ကျောက်စရစ်များဖုံးလွှမ်းသွားကြောင်း သိရသည်။ ကျောက်တော်မြို့နယ် တောင်ပိုင်းလယ်ယာမြေများသည် ပျက်စီးမှုအများဆုံးဖြစ်သည်။ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ပေါက်တောမြို့နယ်များတွင် လယ်ယာမြေများ ဆုံးရှုံးသွားသကဲ့သို့ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ များစွာပျက်စီးသွားသည်။

“ကျွန်တော်တို့ရွာမှာ လယ်ဧက သုံးရာလောက်ပျက်စီးသွားပါပြီ။ တချို့က တစ်ဝက်လောက်ပျက်စီးသလို၊ တချို့က လုံးဝပျက်စီးသွားပါတယ်။ မျိုးစပါး အခက်အခဲက ပြဿနာပါပဲ။ မျိုးတွေက အားလုံးစိုက်ပြီးသွားလို့မရှိတော့ပါဘူး။ ခုပျက်စီးသွားတော့ ရွာမှာရှိတဲ့ စပါးတွေနဲ့လည်း စိုက်လို့မရနိုင်ပါဘူး” ဟု ပေါက်တောမြို့နယ် တောင်ချောင်ရွာမှ ဦးမောင်ခင်ညွန့် က ပြောသည်။

မြောက်ဦးမြို့နယ် စက်သားကျေးရွာမှ လယ်သမားဦးဝင်းမောင်က ပြောသည်မှာ “ကျွန်တော့်မှာ လယ် ၁၂ ဧကလောက်ပျက်ပါတယ်။ အစိုးရက တစ်ဧကကို စပါးတစ်တင်းနှုန်းမျိုးစပါးပေးပါတယ်။ စိုက်ပြီးတာ နှစ်ရက်သုံးရက်ပဲရှိပါသေးတယ်။ စပါးကတော့ အခမဲ့ပေးပါတယ်။ သယ်ယူစရိတ်တစ်အိတ်ကို ငွေကျပ်ငါးရာပေးရပါတယ်။ ရဲဖျားအုပ်စုတော့ မျိုးစပါးမရသေးပါဘူး။ စပါးမပေးဘူး။ ငွေပေးမယ်လို့သိရပါတယ်။ ဒီအချိန် မစိုက်ပျိုးနိုင်ရင် စပါးက အောင်မြင်မှာ မဟုတ်တော့ပါဘူး”ဟု သူ၏လက်တွေ့ ဖြစ်စဉ်နှင့် ပတ်ဝန်းကျင်မှ ဖြစ်ရပ်များကို ပြောသည်။

ထုတ်ပြန်ချက်တစ်ရပ်အရ ရခိုင်ပြည်နယ်တွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း သဘာဝဘေးကြောင့် ပျက်စီးသွားသော လယ်မြေဧက ၂၁၇၂၄၆ ဧကရှိပြီး ၁၈၆၁၆၆ ဧက ပြန်လည်စိုက်ပျိုးပြီးဖြစ်သော်လည်း ဒေသသတင်းအရ ပျက်စီးဧကသည် ယင်းထက်များပြီး ပြန်လည်စိုက်ပျိုးမှုများလည်း နည်းနေကြောင်း သိရသည်။ မြို့နှင့် အလှမ်းကွာဝေးသော ဒေသများနှင့် အစိုးရထံသို့ စာရင်းမတင်ပြနိုင်သော လယ်ယာမြေများရှိကြောင်းလည်း သိရသည်။

### ဩဂုတ်လအတွင်း မစိုက်ပျိုးနိုင်ပါက မအောင်မြင်နိုင်

ဩဂုတ်လသည် ရခိုင်ဒေသအတွက် နောက်ဆုံးစိုက်ပျိုးနိုင်သော လဖြစ်၍ ဤလအတွင်း ပျက်စီးလယ်ယာမြေများ မစိုက်ပျိုးနိုင်ပါက စိုက်ပျိုးမှု မအောင်မြင်နိုင်ကြောင်း လယ်သမားများ၏ ပြောစကားရ သိရသည်။ ဤလတွင် မျိုးစပါး ရနိုင်လျှင်လည်း ကြဲပက်စနစ်ဖြင့်သာစိုက်၍ရနိုင်ကြောင်း၊ အချိန်နှောင်းသွားပြီဖြစ်၍ ထွက်နှုန်း နှစ်ဆခန့် လျော့သွားနိုင်ကြောင်း သိရသည်။

“ကျွန်တော်တို့က လက်တွေ့စိုက်ပျိုးနေတာပါ။ ဩဂုတ်လဟာ နောက်ဆုံးလပါပဲ။ ဒါတောင် ကောက်စိုက်ဖို့ ပျိုးလို့မမီတော့ပါဘူး။ ကြဲပက်ပြီး စိုက်ရမှာပါ။ စပါးတွေအောင်မြင်သည်ထားတော့ နောက်ပိုင်းရာသီဥတုကိုလည်း စဉ်းစားရပါသေးတယ်။ ဒီနှစ်တော့ ပျက်သွားတဲ့လယ်တွေပြန်စိုက်နိုင်ရင်တောင် ထွက်နှုန်းက ထက်ဝက်လောက်လျော့သွားမှာပါ” ဟု ပုဏ္ဏားကျွန်းမြို့နယ်မှ လယ်သမားတစ်ဦးက ရခိုင်ဒေသ၏ စိုက်ပျိုးမှုသဘာဝကို ပြောပြသည်။

အစိုးရ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ စသည်ဖြင့် ရခိုင်ဒေသ သဘာဝဘေးကို အစွမ်းကုန်တုံ့ပြန်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသော်လည်း ရခိုင်ဒေသမှ လယ်ယာမြေများ ရာနှုန်းပြည့် ပြန်လည်စိုက်ပျိုးမှုများတွင်မူ အခက်အခဲရှိနေဆဲဖြစ်ပါကြောင်းသိရသည်။

## ယာဉ်နှင့်ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း ဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၂၆** - ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ရာ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာထားသည်။ ကချင်ပြည်နယ်တွင် ပူတာအိုနှင့် ဟိုပင်၊ ကယားပြည်နယ်တွင် ရှားတော၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မြင်းမူနှင့် ကျွန်းလှ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပုလော၊ ပဲခူးတိုင်းဒေသကြီးတွင် သဲကုန်း၊ မကွေးတိုင်းဒေသကြီးတွင် ချောက်၊ ဂန့်ဂေါ၊ မင်းတပ်၊ မတူပီ၊ ပွင့်ဖြူနှင့် အောင်လံ၊ မန္တလေးတိုင်းဒေသကြီးတွင် မိုးကုတ်၊ ညောင်ဦး၊ ကျောက်ပန်းတောင်းနှင့် ပျော်ဘွယ်၊ မွန်ပြည်နယ်တွင် မုဒုံ၊ ရခိုင်ပြည်နယ်တွင် ဘူးသီးတောင်နှင့် မောင်တော၊ ရန်ကုန်တိုင်းဒေသကြီးတွင် မှော်ဘီနှင့် ဒလ၊ ရှမ်းပြည်နယ်တွင် ဟိုပုံး၊ ရွာငံ၊ ကွန်ဟိန်း၊ ကွမ်းလုံနှင့် ဟိုပန်၊ ဧရာဝတီတိုင်းဒေသကြီးတွင် မြောင်းမြ၊ ဓနုဖြူနှင့် အင်္ဂပူမြို့တို့၌ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ်အား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် လွှတ်တော်ကအတည်ပြု

**နေပြည်တော် သြဂုတ် ၂၆**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၁ ရက် မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **မော်တော်ယာဉ်ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် **ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူးက လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော **လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲ အခြေပြု စာချုပ်အား** မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ဦးခိုင်မောင်ရည်၊ ဒေါက်တာ မေဝင်းမြင့်တို့က ထောက်ခံဆွေးနွေးခဲ့ကြသည်။



ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ပြန်လည်ရှင်းလင်းစဉ်။

ယင်းကိစ္စစပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်ကနောက်ဆက်တွဲအခြေပြုစာချုပ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူများ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲ အခြေပြုစာချုပ်တွင် နိုင်ငံပေါင်း ၁၅၉ နိုင်ငံရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနက် ၈ နိုင်ငံမှာ အတည်ပြုပါဝင်ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ပါဝင်လက်မှတ် ရေးထိုးခြင်းဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးကို တိုးမြှင့်ကာကွယ်စောင့်ရှောက်ရန် ခိုင်မာစွာပြသရာရောက်မည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂလုံခြုံရေး ကောင်စီတို့နှစ်စဉ် တင်သွင်းလျက်ရှိသည့် ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းမှ မြန်မာနိုင်ငံအား ပယ်ဖျက်ပေးရန်ကြိုးပမ်းရာတွင် အထောက်အကူဖြစ်နိုင်မည်** ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းခဲ့ပြီး လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့ရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွက် အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာရန်ပုံငွေနှင့် ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ထံမှ အမေရိကန်ဒေါ်လာသန်း ၂၆၀ နှင့် ယူရိုသန်း ၄၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။



လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ထောက်ခံဆွေးနွေးစဉ်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမန်းကံညွန့်က ယခုချေးငွေ ဖြင့် ဆောင်ရွက်မည့် အိန္ဒို-ကော့ကရိတ်လမ်းကို အဆင့်မြှင့်တင်ပြီးစီးပါက ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရုံသာမက အာရှလမ်းမကြီး ပေါ်ထွန်းလာမည်ဖြစ်ပြီး မဟာမဲခေါင်ဒေသလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းမှာ ကရင်ပြည်နယ်အတွက် အလွန်အဖိုးတန်သည့် လမ်းဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက မလွတ်ကင်းသည့် ခြံမြေများအတွက် လျော်ကြေးငွေများကို တရားနည်းလမ်းကျ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လမ်းမကြီးဖြစ်မြောက်ရေးအတွက် ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက အိန္ဒို-ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အတွက် ကြိုဆိုထောက်ခံကြောင်း၊ အဆိုပါ လမ်းမကြီး အဆင့်မြှင့်တင်ပြီးစီးပါက အိမ်နီးချင်းထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာမည်ဖြစ်ပြီး ဒေသခံပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ လမ်းတစ်လျှောက်တွင်လည်း ဖွံ့ဖြိုးတိုးတက်မှုများဖြင့် စည်ကားလာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာခင်ရွှေက အာဆီယံနိုင်ငံများတွင် အာရှလမ်းမကြီး စတင်နေပြီဖြစ်ပါကြောင်း၊ မြဝတီ-ကော့ကရိတ် လမ်းပိုင်းမှာလည်း မကြာမီဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း၊ လမ်းပိုင်းအဆင့်မြှင့်တင်ပြီးပါက အချိန်တိုအတွင်း ခရီးရောက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆိပ်ကမ်းများပေါ်ထွက်လာမှုနှင့်အတူ လမ်းများအဆင့်မြှင့်တင်လိုက်ပါက မြန်မာနိုင်ငံအတွက် အကျိုးများစွာရှိမည်ဖြစ်ပါကြောင်း၊ လမ်းပိုင်းကောင်းမွန်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး သယံဇာတများလည်း တူးဖော်ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် အဆိုပါလမ်းပိုင်းမြှင့်တင်ခြင်းကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဦးအောင်သန်းဦးနှင့် ဒေါက်တာလင်းအောင်တို့က ချေးငွေများရယူပြီး လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး အဆုံးအဖြတ်ရယူရာ လွှတ်တော်က ယင်းချေးငွေ ချေးယူရန် ကိစ္စများကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုများအား ကျေးလက်နေပြည်သူများအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် သြဂုတ် ၂၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၈၈ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောက်ကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **"အာဆင်းနစ် ကင်းလွတ်သောက်သုံးရေတွင် (တွင်းနက်)များအား အာဆင်းနစ်ကင်းလွတ်သော သောက်သုံးရေများရရှိစေရန် မည်သို့သော အစီအမံဖြင့် တူးဖော်ဆောင်ရွက်ပေးသည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်အရ အာဆင်းနစ်ဓာတ်ပါဝင်မှုအနည်းဆုံးသတ်မှတ်ပမာဏ (၅၀ppb) အထက်ရှိသော ကျေးရွာပေါင်း ၂၀၁ ရွာကို ဦးစားပေးအဆင့်အလိုက် အာဆင်းနစ်ကင်းစင်၍ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ် အထူးသီးသန့်ရန်ပုံငွေကျပ် သန်း ၂၂၀ဖြင့် ကျေးရွာ ၁၇ ရွာတွင်တွင်းနက် ၂၂ တွင်း၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေ ကျပ်သန်း ၈၀ ဖြင့် ကျေးရွာခုနှစ်ရွာတွင် တွင်းနက် ရှစ်တွင်း၊ ဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၆၉၀ ဖြင့် ကျေးရွာ ၆၅ ရွာတွင် တွင်းနက် ၆၉ တွင်း တူးဖော်ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေကျပ် ၁၂၂၂ သန်းဖြင့် ကျေးရွာ ၁၁၅ ရွာတွင် တွင်းနက် ၁၂၃ တွင်းကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း။

အနက်ပေ ၅၀ မှ ပေ ၂၀၀ ခန့်အတွင်း တူးဖော်ထားသော တိုကင်တွင်းများ၊ စက်ရေတွင်းများတွင် အာဆင်းနစ်ဓာတ်များပြားကြောင်း လေ့လာတွေ့ရှိရ၍ ကျောင်းကုန်းမြို့နယ်အတွင်း တူးဖော်ခဲ့ပြီးသော စက်ရေတွင်းအထောက်အထားများအရ အနည်းဆုံး မြေအောက် ပေ ၄၀၀၊ ပေ ၆၀၀ အတွင်း တူးဖော်လျှင် သံဓာတ်နှင့် အာဆင်းနစ် ကင်းလွတ်သော ရေချိုရရှိသည်ကို တွေ့ရှိရပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အရည်အသွေး၊ စံချိန်စံညွှန်းများကို လုပ်ငန်းဆောင်ရွက်နေစဉ်နှင့် လုပ်ငန်းပြီးစီးချိန်တို့၌ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဆင့်ဆင့်တို့မှ စစ်ဆေးရေးအဖွဲ့များဖြင့် မြေပြင်ကွင်းဆင်း တိုင်းတာစစ်ဆေးစေခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်နှင့် ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီများမှ လုပ်ငန်းအရည်အသွေး ပြည့်မီရေးနှင့် လုပ်ငန်းပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးခြင်းများ



ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး ဖြေကြားစဉ်။

ဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများသို့ ညွှန်ကြားပြီး လိုအပ်ချက်များကို ပြုပြင်စေပါကြောင်း။

ကျောင်းကုန်းမြို့နယ်အတွင်း အာဆင်းနစ်ကင်းစင်သော သောက်သုံးရေရရှိရေးအတွက် တူးဖော်သည့် စက်ရေတွင်းများ၏ အာဆင်းနစ်ပါဝင်မှုအပေါ် မူတည်၍ အနက်ပေ ၄၀၀ နှင့် ပေ ၆၀၀ ရှိ တွင်းနက်များ တူးဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အနက်ပေ ၄၀၀ရှိ တွင်းနက်တစ်တွင်းလျှင် ငွေကျပ်ရှစ်သန်း၊ အနက်ပေ ၆၀၀ ရှိ တွင်းနက်တစ်တွင်းလျှင် ငွေကျပ် ၁၀ သန်းဖြင့် ရန်ပုံငွေခွင့်ပြုခဲ့ပါကြောင်း၊ ဦးစီးဌာနအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ထင်သာမြင်သာမှုရှိစေရန် လုပ်ငန်းတစ်ခုချင်းစီ၏ ကုန်ကျငွေများကိုလည်းကောင်း၊ လုပ်ငန်းအသေးစိတ်စာရင်းများကိုလည်းကောင်း နေ့စဉ်ထုတ်သတင်းစာများ၌ ဖော်ပြပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မရမ်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၏ **"မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်ရှစ်ချက်အနက် ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးမှုလျှော့ချရေးတို့နှင့်စပ်လျဉ်း၍ မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယ ကင်းဝေးရေးဆိုသည့် ရည်မှန်းချက်နှစ်ရပ် ချမှတ်လျက်ကျား၊ မ မရွေး၊ အသက်အရွယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ နေရာဒေသမရွေး လူတိုင်းကို ကျန်းမာရေးစောင့်ရှောက်မှုများပေး လျက်ရှိပါကြောင်း။

အထူးသဖြင့် ထိခိုက်လွယ်ဆုံး အသက်အုပ်စုများဖြစ်သည့် ငါးနှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်တွင် ချမှတ်ခဲ့သော ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက်များအနက် ကလေး၊ မိခင်များနှင့် သက်ဆိုင်သော ရည်မှန်းချက် အမှတ် (၄)နှင့်



မရမ်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် မေးမြန်းစဉ်။

(၅)တို့ ပြည့်မီစေရေးအတွက် မိခင်၊ မွေးကင်းစ၊ အသက်တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေး ကျန်းမာရေးလုပ်ငန်းများအား ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်၍ မိခင်နှင့် ကလေးသေဆုံးမှုနှုန်းကို မည်မျှလျော့ကျအောင် ဆောင်ရွက်မည်ဆိုသည့် လျာထားချက်များ သတ်မှတ်၍ ပိုမိုအလေးထားဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၀-၂၀၁၁ခုနှစ်တွင် အစိုးရအသုံးစရိတ်၏ ၁ ဒသမ ၀၃ ရာခိုင်နှုန်းကို ကျန်းမာရေးအသုံးစရိတ်အဖြစ် သုံးစွဲရာမှ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၅ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၈၂ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၁၅ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၃ ဒသမ ၃၈ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ကျန်းမာရေး ဆေးခန်းများဆောက်လုပ်ခြင်းအတွက် ငွေလုံးငွေရင်းအသုံးစရိတ်၏ ၉၄ ရာခိုင်နှုန်းနှင့် ကုသရေးဆေးဝါးများအတွက် သာမန်အသုံးစရိတ်၏ ၃၃ ရာခိုင်နှုန်းကို အသုံးပြုခဲ့ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုများအား ကျေးလက်နေပြည်သူများအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဘတ်ဂျက်သည် ၎င်းတို့အတွက်သာဖြစ်ပြီး နောင်တွင်လည်း ဆက်လက်တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော **"သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် **"ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်း"**တို့အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုပြီး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင်မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် နိုင်ငံတော်အစိုးရက လမ်းတံတားနှင့် လျှပ်စစ်ကဏ္ဍများ ပြန်လည်ပြုပြင်မှု ဆောင်ရွက်ချက်များ



၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (MP-96) တာဝါတိုင်အသစ် ပြန်လည်စိုက်ထူခြင်းလုပ်ငန်းနှင့် ချိတ်ဆက်ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးစဉ်။



အရေးပေါ်လျှပ်စစ်ဓာတ်အားပေးမည့် မီးစက်များ ကလေးမြို့သို့ ရောက်ရှိစဉ်။



၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (MP-61) တာဝါတိုင်အသစ် ပြန်လည်စိုက်ထူခြင်းလုပ်ငန်းနှင့် ချိတ်ဆက်ကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးစဉ်။



ကလေးမြို့တွင် လျှပ်စစ်ဓာတ်အားပေးမည့် ထရန်စဖော်မာများကို သန့်ရှင်းရေးပြုလုပ်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါ-ကလေးလမ်းပေါ်ရှိ ကမ္ဘားနီတံတား (180') double single bailey ပြုပြင်နေစဉ်။

ရှမ်းပြည်နယ် သီပေါမြို့နယ်အတွင်းရှိ ပြုပြင်ပြီးစီးသော နမ့်ပေါ့တံတားပေါ်မှ အများပြည်သူဖြတ်သန်းသွားလာနေစဉ်။

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၆ - ၈ - ၂၀၁၅)

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၆ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၁၉၂၆၆ စုမှ လူဦးရေ ၁၆၂၉၂၅၄ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၀ သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၃၃၁၁၇၂၉၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၆၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၈၅၈၃၄၆၇၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

(သတင်းစဉ်)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၂၆ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၆ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၃ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၁၈၀၀၀၀၀ | ၁၃၃၇၇၄၄၅၀ | |
| ၂ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၆၉၇ | ၄၀၁၀ | ၂၀၂၈၄ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၇၀ | |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | ၄၄ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၃၆၈ | ၁၂၁၃၉၂ | ၅၀၄၂၀၈ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၁၆၈၃၀ | ၃၉၉၈၈၅ | ၁၆၁၄၃၄၃ | ၁၁၄ | ၁၀၂၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၁၈၀၈၉၀၀၀၀ | ၃၁၇၄၁၁၇၁၀ | ၉၉၀၀၀၀၀ | ၆၂၁၇၈၈၉၆၀ | |
| | ဇွန်၊ဇူလိုင်၊ဩဂုတ်လ စုစုပေါင်း | ၁၇၂၃၅ | ၄၀၂၀၃၁ | ၁၆၂၉၂၅၄ | ၁၂၀ | ၁၀၅၆၈၃၁၅၀ | ၁၅၂၄၄၂၃၀ | ၂၂၁၁၉၀၀၀၀ | ၃၃၃၁၁၇၂၉၀ | ၁၀၆၀၀၀၀၀ | ၆၈၅၈၃၄၆၇၀ | |

## ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် သွားရောက်လှူဒါန်းမည်

**ရန်ကုန် ဩဂုတ် ၂၆**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၇၀ ရပ်ကွက် မင်းရဲကျော်စွာလမ်း စနေဆွမ်းလောင်း အသင်းနှင့် ရပ်ကွက်များအတွင်းမှ အလှူခံရရှိသော လှူဒါန်းငွေများဖြင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်ကြား ပိုက်တန်းရွာ၊ ကျွန်းဖျားရွာ၊ ငွေရတနာကျွန်းရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၁၆ ရက် ပထမအကြိမ် လှူဒါန်းမှုအနေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပန်းဘုန်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တသောမ ဦးဆောင်၍ ဆရာဝန်များ၊ တိုင်းရင်းသမားတော်ကြီးများပါဝင်ကာ ဩဂုတ် ၁၆ ရက်က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သုံးအိမ်တန်းရွာ၊ သုံးအိမ်တန်းရွာ (၁)၊ ကန်ဇင်းတောရွာနှင့် ဘုရားကြီးကုန်းရွာအပါအဝင် အိမ်ထောင်စု ၅၂၀ အား ဆန်နှင့် စားသောက်ကုန်များကို လှူဒါန်းပြီး ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ယခု ဒုတိယအကြိမ်အဖြစ် ဩဂုတ် ၃၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်ကြား ပိုက်တန်းရွာ၊ ကျွန်းဖျားရွာ၊ ငွေရတနာကျွန်းရွာများရှိ အိမ်ထောင်စု ၃၀၀ ပါဝင်သော ရေဘေးသင့်ပြည်သူများအတွက် ရေသန့်နှင့် ဆန်ကို အဓိကထားပြီး ကျန်စားသောက်ကုန်များကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဝင်းမော်

## ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများ ပြုပြင်ထားမှုအား မီဒီယာရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ဇူလိုင်လ နှင့်ဩဂုတ်လအတွင်း မိုးဒဏ်နှင့် ရေဘေးအန္တရာယ်ကြောင့် ဆက်သွယ်မှုပြတ်တောက်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ စတုတ္ထအကြိမ် သတင်းထုတ်ပြန်ခြင်း အခမ်းအနားကို ဆောက်လုပ်ရေးဝန်ကြီးဌာန နေပြည်တော်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်း၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်စိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများတက်ရောက်၍ သတင်းထုတ်ပြန်ရှင်းလင်းခြင်းနှင့် သတင်းမီဒီယာများ၏သိရှိလိုသော မေးမြန်းချက်တို့ကို ဖြေကြားသည်။ ယင်းအခမ်းအနားသို့ ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာသမား ၂၀ တက်ရောက်သည်။

(သတင်းစဉ်)

## ရေဘေးသင့်ပြည်သူများအား လှူဒါန်း

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၆**

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာအုပ်စုမှ ဒေသခံပြည်သူများက ကျောင်းကုန်းမြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများအား ဆန်၊ စားသောက်ကုန်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့က ကျင်းပခဲ့သည်။

ကြက်လျှာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်၊ လှူဒါန်းရေးအဖွဲ့ခေါင်းဆောင် ဦးမြင့်ငွေနှင့် အဖွဲ့ဝင်များက ကြက်လျှာကျေးရွာအုပ်စုအတွင်းမှ ဒေသခံပြည်သူများ လှူဒါန်းထားသော ဆန်၊ စားသောက်ကုန်နှင့် အလှူငွေများကို ဩဂုတ် ၂၄ ရက်က ကျောင်းကုန်းမြို့နယ် ရေဘေးသင့်ပြည်သူများအားလည်းကောင်း၊ ဩဂုတ် ၂၅ ရက်က ကန်ကြီးထောင့်မြို့နယ် ရေဘေးသင့်ပြည်သူများအားလည်းကောင်း သွားရောက်ပေးပို့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်း၌ ကျဆင်း

**နေပြည်တော် ဩဂုတ် ၂၆**

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိရန် တစ်ပေခန့်အထိ မြင့်တက်ခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်သို့ ပြန်လည်ကျဆင်းသွားပြီဖြစ်သည်။

(မိုး/ဇလ)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၆**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဩဂုတ် ၂၆ ရက်တွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မြန်မာ့အလင်း)

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၂၆ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၀၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၇၉၇ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၉၉၇၁ | ၁၈၆၈၇၅ | ၁၅၂၅၉၅ | ၁၂၁၃၄၉ | ၄၄၇၅၀ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၃၈၇၅၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၈၀၅၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၀၀၉၁၇ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၉၂၅၇၁ | ၇၆၇၈၇ | ၃၉၄၈၆ | ၅၁၄၄ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၃ | ၂၆၅၃ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၁၆၃၅၇ | ၂၄၂၂၄၆ | ၁၉၇၀၈၈ | ၉၁၁၃ |
| | စုစုပေါင်း | ၁၄၄၅၈၉၃ | ၁၃၂၄၅၉၅ | ၁၀၉၉၄၈၂ | ၈၁၂၄၂၉ | ၃၁၃၂၉၇ |

# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များထံမှ အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ခေါက်ဆွဲခြောက်ဘူး ၁၅၃၀၊ ငါးသေတ္တာဘူး ၁၆၀ ၊ ဘီစကစ် ၈၇ ထုပ်၊ ဓာတ်ဆားထုပ် ၁၅၀ ၊ အဝတ်အထည် ခြောက်ထုပ်၊ ဆန်တစ်အိတ်၊ ရေသန့် ၃၉၆ ဘူး၊ သွားတိုက်ဆေးသုံးဘူးနှင့် ကော်ဖီမစ်ထုပ် ၂၅၀၊ အလှူပစ္စည်းရရှိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၃၅၀ နှင့် မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ်တွင် လက်ခံရရှိသော အလှူပစ္စည်းစာရင်းများမှာ ဆန်အိတ် ၂၀၀ ၊ ခေါက်ဆွဲခြောက် ၁၉ ဖာ၊ အဝတ်အထည် သုံးအိတ်၊ စားစရာ (စက္ကူဖာ) နှစ်ဖာ၊ ဆေးပုံး (ဓာတ်ဆား) တစ်ဖာ၊ ဆေးပုံး (သောက်ဆေး) ခြောက်ဖာ၊ ရေသန့်ကတ် ၄၉၅ ကတ်နှင့် အဝတ်အစား ၈၈ အိတ်တို့ကို လက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် မြစ်ကြီးနားမြို့ ယူနန်တရုတ်အမျိုးသားများအဖွဲ့က ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**မြစ်ကြီးနား ဩဂုတ် ၂၆**




ကချင်ပြည်နယ်အတွင်း ရေဘေးသင့် ပြည်သူများအတွက် မြစ်ကြီးနားမြို့ ယူနန် တရုတ်အမျိုးသားများအဖွဲ့က ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက မိုးညှင်းခရိုင်အတွင်း ရေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့နိုင်ခဲ့ပါကြောင်း၊ ကူညီထောက်ပံ့ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ယခုကဲ့သို့ မြို့ခံတရုတ်အမျိုးသားများအဖွဲ့က မိမိတို့၏ ရေဘေးသင့်ပြည်သူများကို လူမျိုး၊ ဘာသာမခွဲခြားဘဲ လာရောက်ထောက်ပံ့ လှူဒါန်းသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူရပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် မြစ်ကြီးနားမြို့ ယူနန်တရုတ်အမျိုးသားများအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်က ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင် ဦးဇော်မင်းက ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၂၃၃ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူသည်။

ကချင်ပြည်နယ်၌ ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မိုးညှင်းခရိုင်၌ ရေလွှမ်းမှုဖြစ်ပွားကာ လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့ရာ ယခုအခါ ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများဖြန့်ဝေခြင်း လုပ်ငန်းများနှင့် လယ်ယာမြေများကို လယ်ယာသုံးထွန်စက်များဖြင့် ပြန်လည်ထွန်ယက်စိုက်ပျိုးပေးခြင်းလုပ်ငန်းများအပြင် ရေတားတမံများ ပြန်လည်တည်ဆောက် ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# တိရစ္ဆာန်အစာများ ပေးအပ်လှူဒါန်း

**အင်္ဂပူ ဩဂုတ် ၂၆**

ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းမှ အင်္ဂပူမြို့နယ်အတွင်း ရေဝင်နစ်မြုပ်ကျေးရွာများရှိ တိရစ္ဆာန်များအတွက် အစားအစာလှူဒါန်းခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံရှေ့၌ ကျင်းပရာ ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ကျေးရွာကိုယ်စားလှယ်များက လက်ခံရယူခဲ့သည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် ရေဝင်နစ်မြုပ်ကျေးရွာ ၁၅ ရွာရှိ တိရစ္ဆာန်များအတွက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းနှင့် အပြည်ပြည်ဆိုင်ရာ အကောင်းဆုံးထုတ်လုပ်မှု ကုမ္ပဏီ(I.B.M)တို့က ကျေးရွာတစ်ရွာလျှင် ပိဿာ ၂၀ ပါ ၂၈ အိတ်နှုန်းဖြင့် အိတ်ပေါင်း ၄၂၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၅ သိန်းရှိ တိရစ္ဆာန်အစားအစာများ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**မန်းကျော်(အင်္ဂပူ)**

# ရေဘေးသင့်အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းသားများအား ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်ပညာရေးတက္ကသိုလ် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အတွင်းရှိ ရေဘေးသင့်အခြေခံပညာကျောင်းများနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ရေဘေးသင့်ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာ၊ ထောက်ပံ့ပစ္စည်းများနှင့် ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ၌ ကျင်းပသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ ဒေါ်အေးအေးမြင့်က ရေဘေးသင့်အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းသားများ ပြန်လည်ထူထောင်ရေးနှင့် ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် လှူဒါန်းရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တာဝန်ခံပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ရေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာ၊ ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ကြေးများပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီနှင့် ဌာနမှူး (သင်တန်းရေးရာ) ဦးစန်းထွန်းတို့က လက်ခံရယူသည်။

ယနေ့လှူဒါန်းမှုအနေဖြင့် အလှူငွေနှင့် ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၇၁၆၀၈၅၀ ဖြစ်ပြီး ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်းလှူဒါန်းခဲ့မှုမှာ ငွေကျပ် ၈၇၅၀၉၉၅ နှင့် အဝတ်အစား ပီနံအိတ် ၈၃ အိတ်နှင့် အစားအသောက်မျိုးစုံ ပီနံအိတ် ၂၄ အိတ်တို့ဖြစ်သည်။

**(ပညာရေး)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂၆**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းနှင့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေသုံးခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သည့် စားစရာ၊ အဝတ်အထည်မျိုးစုံ၊ နှလုံးစမ်းသပ်စက်၊ ဆန်နှင့် အသက်ကယ်အင်္ကျီများ ပေးပို့ခဲ့ကြောင်း သိရသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန**

# မုံရွာမြို့နယ်အတွင်း ရေဝင်ရောက်သည့်ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မုံရွာ ဩဂုတ် ၂၆**

မုံရွာမြို့နယ် ကော်လပြကျေးရွာအုပ်စုအတွင်း ရေဝင်ရောက်သည့် ကျေးရွာများသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသောင်းညွှန့်၊ တိုက်နယ်မှူး လ/ထ လဝကမှူး ဒေါ်စောကလျာညွှန့်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၀ ရက်မှ ၂၅ ရက်အထိ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးသောင်းညွှန့်က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် အသိပညာပေးဟောပြောခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ပေါက်တောမြို့နယ် ရေဘေးသင့်ပြည်သူများအား SPA Group အဖွဲ့မှ ထောက်ပံ့ပစ္စည်းများပေးအပ်

**ပေါက်တော ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် စစ်တွေခရိုင်ပေါက်တောမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား SPA Group မှ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် SPA Group (FLOOD RELIEF COMMITTEE)မှ ဒေါက်တာရဲမိုးမြင့်က လှူဒါန်းရခြင်းအကြောင်းရှင်းလင်းပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌတို့က လက်ခံရယူပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကာ SPA Group မှ ရေသန့်ပြုလုပ်နည်းများကို လက်တွေ့သရုပ်ပြခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

# ထောက်ပံ့လှူဒါန်းသည့်ပစ္စည်းများ ကျေးရွာအရောက်ပို့ဆောင်ပေး

**ကျောင်းကုန်း ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ရေဘေးကယ်ဆယ်ရေးကြီးကြပ်မှုကော်မတီမှ ဩဂုတ် ၂၅ ရက်နံနက် ၉ နာရီခွဲက ပရဟိတလူငယ်များသည် မကျီးပင်ကွင်းကျေးရွာ အိမ်ထောင်စု ၁၅၈ စု လူဦးရေ ၅၄၂ ဦး၊ ငွေးကုန်းကျေးရွာ အိမ်ထောင်စု ၆၄ စုလူဦးရေ ၂၅၇ ဦး၊ ဘုရားငူကျေးရွာအိမ်ထောင်စု ၅၃ စုမှ လူဦးရေ ၁၆၀ တို့အတွက် ရန်ကုန်တောင်ပိုင်းခရိုင် (သံလျင်)ရတနာရှင်းသန့် ကုမ္ပဏီမှ လှူဒါန်းသော ဆန်၊ ငါးခြောက်ကြော်ထုပ်၊ ပုစွန်ခြောက်ကြော်ထုပ်၊ ဓာတ်ဆားနှင့် အဝတ်အထည်များကိုသွားရောက်၍ လှူဒါန်းခဲ့သည်။ ဒါးကမြစ်ရေလျှံတက်မှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သော စာသင်ကျောင်းပေါင်း ၂၁ ကျောင်းအနက်မှ ကျောင်းများ ယမန်နေ့က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ ပိတ်ရက်များအတွက် သင်ခန်းစာများကို ပြန်လည်အစားထိုးသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



**လက်ပံတန်းမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ် ပျက်စီးခဲ့သော ကျေးရွာအုပ်စု ၂၅ အုပ်စုမှလယ်မြေ ၁၈၅၃၈ ဧကကို ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ဩဂုတ် ၂၅ ရက်က ညောင်ဝိုင်း၊ အုတ်တွင်းနှင့် ပျဉ်ထောင်တွင်းကျေးရွာအုပ်စုများမှ တောင်သူများကို သားတက်ခွဲစိုက်ပျိုးနည်း၊ အရန်ပျိုးနှင့်စိုက်ခြင်း၊ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းတို့ကို စိုက်ပျိုးရေးကွင်း ဝန်ထမ်းများက ကွင်းဆင်းကူညီဆောင်ရွက်ပေးစဉ်။**
(မြို့နယ် ပြန်/ဆက်)

# “အာမခံထားခြင်းက မိမိထိခိုက်ခဲ့ရင် ကုစားပေးရုံသာမကဘဲ နိုင်ငံ့စီးပွားရေးမထိခိုက်အောင်လည်း အကာအကွယ်ပေးတဲ့သဘောပါပဲ”

## ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် တွေ့ဆုံမေးမြန်းခြင်း

တွေ့ဆုံမေးမြန်း - မိုးသူဇာစိုး
ဓာတ်ပုံ - ရွှေကိုကိုလေး

အာမခံထားရှိခြင်းသည် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည့် လုပ်ငန်းဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် လူသားတို့ခံစားခဲ့ရသည့် ဆုံးရှုံးမှုများကို ကုစားပေးနိုင်ရန် အာမခံလုပ်ငန်း ပေါ်ပေါက်လာခြင်းလည်းဖြစ်သည်။ ပျက်စီးဆုံးရှုံးမှုများကို ငွေကြေးတန်ဖိုးသတ်မှတ်ပြီး ယင်းငွေကြေးကို အာမခံလုပ်ငန်းက လျော်ကြေးအဖြစ် ပြန်လည်ပေးအပ်ခြင်းဖြစ်ရာ အာမခံလုပ်ငန်းသည် ဆုံးရှုံးမှုကို ပြန်လည်ကုစားခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မကြာသေးမီကာလက သဘာဝဘေး အန္တရာယ်တစ်ခုဖြစ်သည့် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်အဖြစ်များခြင်းနှင့် အာမခံထားရှိခြင်းတို့ အရေးပါပုံကို ဆက်စပ်သိရှိနိုင်ရန် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်ဖြစ်သည့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မေး။ ။ ဒီဘက်နှစ်တွေမှာ သဘာဝဘေးဖြစ်စဉ်နဲ့ ဆုံးရှုံးမှုတန်ဖိုးတွေ များပြားလာတာကိုလည်း တွေ့ရပါတယ်။ ဒီလိုဖြစ်စဉ်တွေရဲ့ အခြေခံအကြောင်းရင်းကို သိပါရစေရှင့်။**

ဖြေ။ ။ အဓိကအကြောင်းရင်း သုံးခုရှိပါတယ်။ ရာသီဥတုပြောင်းလဲမှု၊ လူဦးရေသိပ်သည်းလာမှုနဲ့ လူနေသိပ်သည်းမှုကြောင့် မြို့ပြချဲ့ထွင် တည်ဆောက်လာမှုကြောင့်ပါ။ ရာသီဥတုပြောင်းလာစေတဲ့ အချက်တွေကတော့ အများကြီးရှိပါတယ်။ လူနေသိပ်သည်းမှုကလည်း အမေရိကန်ပြည်ထောင်စုက ဖလော်ရီဒါပြည်နယ်မှာပဲ လွန်ခဲ့တဲ့ ၁၀ စုနှစ်အတွင်းမှာ လူဦးရေ ၂၀ ရာခိုင်နှုန်း တိုးလာပြီး တစ်နိုင်ငံလုံးလူဦးရေတိုးနှုန်းရဲ့ နှစ်ဆနီးပါးဖြစ်လာပါတယ်။ လူနေသိပ်သည်းလာတော့ အရင်က သဘာဝဘေးကြောင့် အသုံးမပြုခဲ့တဲ့နေရာတွေကိုလည်း မြို့ပြချဲ့ထွင်လာရတာတွေ ဖြစ်လာပါတယ်။

**မေး။ ။ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်နဲ့ အာမခံထားရှိခြင်းတို့ ဆက်စပ်ဖြစ်တည်မှုကို သိပါရစေရှင့်။**

ဖြေ။ ။ ရာသီဥတုဖောက်ပြန်ခြင်းကို အာမခံလောကမှာ Extreme Weather လို့ခေါ်ပါတယ်။ ဒီလို သဘာဝဘေးအန္တရာယ်တွေက အကြိမ်အရေအတွက်ရောပြင်းအားတွေပါ များပြားကြီးမားလာပြီး ပျက်စီးဆုံးရှုံးမှုတွေလည်း ကြီးမားလာပါတယ်။ လွန်ခဲ့တဲ့ နှစ် ၄၀ အတွင်းမှာ သဘာဝဘေးကြောင့် လူသားတွေ ခံစားလိုက်ရတဲ့ စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုက ဒီကနေ့မှာ ကိုးဆမြင့်တက်လာပါတယ်။ ၁၉၆၀ ပြည့်နှစ်တွေလောက်က ဆုံးရှုံးမှု ဒေါ်လာ ၇၃ ဘီလီယံက ၁၉၈၀ ရောက်တော့ ဘီလီယံပေါင်း ၂၀၄ ဘီလီယံ ဖြစ်လာတယ်။ ၁၉၉၀ ကနေ ၁၉၉၉ ခုနှစ်အတွင်းမှာတော့ ဆုံးရှုံးမှုဘီလီယံပေါင်း ၆၃၀ ဖြစ်လာပါတယ်။ ဒီဆုံးရှုံးမှုတွေကို ကုစားနိုင်ဖို့က အာမခံပါပဲ။ အာမခံဆိုတာကလည်း အာမခံကြိုတင်ထားရှိမှသာ ကုစားပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ကမ္ဘာတစ်လွှားဖြစ်ပွားနေတဲ့ သဘာဝဘေးတွေနဲ့ မကြာခင်က မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ သဘာဝဘေးတွေကို အာမခံလုပ်ငန်းအရ ဆုံးရှုံးမှုတန်ဖိုးအနေနဲ့ ဘယ်လိုများ ရှုမြင်ပါသလဲရှင့်။**

ဖြေ။ ။ မကြာခင်က ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုဟာ နှစ်ပေါင်း ၆၀ အတွင်းမှာ အကြီးဆုံးလို့ ဆိုနိုင်ပါတယ်။

**အာမခံထားတဲ့သူတွေများတဲ့နိုင်ငံတွေမှာ ဆုံးရှုံးမှုဖြစ်ပွားလာရင် နိုင်ငံ့စီးပွားရေးကို ကာလတိုပဲထိခိုက်ပြီး အာမခံထားသူနည်းတဲ့ နိုင်ငံတွေမှာတော့ နိုင်ငံစီးပွားရေးတိုးတက်မှုကို ၂ ရာခိုင်နှုန်းလောက် ထာဝရထိခိုက်သွားစေတယ်**

ဒါက မြန်မာနိုင်ငံရဲ့ အတိုင်းအတာနဲ့ပါ။ ဆုံးရှုံးမှုအနေနဲ့ မြန်မာကျပ်ငွေ ၁၆၅ ဘီလီယံခန့်လို့သိရပြီး အမေရိကန်ဒေါ်လာနဲ့ ခန့်မှန်းခြေ ၁၆၅ သန်းလောက် ရှိပါတယ်။

ဒီနေ့အထိ ကမ္ဘာပေါ်မှာ ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုအများဆုံးစာရင်းဝင် ၁၀ မှုရှိပြီး အနိမ့်ဆုံးက ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၀၀၀၀ ရှိခဲ့တဲ့ ၂၀၀၈ခုနှစ် ဇွန်လတုန်းက အမေရိကန်မှာဖြစ်ခဲ့တဲ့ ရေကြီးရေလျှံမှုပါ။ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၃၀၀၀ ရှိခဲ့တဲ့ ၂၀၁၁ ခုနှစ်က ထိုင်းနိုင်ငံရဲ့ ရေကြီးရေလျှံမှုနဲ့ မြေပြိုမှုက ဒီနေ့အထိ ကမ္ဘာပေါ်မှာ ဆုံးရှုံးမှုတန်ဖိုးအကြီးမားဆုံး သဘာဝဘေးတွေ ဖြစ်ပါတယ်။

ဒီလိုဆုံးရှုံးမှုတွေနဲ့ မြန်မာနိုင်ငံက ဆုံးရှုံးမှုကို နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ ဒါက ရေကြီးတာချင်း နှိုင်းယှဉ်တာပါ။ ဒီနှစ် ဧပြီလက နီပေါမှာလှုပ်ခဲ့တဲ့ ငလျင်ဆိုရင်လည်း အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ ဆုံးရှုံးခဲ့ပြီး ဒါက နီပေါနိုင်ငံ GDP ရဲ့ ၂၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

**မေး။ ။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံရဲ့ အာမခံလုပ်ငန်းနဲ့ ပြည်သူလူထုရဲ့ နားလည်လက်ခံမှု ဘယ်လောက်ရှိတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ အာမခံပေါ်လာတာက ၁၉ ရာစုလောက်ကတည်းကပါ။ နှစ်ပေါင်း ၅၀ လောက်ကို နိုင်ငံပိုင် အာမခံကုမ္ပဏီတစ်ခုတည်းနဲ့ ရှင်သန်ခဲ့ပါတယ်။ ပုဂ္ဂလိကအာမခံကုမ္ပဏီတွေကို ခွင့်ပြုလုပ်ကိုင်ခဲ့တာ အခုဆို နှစ်နှစ်ကျော်ပဲ ရှိပါသေးတယ်။ လက်ရှိမှာ နိုင်ငံသားပိုင် အာမခံကုမ္ပဏီ ၁၂ ခုရှိပြီး အထူးစီးပွားရေးဇုန်အတွင်းမှာ အာမခံလုပ်ပေးဖို့ နိုင်ငံခြားကုမ္ပဏီသုံးခုကိုလည်း ဒီနှစ် နှစ်ဦးပိုင်းမှာ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

မြန်မာ့အာမခံမှာ နယ်ရုံးခွဲ ၃၈ ရုံးရှိပြီး IKBZ က နယ်ရုံးခွဲ ၁၃ ခု နဲ့ တခြား ကုမ္ပဏီတွေလည်း နယ်ရုံးခွဲတွေ ရှိနေပြီဖြစ်ပါတယ်။ ဒါပေမယ့် မလုံလောက်သေးပါဘူး။ အချက်အချာကျတဲ့နယ်တွေမှာ နိုင်ငံသားပိုင် အာမခံကုမ္ပဏီတွေကို ရုံးခွဲဖွင့်နိုင်ဖို့ အာမခံရောင်းချဖို့ အမြဲတိုက်တွန်းပေးနေပါတယ်။



ဒုတိယဝန်ကြီး ဒေါက်တာ မောင် မောင် သိမ်း ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံရဲ့ အာမခံဈေးကွက်က လွန်ခဲ့တဲ့နှစ်နှစ်လောက်ကမှ စခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ သက်တမ်းအနုဆုံးလည်းဖြစ်ပါတယ်။ ဒါပေမယ့် သူ့အတိုင်းအတာနဲ့သူတော့ အောင်မြင်တယ်လို့ ဆိုရမှာပါ။ အာမခံထားရှိမှုတွေမှာ အာရှနဲ့ အနောက်နိုင်ငံတွေမတူပါဘူး။ ဥပမာ ၂၀၁၄ ခုနှစ်က တစ်ကမ္ဘာလုံးမှာ သဘာဝဘေးကြောင့် ဆုံးရှုံးပျက်စီးမှု အမေရိကန်ဒေါ်လာ ၁၀၁ ဘီလီယံရှိပြီး တစ်ဝက်လောက်က အာရှနိုင်ငံတွေမှာ ဖြစ်ခဲ့တာပါ။ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော် အာရှမှာ ဆုံးရှုံးခဲ့တယ်ဆိုပါတော့။ အာမခံထားတာက တစ်ကမ္ဘာလုံးမှာ အာရှက ပျမ်းမျှ ၈ ရာခိုင်နှုန်းလောက်ပဲရှိတော့ ဆုံးရှုံးမှုဘီလီယံ ၅၀ ကျော်မှာ ၈ ရာခိုင်နှုန်းလောက်ပဲ အာမခံကုမ္ပဏီတွေဆီက လျော်ကြေးရခဲ့ပါတယ်။ အနောက်နိုင်ငံတွေမှာတော့ အာမခံထားမှုက ၆၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒါ့ကြောင့် အာရှယဉ်ကျေးမှုအရ အာမခံထားရှိမှု နည်းပါတယ်။

**မေး။ ။ သဘာဝဘေးအန္တရာယ် အာမခံထားချင်ရင် ဘယ်လိုဆောင်ရွက်နိုင်ပါသလဲရှင့်။**

ဖြေ။ ။ သဘာဝဘေးအန္တရာယ်အာမခံမှာ ပထမအနေနဲ့ မီးအာမခံ အရင်ထားရပါတယ်။ ပြီးမှ မီးအာမခံနဲ့တွဲပြီး မိမိဆန္ဒရှိတဲ့ အာမခံအမျိုးအစားကို တွဲဖက်ထားနိုင်ပါတယ်။ ရေကြီးရေလျှံတာ၊ မုန်တိုင်း၊ ငလျင်နဲ့ မိုးကြိုး စသဖြင့် အာမခံအမျိုးအစားတွေ ထားနိုင်ပါတယ်။

မေး။ ။ အခုဖြစ်ခဲ့တဲ့ ရေကြီးရေလျှံမှုမှာ အာမခံအနေနဲ့ လျော်ကြေးပေးခဲ့ရတာ ရှိပါသလားရှင့်။

ဖြေ။ ။ လျော်ရတာရှိပါတယ်။ နိုင်ငံတော်ပိုင် မြန်မာ့အာမခံက အာမခံ လက်ခံထားတာပါ။ ကလေးမြို့မှာ ရေကြီးလို့ ပျက်သွားတဲ့ကုန်ပစ္စည်းတွေကို ကျပ်ငွေ ၃၉၉ သန်း ပေးလျော်တာပါ။

**မေး။ ။ အာမခံထားရှိမှုကျယ်ပြန့်အောင် ဘယ်လိုဆောင်ရွက်နေပြီး ဘာတွေဆက်လုပ်သွားမယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။ အဓိကက ပညာပေးရတာပါ။ အာမခံမှာ အကောင်းဆုံးပညာပေးမှုကတော့ လျော်ကြေးပေးခြင်းဖြစ်ပါတယ်။ အာမခံနဲ့ပတ်သက်တဲ့ ပညာပေးတဲ့ အစီအစဉ်တွေ၊ အမျိုးသားကဇာတ်ရုံမှာ ဟောပြောပွဲတွေလည်း လုပ်ခဲ့ပါတယ်။ လူထုထဲမှာ အာမခံထားရှိတဲ့ ရည်ရွယ်ချက်နဲ့ အကျိုးသက်ရောက်မှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် မြန်မာ့အာမခံနဲ့ အာမခံကုမ္ပဏီတွေ ပူးပေါင်းပြီး နယ်တွေမှာလည်း ဆောင်ရွက်နေပါတယ်။

**မေး။ ။ သဘာဝဘေးတွေကို ရင်ဆိုင်ကြုံတွေ့နိုင်ရမှုတွေများလာတဲ့အပေါ် အာမခံကဏ္ဍကနေ ဘယ်လိုသတင်းစကားများ ပါးချင်ပါသလဲရှင့်။**

ဖြေ။ ။ Bank For International Settlements က သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုတွေနဲ့ စီးပွားရေးတိုးတက်မှု ဆက်စပ်ပုံကို သုတေသနပြုခဲ့တာ ရှိပါတယ်။ ၁၉၆၀ ပြည့်နှစ်ကနေ ၂၀၁၁ ခုနှစ်ကြားမှာ ဖြစ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ပေါင်း ၂၄၇၆ ခုကို လေ့လာကြည့်ရာမှာ အာမခံထားတဲ့သူတွေများတဲ့နိုင်ငံတွေမှာ ဆုံးရှုံးမှုဖြစ်ပွားလာရင် နိုင်ငံ့စီးပွားရေးကို ကာလတိုပဲ ထိခိုက်ပြီး အာမခံထားသူနည်းတဲ့ နိုင်ငံတွေမှာတော့ နိုင်ငံစီးပွားရေးတိုးတက်မှုကို ၂ ရာခိုင်နှုန်းလောက် ထာဝရထိခိုက်သွားစေတယ်ဆိုတဲ့အချက်ကို ပြောချင်ပါတယ်။

အာမခံထားတာများရင် သဘာဝဘေးတွေ ဖြစ်သည့်တိုင် နိုင်ငံ့စီးပွားရေးကို အခိုက်အတန့်ပဲ သက်ရောက်နိုင်ပြီး အာမခံထားတာနည်းရင်တော့ အတိုင်းအတာတစ်ခုထိ ထာဝရထိခိုက်သွားစေတယ်ဆိုတဲ့အချက်ကို သတိပြုမိဖို့ လိုပါတယ်။

ဒါ့ကြောင့် အာမခံထားခြင်းက မိမိထိခိုက်ခဲ့ရင် ကုစားပေးရုံသာမကဘဲ နိုင်ငံ့စီးပွားရေး မထိခိုက်အောင်လည်း အကာအကွယ်ပေးတဲ့ သဘောပါပဲ။ ဒါတင်မကသေးပါဘူး။ မိမိကမထိခိုက်ဘဲ တစ်ပါးသူထိခိုက်သွားရင်တောင် ဒီအာမခံကြေးကို ထိခိုက်ခံမိသားစုကို ကုစားပေးနိုင်မှာဖြစ်တဲ့အတွက် တစ်နည်းအားဖြင့် အချင်းချင်းဖေးမကူညီလှူဒါန်းသလိုလည်း ဖြစ်စေပါတယ်။ ကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးဖြစ်စေ၊ နိုင်ငံတော်အတွက်ဖြစ်စေ အကျိုးသက်ရောက်မှုနဲ့ အကာအကွယ်ပေးနိုင်တဲ့အတွက် အာမခံထားသင့်ကြတယ်လို့ ပြောချင်ပါတယ်။

**အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ရှင့်။**



ချင်းပြည်နယ် ဟားခါးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုအက်ကွဲမှုဖြစ်ပေါ်ကာ နေအိမ်များပျက်စီးမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-နေလင်း(သတင်းစဉ်)

# ရေဘေးကြောင့် ပျက်စီးခဲ့သည့်ရထားလမ်းပိုင်းများ ပြန်လည်ပြုပြင်ပြီးစီး

**နေပြည်တော် ဩဂုတ် ၂၆**

ဇူလိုင် ၁၇ ရက်မှစတင်ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာ့မီးရထား၏ တိုင်းအသီးသီးတွင် ရထားလမ်းပိုင်းများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး ပြည်သူများ သွားလာရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ရထားလမ်းများပျက်စီးမှုတွင် တိုင်းအမှတ် (၂) မန္တလေး-မြစ်ကြီးနား လမ်းပိုင်းမှ ပေ ၁၀၀ ကျော်ရှည်သည့် ကံကြီး-ဇော်ချောင်းတံတားအမှတ် (၂၈၁)၏ မန္တလေးဘက်အခြမ်း ကမ်းကပ်ခုံနောက်ပေ ၈၀ နှင့် မြစ်ကြီးနားဘက်ခြမ်း ကမ်းကပ်ခုံနောက် ပေ ၁၂၀ ရေတိုက်စားပြီးသံလမ်းများ ပတ္တလားပုံသဏ္ဌာန် ဖြစ်ပွားခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် လမ်းပိုင်းများတွင် ပိတ်မိနေသော ခရီးသည်များအား သွားလာရေးအဆင်ပြေစေရန် သံလမ်းကူးကြိုးတန်းများ ပြုလုပ်ခြင်း၊ ကယ်ဆယ်ရေးအဖွဲ့များက ခရီးသည်များကို ကူညီပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အစားအသောက်များ ကျွေးမွေးခြင်းတို့ကို မြန်မာ့မီးရထားဝန်ထမ်းများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာ့မီးရထား အင်ဂျင်နီယာနှင့် လုပ်သားများသည် အခက်အခဲများကြားမှ ကြိုးပမ်းပြင်ဆင်ဆောင်ရွက်မှုကြောင့် ပျက်စီးမှုအများဆုံးဖြစ်သည့် ကံကြီး-ဇော်ချောင်းလမ်းပိုင်း တံတားအမှတ် (၂၈၁) ကို ဩဂုတ် ၁၆ ရက်ကလည်းကောင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းကို ဩဂုတ် ၁၇ ရက်ကလည်းကောင်း ပြန်လည်ဖွင့်လှစ်ခဲ့သည့်အတွက် မန္တလေး-မြစ်ကြီးနား အစုန်/အဆန်ခရီးစဉ်ကို ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆောက်လုပ်ဆဲ မုန်းချောင်းတံတားပေါ်မှ အမျိုးသားတစ်ဦး ပြုတ်ကျပျောက်ဆုံး



**ကျောက်ကြီး ဩဂုတ် ၂၆**

ကျောက်ကြီးမြို့နယ် မုန်းမြို့အဝင် မုန်းချောင်းတံတား စီမံကိန်း ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း အလုပ်သမားတစ်ဦး တံတားပေါ်မှ ပြုတ်ကျကာ မုန်းချောင်းရေအောက် နစ်မြုပ်ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

မုန်းမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးဌေးနိုင်(၂၈ နှစ်)သည် မုန်းချောင်းတံတား ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ လွန်ခဲ့သော ၁၀ ရက်ခန့်မှစတင်၍ နေ့စား အလုပ်သမားဝင်ရောက်လုပ်ကိုင်ခဲ့ရာ ဩဂုတ် ၂၆ ရက် နံနက် ၈ နာရီခွဲခန့်က တံတားပေါ်၌ အလုပ်လုပ်နေရာမှ မတော်တဆပြုတ်ကျကာမုန်းချောင်းရေနှင့် နစ်မြုပ်မျောပါသွားသဖြင့် တာဝန်ရှိသူများက ချက်ချင်း စက်လှေများဖြင့် ရှာဖွေခဲ့သော်လည်း ရှာမတွေ့ဘဲ ရေငုပ်သမားများခေါ်ယူ ရှာဖွေမှုများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ညနေ ၄ နာရီအထိ ရှာဖွေခဲ့သော်လည်း မတွေ့ရှိဘဲ ပျောက်ဆုံးနေကြောင်း သိရသည်။ အဆိုပါချောင်းအတွင်း လူသေဆုံးမှုမှာ ၂၀၁၅ ခုနှစ်အတွင်း လေးယောက်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။ **ပန်းချီသန်းဝင်း**

# တောင်ပြို၍ အမှတ်(၁၇၆)အစုန် အမြန်လူစီးရထားပိတ်မိ

**မော်လမြိုင် ဩဂုတ် ၂၆**

ဆိပ်ကမ်းဘူတာမှ ရေးဘူတာသို့ စက်ခေါင်းမောင်း ဦးစိုးနိုင်၊ ရထားထိန်း ဦးဇော်ဇင်ဆန်း လိုက်ပါတာဝန်ထမ်းဆောင်သော အမှတ်(၁၇၆) အစုန် အမြန်လူစီးရထားသည် ဩဂုတ် ၂၆ ရက်က ရေဖြူမြို့နယ် ရေဖြူဘူတာနှင့် သက်ကယ်ကွက်ဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ် (၃၄၈/၂ မှ ၃၄၇/၂၂)တွင် ရထားလမ်းပေါ်သို့ တောင်နံရံအမြင့် ပေ ၁၂၀ ခန့်မှ မြေကြီးနှင့် ကျောက်တုံးများ ပြိုကျခဲ့ခြင်းကြောင့် အမှတ်(၁၇၆) အစုန် အမြန်လူစီးရထားမှာ လမ်းတွင်ပိတ်မိနေကြောင်း သိရသည်။

အဆိုပါ တောင်ပြိုကျသည့်နေရာသို့ ထားဝယ် ဘူတာမှ (၁၂၇)အစုန် RGC ရထား ဖြင့် လက်ထောက်အင်ဂျင်နီယာမြို့ပြ ဦးအောင်ဆန်းဦးနှင့် အဖွဲ့သည် သွားရောက်ရှင်းလင်းနေကြောင်းနှင့် အမှတ်(၁၇၆)အစုန် အမြန်လူစီးရထားမှာ ရေဖြူဘူတာသို့ နောက်ပြန်ဆုတ်သွားကြောင်း သိရသည်။

**(လ/၀၁၂)**

# မြင်းမူမြို့ တပင်ရွှေထီးရပ်ကွက် ရောဝတီမြစ်ရေကို မကြာမီသုံးစွဲရတော့မည်

**မြင်းမူ ဩဂုတ် ၂၆**

မြင်းမူမြို့ တပင်ရွှေထီးရပ်ကွက်သည် မြို့၏အစွန်ဆုံးနှင့် ကုန်းမြင့်အကျဆုံးဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရေရှားပါးသော အဆိုပါရပ်ကွက်အား ဧရာဝတီမြစ်ရေ ဖြန့်ဝေပေးရန်အတွက် ရေဂါလန် ၁၂၀၀၀ ဆံ့ သံရေစင်တည်ဆောက်၍ ရေတင်ပန့်တစ်စုံ (အီတလီနိုင်ငံလုပ်) ဖြင့် မြစ်ရေမောင်းတင်ခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရပ်ကွက်နေပြည်သူများအား မကြာမီ ကိုယ်ပိုင်အိမ်သွယ်ရေတိုင် သွယ်တန်းဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရပ်ကွက်သည် ဧရာဝတီမြစ်ရေကို ယခုအချိန်ထိ ဝယ်ယူသုံးစွဲနေကြရကြောင်း သိရသည်။

**(၀၇၉)**

## ဖခင်အမည်မှန်

မလှိုင်မြို့ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်းမှ ၂၀၁၄-၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ခုံနံပါတ်(မလ-၄၀၈) မောင်ပိုင်ကောင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်မိုးဖြစ်ပါကြောင်း။

**ဦးသန်းဇော်မိုး ၅/စကန(နိုင်)၀၃၆၄၈၄**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုး အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မနှင်းဖူးဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဇော်မင်းလေး ၉/သစန(နိုင်)၀၉၄၂၄၂ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း

## လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/1854၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း

## လျှောက်ထားခြင်း

ယာဉ်အမှတ် BB/5572 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## မွေးနေ့ဆုတောင်း

၂၇-၈-၂၀၁၅ရက်တွင် ကျရောက်သော အန်တီဒေါ်ရီရီမြင့်၏ (၅၇)နှစ်ပြည့် မွေးနေ့မှသည် ကျန်းမာချမ်းသာစွာဖြင့် ခင်ပွန်း၊ သားသမီး၊ တပည့်များနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးစိုးဝင်း၊ ဦးခိုင်ဟိန်း**

**ဒေါ်ကြည်ပြာဦး၊ ဒေါ်နီလာထွေး**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီမြို့နယ် ဝါးပတော ကျေးရွာနေ ဦးဌေးချို၏ သမီး မနှင်းစုလှိုင်[၁၂/မဘန (နိုင်)၀၄၂၈၅၄]၏ မွေးသက္ကရာဇ် အမှန်မှာ ၄-၆-၁၉၉၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် ဝါးပတော ကျေးရွာနေ ဦးကျော်လွင်၏ သမီး မသီမ့်သီမ့်သူ [၁၂/မဘန (နိုင်)၁၅၉၉၇၅]၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀-၄-၁၉၉၆ ဖြစ်ပါကြောင်း။

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
### နည်းပညာတက္ကသိုလ်(ဘားအံ)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(ဘားအံ)တွင် အသုံးပြုမည့်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | အမျိုးအမည် |
| --- | --- |
| (က) | Desktop Computer Dell (Memory 4GB, HDD 500GB, Processor intel Corei 7) |
| (ခ) | UPS (Power Tree) (650 VA) |

၂။ တင်ဒါလျှောက်လွှာများနှင့် တင်ဒါစည်းကမ်းချက်များကို ၃၀-၈-၂၀၁၅ရက်မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၈-၉-၂၀၁၅ရက် မွန်းလွဲ ၂း၀၀ နာရီ နောက်ဆုံးဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၅၆၆၀၄၆၆ နှင့် ၀၉-၃၁၈၇၇၃၁၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## မြေကွက်များဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြေညာချက်အားကန့်ကွက်ခြင်း

၁၄-၈-၂၀၁၅ ရက်ထုတ် (ကြေးမုံ/မြန်မာ့အလင်း)နေ့စဉ်သတင်းစာများတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနလက်အောက်ရှိ မြေကွက်များအား ၂၇-၈-၂၀၁၅ ရက်နှင့် ၂၈-၈-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီတွင် မြို့တော်ခန်းမ၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း အသိပေးကြော်ငြာခဲ့ပြီး အဆိုပါလေလံတင်ရောင်းချမည့် မြေကွက်စာရင်းအစဉ်(၁၂)တွင် ဒဂုံ(တောင်)၂၃၊ စက်မှုဇုန် ဓာတ်အားလိုင်းဘေး အတိုင်းအတာ ၁၄ဒသမ၅၇ ဧကဟု ပါဝင်ခဲ့ပါသည်။

အဆိုပါ ၁၄ဒသမ၅၇ ဧကရှိ မြေကွက်မှာ (၂၀၀၆/၂၀၀၇)မှ (၂၀၀၈/၂၀၀၉)ကာလအထိ နိုင်ငံတော်မှ စီမံကိန်းဖြင့် ကြက်ဆူစိုက်ခင်းများစိုက်ပျိုးရန် (၅၄)ဧကခန့်ကို အမှတ်(၁) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီသို့ မြေချထားပေးခဲ့ရာတွင်ပါဝင်ပါသည်။ ကြက်ဆူစိုက်ခင်းအတွက် နှစ်စဉ်စိုက်ပျိုးစရိတ်၊ ဝန်ထမ်း၊ စိုက်ပျိုးရေးကိရိယာများ၏ ကုန်ကျစရိတ်အား စက်ရုံ/အလုပ်ရုံလုပ်ငန်းရှင်များ၏ စက်မှုဇုန်ရန်ပုံငွေမှသိန်း(၃၀၀၀) ခန့်စိုက်ထုတ်ဆောင်ရွက်ပေးခဲ့ရပြီး ကြက်ဆူစိုက်ခင်း စီမံကိန်းပြီးဆုံးပြီးကာလအဆိုပါမြေမှာ ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသဖြင့် စက်ရုံ/အလုပ်ရုံများ ဆောက်လုပ်မရသည့်အတွက် အမှတ်(၁)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ ရန်ကုန်တိုင်းအစိုးရအဖွဲ့၊ဝန်ကြီးချုပ်ထံသို့ ၂၅-၂-၂၀၁၅ ရက်တွင် (၁)ကြိမ်၊ ၄-၅-၂၀၁၅ ရက်တွင်(၁)ကြိမ် ဓာတ်အားလိုင်းကြိုးများ မလွတ်ကင်းသည့်မြေနေရာများအား ကုန်တင်ယာဉ်ကြီးများ ယာဉ်ရပ်နားကွင်း၊ ဓာတ်အားလိုင်းကြိုးလွတ်ကင်းသည့် မြေနေရာ(၁၅)ဧကခန့်အား စက်ရုံလုပ်သား/ဝန်ထမ်းအိမ်ရာများနှင့် ဘက်စုံသုံး သင်တန်းခန်းမများတည်ဆောက်ရန် တင်ပြထားချက်အရ ရန်ကုန်မြို့တော်စည်ပင်မြေယာဌာနခွဲမှ ၂၅-၅-၂၀၁၅ ရက်တွင်(၁)ကြိမ်၊ ၅-၈-၂၀၁၅ ရက်တွင်(၁)ကြိမ် လာရောက်စိစစ်တိုင်းထွာရာ ဓာတ်အားလိုင်းကြိုး လွတ်ကင်းမြေဧရိယာ ၁၄ဒသမ၅၇ ဧကခန့်တိုင်းထွာရရှိခဲ့ပါသည်။

ထို့ပြင် ဒု/ဝန်ကြီး အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီး၏ စက်မှုဇုန်လုပ်သား/ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် လုပ်သား/ဝန်ထမ်းအိမ်ရာများ အခြားစက်မှုဇုန်များနည်းတူ အကောင်အထည်ဖော်ရန် မြေနေရာရရှိရေးလမ်းညွှန်သဖြင့် အဆိုပါမြေ ၁၄ဒသမ၅၇ ဧကကို ၂-၇-၂၀၁၅ ရက်တွင် တင်ပြခဲ့ရာ ၅-၈-၂၀၁၅ ရက်တွင် ဒုတိယအကြိမ်လာရောက် တိုင်းတာခဲ့ပြီးဖြစ်ပါသဖြင့် အမှတ်(၁)စက်မှုဇုန်ဖွံ့ဖြိုးရေးကိစ္စများလုပ်ဆောင်ရန် ရည်ရွယ်ထားပြီးဖြစ်ပါသောကြောင့် ၎င်းမြေကွက်အား ပုဂ္ဂလိကလုပ်ကိုင်သူများသို့ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်အား ကန့်ကွက်ပါကြောင်း ကြေညာအပ်ပါသည်။

**အမှတ်(၁)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**

❒ *ကျောဖုံးမှ*

တောဆင်ရိုင်းတွေက ဒေသခံတွေကို ရန်မူတာ မရှိခဲ့ပါဘူး။ အရင်ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တွေကလည်း ဒေသခံတွေက ဆင်ရိုင်းတွေအနားကို တိုးပြီး ဓာတ်ပုံရိုက်တာ၊ ဝိုင်းပြီး ခြောက်လှန့်တာတွေ လုပ်လို့ ဆင်ရိုင်းတွေက သူတို့ကိုယ်သူတို့ ကာကွယ်ရင်းနဲ့ ဒေသခံတွေ ထိခိုက်ဒဏ်ရာရတာတွေဖြစ်ခဲ့တာပါ။ တောဆင်ရိုင်းတွေက လူများများနဲ့ မနေဖူးတဲ့အတွက် လူမြင်ရင် မငြိမ်ဘူး" ဟု တောဆင်ရိုင်း ထိန်းသိမ်းရာတွင် လိုက်ပါဆောင်ရွက်သည့် တာဝန်ရှိသူ တစ်ဦးက ပြောသည်။

အဆိုပါ တောဆင်ရိုင်းများကို မူရင်းဒေသဖြစ်သည့် ပဲခူးရိုးမသို့ ပြန်လည်ပို့ဆောင်ရာတွင် တောဆင်ရိုင်းထိန်းသိမ်းရာ၌ ဝါရင့်အတွေ့အကြုံရှိသော ဆင်ဆရာဝန် ဒေါက်တာ စည်သူဝမ်ထွန်း ဦးစီး အင်အား ၁၅ ဦး၊ တောဆင်ရိုင်းများ ကျေးရွာများသို့ ဝင်ရောက်မှုမရှိစေရေး၊ လမ်းကြောင်းပိတ်ဆို့ရေး ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးနှစ်ဦး ဦးစီးအင်အား ၂၈ ဦးတို့ လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း၊ တောဆင်ရိုင်းများအား နေရပ်သို့ပြန်လည်ပို့ ဆောင်ရာတွင် မြန်မာ့သစ်လုပ်ငန်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဦးစီး၍ ဆောင်ရွက်နေကြောင်း သိရသည်။

"ဆင်တွေက ဒေသခံတွေကို အန္တရာယ်မပြုပါဘူး။ သူတို့က သူတို့ဘာသာ လျှောက်သွားနေတာပါ။ ဒေသခံတွေကိုလည်း ဆောင်ရန်၊ ရှောင်ရန်လေးတွေကို သက်ဆိုင်ရာက ဟောပြောပွဲလေးတွေ ပြုလုပ်ပေးနေပါတယ်။ ဆင်တွေနဲ့ ဧရိယာငါးမိုင်ပတ်လည်က ဒေသခံတွေကို အရင်နေ့ကဖြစ်ခဲ့တဲ့ ဖြစ်ရပ်လေးတွေ၊ မှတ်တမ်းတွေနဲ့ ပညာပေးအစီအစဉ်တွေ လုပ်ပေးတယ်။ လုပ်ငန်းခွင်ထဲရောက်နေတဲ့ ဒေသခံတောင်သူတွေကိုလည်း ပြန်ခေါ်တယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နဲ့ မြန်မာ့သစ်လုပ်ငန်းက တာဝန်ရှိသူတွေကလည်း ဆင်နဲ့နီးတဲ့ ဧရိယာအတွင်းကို ဒေသခံတွေ ဝင်မလာနိုင်အောင် ဝါးလုံးတားပြီး ဆောင်ရွက်ပေးနေပါတယ်။ အဲဒီနောက် ဒေသခံတွေထိခိုက်မှုမရှိအောင် Hand Speaker တွေကိုင်ထားပြီး အခြေအနေကို အဆက်မပြတ် သတင်းပို့ပေးတယ်။ ဌာနပေါင်းစုံနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်။

"ဒါပေမယ့် ဒေသခံတချို့က မလိုက်နာဘူး။ ဆင်တွေနောက်ကို အနီးကပ်လိုက်ကြည့်တယ်။ ဒေသခံတွေ စည်းကမ်းချိုးဖောက်တာဟာ လုပ်ငန်းမှာ အများကြီးအနှောင့်အယှက်ဖြစ်ပါတယ်။ တောဆင်ရိုင်းတွေ မူရင်းဒေသကိုရောက်ရှိအောင် ဆောင်ရွက်တဲ့အခါမှာ ဒေသခံတွေကပါ ဝိုင်းဝန်းပြီး စည်းကမ်းရှိရှိ လိုက်နာကြမယ်၊ ကူညီကြမယ်ဆိုရင် လမ်းကြောင်း တစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေကို ထိခိုက်မှုမရှိဘဲ ချောချောမွေ့မွေ့နဲ့ မူရင်းဒေသကို ပြန်လည်ပို့ဆောင် နိုင်မှာဖြစ်ပါတယ်။ တောဆင်ရိုင်းတွေသွားတဲ့ လမ်းကြောင်း တစ်လျှောက်က ဒေသခံတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို မထိခိုက်စေဖို့ ဆင်ယဉ်ကွန်ဂျီဆင်ကြီး ခြောက်ကောင်ကို အသုံးပြုပြီး တောဆင်ရိုင်းတွေရဲ့ နေရပ်ကို ပြန်လည်ထိန်းကျောင်း ပို့ဆောင်သွားမှာပါ" ဟု ၄င်းက ဆက်လက်ပြောကြားသည်။

တောဆင်ရိုင်းများကို မူရင်းဒေသ ပဲခူးရိုးမသို့ ပြန်လည်ပို့ဆောင်ရာတွင် ဒေသခံတချို့က ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာမှုမရှိဘဲ စည်းကမ်းများချိုးဖောက်နေကြောင်း သိရသည်။ နတ်မောက်-မြို့သစ်-ကန်ပြားလမ်း ရိုးမတော ဧရိယာအနီးရှိ ကျေးရွာများသို့ ဖြတ်သန်းသွားရမည်ဖြစ်၍ ဒေသခံများအပေါ် အန္တရာယ်မကျရောက်စေရန် ဆင်ထိန်းသိမ်းရေး ကျွမ်းကျင်သူများနှင့် ပိတ်ဆို့ရေးအဖွဲ့များက အထူးကြိုးစား ဆောင်ရွက်လျက်ရှိသည်။ ဒေသခံများအနေဖြင့် တောဆင်ရိုင်းများအား ဝိုင်းဝန်းကြည့်ရှုခြင်း၊ ခြောက်လှန့်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းများ မပြုလုပ်ရန် လိုအပ်ကြောင်း၊ သို့မှသာ တောဆင်ရိုင်းများကို မူရင်းဒေသသို့ ပို့ဆောင်ရာတွင် ချောမွေ့မြန်ဆန်မည်ဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောသည်။

❋ *ကျောဖုံးမှ*

အသင်းသည် တီမောအသင်းနှင့် ပွဲအပြီးတွင် ဗီယက်နမ်၊ မလေးရှားတို့နှင့် ထပ်မံကစားရမည်ဖြစ်ရာ နောက်တစ်ဆင့်တက်ရန်အတွက် ယနေ့ ယှဉ်ပြိုင်ရမည့်ပွဲမှာ အရေးပါလျက်ရှိသည်။ တီမောအသင်းသည် နှစ်ပွဲဆက်ရှုံးနိမ့်ထားသော်လည်း ခြေစွမ်းမနိမ့်သည့်အသင်းဖြစ်ရာ မြန်မာအသင်းအနေဖြင့် သတိပြုယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် ပွဲဦးထွက်ပွဲ၌ စင်ကာပူအသင်းကို အနိုင်ရရှိခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်များစွာရှိနေသေးရာ ယင်းပွဲထက်ပိုမိုကောင်းမွန်သည့်ခြေစွမ်းကို ပြသနိုင်ရန် လိုအပ်နေသည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန်အတွက် မလေးရှား၊ ဗီယက်နမ်တို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်ရာ ယင်းနှစ်ပွဲမတိုင်မီ အမှတ်ပြည့်ရရှိထားရန်လိုအပ်နေသည်။ အုပ်စုပွဲစဉ်များကို ဩဂုတ် ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု(ခ)တွင် မလေးရှားအသင်းက နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်မှတ်၊ ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းတို့က တစ်ပွဲကစား၊ တစ်ပွဲနိုင်၊ သုံးမှတ်စီ၊ တီမောအသင်းနှင့် စင်ကာပူအသင်းတို့က နှစ်ပွဲစလုံးရှုံးနိမ့်ကာ အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

❁ *ကျောဖုံးမှ*

အစိုးရအဖွဲ့၏ ကြီးကြပ်ဦးဆောင်မှုဖြင့် မုံရွာ မင်းဒေါင့်ဆိပ်ကမ်းရှိ အေးချမ်းခွန်အား(၁) ဖလက်ဇက်ရေယာဉ်ကြီးဖြင့် ကလေးဝမြို့အရောက်တင်ပို့ကာ ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ကလေးဒေသအရောက် ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သိရှိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရေဘေးသင့်ပြည်သူများအတွက် အစားအသောက်နှင့် အဝတ်အထည်များလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များ ပရဟိတအသင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သောင်တန်းကျေးရွာရှိ ရေဘေးသင့် ပြည်သူများအတွက် ဩဂုတ် ၂၄ ရက်က ထောက်ပံ့ရေးပစ္စည်းများနှင့် အစားအသောက်၊ ဆေးဝါးနှင့် အဝတ်အထည်များကို သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ သောင်တန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများနှင့် ကျေးရွာအတွင်း နေထိုင်သော မိသားစုဝင်အားလုံးအတွက် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များ ပရဟိတအသင်းက ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ရေသန့်ဆေးထုပ်များ၊ ရေသန့်ဘူးများ၊ အစားအသောက်၊ အဝတ်အထည်များနှင့် တစ်အိမ်ထောင်လျှင် ဆန်ငါးပြည်နှုန်းဖြင့် အိမ်ထောင်စု ၂၂၀ ကျော်အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# ပြင်ဦးလွင် ပန်းမြို့တော်ဘောလုံးအသင်းမှ သပိတ်ကျင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်း

**ပြင်ဦးလွင် ဩဂုတ် ၂၆**

ပြင်ဦးလွင် ပန်းမြို့တော်ဘောလုံးအသင်းမှ အနုပညာရှင်များဘောလုံးအသင်းနှင့် ရေဘေးသင့်ပြည်သူများ ရန်ပုံငွေချစ်ကြည်ရေး ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များမှ အလှူခံရရှိငွေနှင့် ပစ္စည်းမျိုးစုံတို့ကို သပိတ်ကျင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများ ပြန်ထည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ဩဂုတ် ၂၅ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးဒဏ်သင့် အဆိုးဆုံးခံခဲ့ရသည့်ရွာမှာ သပိတ်ကျင်းမြို့နယ် တောင်လယ်ရွာဖြစ်ပြီး ယင်း၌ မိသားစုနှစ်စု အိမ်လုံးကျွတ် တောင်ကျချောင်းရေအတွင်းမျောပါကာ လူရှစ်ဦးသေဆုံးခဲ့ပြီး အိမ်ထောင်စု ၅၀ ခန့် ရေဘေးသင့်ခဲ့သဖြင့် ပြင်ဦးလွင် ပန်းမြို့တော်ဘောလုံးအသင်းမှ ဆန်၊ ဆီ၊ ရေ၊ ဆေးဝါးများနှင့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ သပိတ်ကျင်းမြို့နယ် တွင်းငယ်ရွာနှင့် ၇ မိုင် လူမှုရေးအသင်းသို့ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ကိုင်နိုင်ရန် ဆန်၊ ဆီ၊ အဝတ်အထည်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**


မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ (ရန်ကုန် – ဂယာ – ရန်ကုန် တိုက်ရိုက်ခရီးစဉ်)

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက် (၉) သိန်း

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာ့ချ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက် (၁၀)သိန်း

လိုင်စင်အမှတ်-ခ-၂၈၀၅ | အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင် နဲ့သွားကြစို့

သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ ခရီးစဉ် တိုင်းတွင် ဦးဆောင်ဆရာတော်တစ်ပါးနှင့် Tour Leader တစ်ဦးအမြဲပါရှိပါမည်။ (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံကောက်ခံခြင်းမရှိကြောင်း အထူးပင်အာမခံပါသည်။ ဟိုတယ် (၂)ည အိပ်။ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ mgytravel@gmail.com

အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ၀၁-၅၆၀၁၆၅၊ ၅၆၀၁၆၄၊ ၀၉-၄၉၇၇၇၀၄၅၊ ၃၁၁၈၀၀၈၁၊ ၂၆၀၇၁၃၂၃၂၊ ၄၀၁၅၆၆၁၀၁






ရန်ကုန်
အမှတ် F. 2~8 ပထမထပ် ၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း (ဖ.ဆ.ပ.လ ရှေ့) ၊ မင်္ဂလာတောင်ညွန့်.
ဖုန်း - 09 730 84 840 , 09 730 84 841

မန္တလေး
အမှတ် (471) ၊ 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား ) မန္တလေး ။ ဖုန်း - 09 3311 6626 , 09 3322 6636

ပဲခူး
အမှတ်- 4/ 467 ၊ (2) ရပ်ကွက်၊ အပိုင် (4)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူး ။
ဖုန်း - 09 79 700 70 75 , 09 79 700 70 85

နေပြည်တော်
အမှတ် (1237)၊ ဇော်ဂျီလမ်း ၊ မင်္ဂလာဒီပ ရပ်ကွက် ၊ ပုဗ္ဗသီရိ ၊ နေပြည်တော်။
ဖုန်း - 09 730 84 844 , 09 795900 146

မော်လမြိုင်
အမှတ် (33)၊ မြို့ရှောင်လမ်းမကြီး၊ မြေနီကုန်း အဝေးပြေးကားဝင်းအနီး၊ မော်လမြိုင်မြို့ ။
ဖုန်း - 09 79 58 999 80 , 09 79 58 999 81


## စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း လက်အောက်ရှိ အောက်ပါစက်ရုံများမှ အသုံးပြုခြင်းမရှိတော့သည့် အသုံးမလို ပိုလျှံပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | စက်ရုံ | ပစ္စည်းအမည်/အရေအတွက် |
|---|---|---|
| (က) | အမှတ်(၃၁) အကြီးစားစက်ရုံ(သရက်) | အမြန်ရေယာဉ်ပွဲချိတ်စက်ပစ္စည်း(၁၃၇)မျိုး |
| (ခ) | အမှတ်(၃၂) အကြီးစားစက်ရုံ မီးခံဘိလပ်မြေပြားထုတ်လုပ်ရေးဌာန (မှော်ဘီ) | |
| (ဂ) | အခြေစိုက်အလုပ်ရုံ(တည်င်းကုန်း/ရန်ကုန်) | 75Hp Motor (၈)ပေါက်အုတ်ညှစ်စက် |
| (ဃ) | အခြေစိုက်အလုပ်ရုံ(တည်င်းကုန်း/ရန်ကုန်) | 640 kVA Generator |
| (င) | အခြေစိုက်အလုပ်ရုံ(တည်င်းကုန်း/ရန်ကုန်) | စတိုပစ္စည်းလက်ကျန် (၁၈)မျိုး |
| (စ) | အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) | ဓာတုဗေဒပစ္စည်း(၈)မျိုး |

၂။ တင်ဒါစည်းကမ်းချက်နှင့်ပုံစံများကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် ၂၇-၈-၂၀၁၅ ရက်မှ ၉-၉-၂၀၁၅ ရက်အထိ ဝယ်ယူနိုင်ပြီး ၉-၉-၂၀၁၅ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန်ဖြစ်ပါသည်။ ဖုန်း-၀၆၇-၄၀၈၂၀၈၊ ၀၆၇-၄၀၈၁၆၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကိစ္စရပ်များဘုတ်အဖွဲ့**
**နည်းပညာဖွံ့ဖြိုးရေးဌာန**
**အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း**

## မိခင်အမည် တစ်ဦးတည်းဖြစ်ကြောင်း

မောင်မျိုးဆက်ပိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်အေးသွယ်(ခ) ဒေါ်အေးသက်စု ၁၄/ပသန(နိုင်)၀၀၂၆၅၁ မှာ တစ်ဦးတည်းဖြစ်ကြောင်း။ **ဒေါ်ခင်အေးသွယ်(ခ)ဒေါ်အေးသက်စု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်လတ်မြို့နယ်၊ လှိုင်းတာကျေးရွာအုပ်စု အောက်ရုံး(ကျွန်းထိပ်)ကျေးရွာခွဲနေ စောစိုင်းမိုင်(ခ)စောစိုင်းမယ် ၁၄/ကလန(နိုင်)၀၁၆၂၂၉ သည် တစ်ဦးတည်းဖြစ်ပါသည်။ **စောစိုင်းမိုင်(ခ)စောစိုင်းမယ်**

# မှော်ဘီမြို့နယ်တွင် ရေဘေးကယ်ဆယ်ရေးဆောင်ရွက်သူ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦး၏အလောင်း ထီးတန်းဆိပ်ကမ်း၌ပေါ်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာတွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးသည် ဩဂုတ် ၉ ရက် ညနေ ၄ နာရီကျော်ခန့်က ကမ်းပါးမြေပြိုကျရာမှ လှိုင်မြစ်အတွင်း မျောပါပျောက်ဆုံးမှုဖြစ်ပွားခဲ့သည်။

ကြက်ခြေနီတပ်စုမှူး ဦးကျော်ကျော်လင်း(၃၄ နှစ်)သည် မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ ကွဲကူးဆိပ်၌ အဖွဲ့ဝင်များနှင့်အတူ ရေဘေးသင့်ဒေသခံများကို သဘော်ပေါ်မှကမ်းပေါ်သို့ သယ်ယူပို့ဆောင်ပေးနေစဉ် ၎င်းရပ်နေသောကမ်းပါးမြေများ ရုတ်တရက်ပြိုကျမှုကြောင့် လှိုင်မြစ်အတွင်း မျောပါပျောက်ဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ဦးကျော်ကျော်လင်း၏အလောင်းကို ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီခန့်တွင် စက်သမ္ဗန်မောင်းသူများက ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်းတွင် တွေ့ရှိကြပြီး သက်ဆိုင်ရာသို့ အကြောင်းကြားမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီအသင်း ဦးစီးမှူး(ပထမတန်း) ဦးမျိုးမင်းနောင်နှင့် အဖွဲ့ဝင်များက လာရောက်စစ်ဆေးဆယ်ယူ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြသည်။

ကြည့်မြင်တိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးလှမြင့်က "ကျွန်တော်တို့ ကြက်ခြေနီတပ်ဖွဲ့က တပ်စုမှူး ဦးကျော်ကျော်လင်းဆိုတာ သေချာပါတယ်။ ကြက်ခြေနီဝတ်စုံရယ် တပ်ဆင်ထားတဲ့အမှတ်တံဆိပ်တွေ ပြည့်ပြည့်စုံစုံနဲ့အပြင် သူ့ရဲ့ကြက်ခြေနီအသင်းဝင်ကတ်ပြားရယ်၊ သံမဏိစက်ရုံက ဝန်ထမ်းကတ်တွေနဲ့အတူ ပြန်တွေ့တာပါ"ဟု ပြောသည်။ ဦးကျော်ကျော်လင်းမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အခြေခံပညာကျောင်းတက်စဉ်ကတည်းက ဝင်ရောက်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မှော်ဘီမြို့နယ် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဘင်္ဂါလီ ၁၀ ဦး တင်ဆောင်လာသည့် မော်တော်ယာဉ်ကို ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၆

မှော်ဘီမြို့နယ်အမှတ်(၄)လမ်းဆုံ စစ်ဆေးရေးဂိတ်၌ ဩဂုတ် ၂၂ ရက် ည ၁၁ နာရီခွဲက ပူးပေါင်းအဖွဲ့ဖြင့် ယာဉ်စစ်ဆောင်ရွက်စဉ် ရန်ကုန်-ပြည်လမ်းအတိုင်း တိုက်ကြီးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော 9H/--------ပရိုဘောက် အဖြူရောင် အငှားယာဉ်ကို ရပ်တန့်စစ်ဆေးရာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နေ သန့်ဇင်ထွန်း(၂၇ နှစ်)မောင်းနှင်လာသည့် ယာဉ်ပေါ်တွင် ဘင်္ဂါလီ အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦး တို့ ပါရှိလာကြောင်း စစ်ဆေးတွေ့ရှိရပြီး အဆိုပါဘင်္ဂါလီ ၁၀ ဦးမှာ ရခိုင်ပြည်နယ် သက္ကယ်ပြင်ကျေးရွာနှင့် သဲချောင်းကျေးရွာတို့မှ ဖြစ်ကြောင်း၊ ပွဲစားဖြစ်သူ အာလီက ကလေးတစ်ဦးလျှင်ငွေကျပ် ၁၀ သိန်း၊ လူကြီး တစ်ဦးလျှင်ငွေကျပ် ၁၂ သိန်းဖြင့် ရန်ကုန်မြို့သို့ ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဘင်္ဂါလီများကိုသယ်ဆောင်လာသည့် သန့်ဇင်ထွန်းနှင့်အာလီ (စုံစမ်းဆဲ)၊ ငွေအောင်(စုံစမ်းဆဲ)၊ ညဏ်လင်းအောင်(စုံစမ်းဆဲ) တို့ကို မှော်ဘီမြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ ကျန်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဖမ်းဆီးရမိသည့် ဘင်္ဂါလီ ၁၀ ဦးကိုသက်ဆိုင်ရာ လဝကမှ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးဆက်လက်ပိုနေမည်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မနက်ဖြန်အတွက် ခန့်မှန်းထုတ်ပြန်ချက်မှာ မွန်ပြည်နယ်တွင်မိုးဆက်လက်ပိုနေမည် ဖြစ်သည်။

**(မြန်မာ့အလင်း)**



# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံဆောင်ရွက်ထားရှိမှု ရှင်းလင်းပွဲကျင်းပ

ဖြူး ဩဂုတ် ၂၆

ဖြူးမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အစီအမံဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက ဖြူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်တို့က လိုအပ်သည်များကို ရှင်းလင်းတင်ပြကြပြီး သတင်းမီဒီယာများက ပြန်လည်မေးမြန်းမှုများကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။ ဖြူးဇုန်နယ်မြေတွင် မဲရုံ ၅၈ ရုံ၊ အုတ်ဖြတ်ဇုန်နယ်မြေ၌ မဲရုံ ၁၃ ရုံ၊ ဇေယျဝတီဇုန်နယ်မြေတွင် မဲရုံ ၃၈ ရုံ၊ ညောင်ပင်သာဇုန်နယ်မြေ၌ မဲရုံ ၄၆ ရုံ၊ ကညွတ်ကွင်းဇုန်နယ်မြေ၌ မဲရုံ ၅၆ ရုံတို့တွင် အထူးလုံခြုံရေးရဲတပ်ဖွဲ့ဝင် ၂၁၁ ဦးနှင့် လုံခြုံရေးရဲတပ်သား ၁၃၃ ဦး စုစုပေါင်း ၃၄၄ ဦးတို့က ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာများကို တာဝန်ယူဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(ဖြူး)**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန
## (ယခင်မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်)အကြွေးပေးသွင်းရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနသည် နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန်ပျက်ကွက်သည့်လုပ်ငန်းရှင်များအား သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ် ကြောင်းဖြင့်တရားစွဲဆိုရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိရာ(ပ)နံပါတ်မကျမီ ကြွေးပေးဆပ်သော ဦးမြင့်ကျော်နှင့် ဦးစောသိန်းတို့အား အမှုရုပ်သိမ်းပေးပြီးဖြစ်ပါသည်။ (ပ)နံပါတ်ကျပြီးမှ ကြွေးပေးဆပ်သော ဦးစန်းဝင်း၊ ဦးမင်းဇော်ဦး၊ ဦးမင်းသိမ်း(အိမ်မဲ)၊ ဦးတင်နွယ်၊ ဦးလွင်ရှိန်၊ ဦးဝင်းမြင့်၊ ဦးဘိုဝင်း(ဦးဗိုလ်ဝင်း)၊ ဦးလှဝင်း(ပန်းတနော်)၊ ဦးအောင်ဖုန်းမြင့်၊ ဦးခင်မောင်သန်း၊ ဦးခင်စိုး၊ ဦးစိုးတင့်၊ ဦးတင်ကို၊ ဦးရဲကိုကိုအောင်တို့ လုပ်ငန်းရှင်(၁၄)ဦးအား ဌာနအနေဖြင့် အမှုရုပ်သိမ်းပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အောက်ပါလုပ်ငန်းရှင်(၃၉)ဦးသည် ၂၆-၈-၂၀၁၅ရက်အထိ ဖော်ပြပါအတိုင်း အကြွေးပေးသွင်းရန် ကျန်ရှိနေသည့်အတွက် အမြန်ဆုံးပေးသွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | ကုမ္ပဏီအမည် | ကြွေးကျန်ငွေ(ကျပ်သန်း) |
|---|---|---|---|---|---|---|
| (၁) | ဦးထွန်းထွန်းလင်း | ဦးကျော်ညိမ်း | ၁၂/တတန(နိုင်)၀၅၈၅၅၀ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၉ ဒသမ ၃၂၁ |
| (၂) | ဦးနိုင်နိုင် | ဦးစိုးဝင်း | ၁၂/တတန(နိုင်)၁၃၄၄၁၇ | ကျွန်းတော ၃လမ်း၊ တွံတေး | လုပ်ငန်းရှင် | ၄၅ ဒသမ ၀၅၀ |
| (၃) | ဦးစိုးသန်း | ဦးသန်းစိန် | ၁၂/တတန(နိုင်)၀၅၆၂၈၇ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၃၄ ဒသမ ၆၁၅ |
| (၄) | ဦးကြည်ဌေး | ဦးဘီဘူဂါဒင် | ၁၂/တတန(နိုင်)၀၅၆၁၅၆ | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆ ဒသမ ၆၃၅ |
| (၅) | ဦးတင်စိုး | ဦးအောင်စိန် | ၁၂/ထတပ(နိုင်)၀၄၃၈၀၈ | ပန်းတိုင်ကျေးရွာ၊ ထန်းတပင် | လုပ်ငန်းရှင် | ၃၉၁ ဒသမ ၃၉၆ |
| (၆) | ဦးသိန်းဌေး | ဦးကျော်မြင့် | ၁၂/ဒဂတ(နိုင်)၀၂၂၃၇၉ | ၈၅၊ သရက်တော ၅လမ်း၊ ကြည့်မြင်တိုင် | လုပ်ငန်းရှင် | ၁၀၃ ဒသမ ၈၈၇ |
| (၇) | ဦးတင်မောင်စိုး | ဦးတင်အေး | ၁၄/ပတန(နိုင်)၁၀၇၉၄၉ | သရက်ငူကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၆၇ ဒသမ ၃၉၂ |
| (၈) | ဦးမင်းဆွေ | ဦးထွန်းငြိမ်း | ၁၀/သဖရ(နိုင်)၀၄၃၈၀၅ | ၁၁၀၊ (၁)ရပ်ကွက်၊ ပုဇွန်တောင် | လုပ်ငန်းရှင် | ၆ ဒသမ ၀၀၀ |
| (၉) | ဦးသိန်းဝင်း | ဦးကနော်စန်း | ၁၂/သဃက(နိုင်)၁၃၈၀၂၄ | ၁၀၆၁၊ အောင်သီရိလမ်း၊ ဒဂုံမြောက် | "ကိုလေး"အစာ | ၃၇ ဒသမ ၅၆၇ |
| (၁၀) | ဒေါ်သဇင်အေး | ဦးတင်ဝင်း | ၇/နတလ(နိုင်)၀၀၀၁၅၅ | ဗီ-၁၇၊ ၄၀၂ ၅လမ်း၊ လှိုင် | လုပ်ငန်းရှင် | ၃၅၇ ဒသမ ၈၅၄ |
| (၁၁) | ဦးကျော်မြင့်ဦး | ဦးဇော်ဝင်း | ၁၂/ဗဟတ(နိုင်)၁၀၀၅၈၄ | ၂၄၁၊ ၃၉ လမ်း၊ ကျောက်တံတား | PPA Co.,Ltd | ၄၂ ဒသမ ၅၉၀ |
| (၁၂) | ဦးမြင့်စိုး | ဦးစံညိမ်း | ၁၂/ထတပ(နိုင်)၀၁၆၆၄၈ | တိုက် ၉၊ အခန်း ၀၀၄၊ အောင်ဇေယျ | ဇာတိမာန် | ၁၃၇ ဒသမ ၄၈၂ |
| (၁၃) | ဦးကျော်စွာဝင်း | ဦးလှဆောင် | ၁၂/တတန(နိုင်)၀၁၆၅၄၆ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၂၈ ဒသမ ၅၁၆ |
| (၁၄) | ဦးရဲထွန်းနိုင် | ဦးသန်းမောင် | ၅/စကန(နိုင်)၁၄၆၇၆၃ | အမှတ် ၆၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပ | ရွှေလမင်းဆန်ထွက်ပစ္စည်း | ၃၃၂ ဒသမ ၉၈၆ |
| (၁၅) | ဦးကျော်စိန် | ဦးသန်းတင် | ၁၄/ပတန(နိုင်)၀၁၅၉၇၁ | ဂရက်တာကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၅၃ ဒသမ ၉၇၁ |
| (၁၆) | ဦးကျော်ဝင်း | ဦးစံထွန်း | KYN ၁၀၈၀၈၂ | စက်စုပိုင်း၊ (၉)ရပ်ကွက်၊ ခရမ်း | လုပ်ငန်းရှင် | ၁၃၀ ဒသမ ၀၇၄ |
| (၁၇) | ဦးနေမင်းထက် | ဦးဝင်းမောင် | ၁၂/အစန(နိုင်)၀၄၈၆၁၈ | ခြံ ၁၃၊ (၁၀)ရပ်ကွက်၊ ဒဂုံအရှေ့ | လုပ်ငန်းရှင် | ၉၉ ဒသမ ၆၀၀ |
| (၁၈) | ဦးစံငြိမ်း | ဦးမြိုင် | ၁၂/တတန(နိုင်)၀၁၁၄၇၂ | ၁၃၂၊ မြင်သာရပ်ကွက်၊ တွံတေး | လုပ်ငန်းရှင် | ၂၀ ဒသမ ၅၂၆ |
| (၁၉) | ဦးမြင့်ဇော်အေး | ဦးအေး | ၁၂/တတန(နိုင်)၀၀၆၁၉၃ | ၆၊ ဘုရားလမ်း၊ ကျွန်းတောရပ်၊ တွံတေး | လုပ်ငန်းရှင် | ၂၅ ဒသမ ၇၇၅ |
| (၂၀) | ဒေါ်စန်းသီရိချို | ဦးသိန်းနိုင် | ၆/မမန(နိုင်)၁၁၇၂၅၈ | ၁၃၁၊ အေးချမ်းသာယာရပ်၊ မြိတ် | ကြက်စာရောင်းဝယ်ရေး | ၅၆ ဒသမ ၃၆၂ |
| (၂၁) | ဒေါ်သီတာအေး | ဦးဇော်ဝင်း | ၁၂/လမန(နိုင်)၅၀၁၇၉၁ | ၄၄-ခ၊ အုန်းတောဘုရားလမ်း၊ ကမာရွတ် | PPA Co.,Ltd | ၁၇ ဒသမ ၂၆၅ |
| (၂၂) | ဦးအောင်နိုင်ထွန်း | ဦးထွန်းရီ | ၁၂/လသန(နိုင်)၀၀၉၃၇၄ | ၉၂၊ ဗိုလ်ရွှေလမ်း၊ လသာ | လုပ်ငန်းရှင် | ၁၇ ဒသမ ၉၉၃ |
| (၂၃) | ဦးစိုးမင်းထွန်း | ဦးတင်ထွန်း | ၁၂/တတန(နိုင်)၁၁၈၄၅၂ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၁ ဒသမ ၉၄၃ |
| (၂၄) | ဦးစိန်သောင်းဦး | ဦးထွေးအောင် | ၁၂/တတန(နိုင်)၀၅၆၃၂၈ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၁၀ ဒသမ ၂၉၉ |
| (၂၅) | ဦးဝင်းလှိုင် | ဦးလှကြည် | ၁၂/တတန(နိုင်)၀၇၄၈၉၃ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၅၂ ဒသမ ၀၀၆ |
| (၂၆) | ဦးကျော်ကျော်နိုင် | ဦးညိမ်းဟံ | ၁၂/တတန(နိုင်)၀၁၀၆၇၈ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၇၃ ဒသမ ၉၈၁ |
| (၂၇) | ဦးစန်းလှ | ဦးတင်ဝင်း | ၁၂/တတန(နိုင်)၀၃၈၁၁၃ | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၅ ဒသမ ၈၄၂ |
| (၂၈) | ဦးလှဝင်း(တွံတေး) | ဦးတလုပ် | ၁၂/တတန(နိုင်)၀၅၆၅၈၇ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၆၂ ဒသမ ၂၁၁ |
| (၂၉) | ဦးလှအောင် | ဦးသာစယ် | ၁၂/ထတပ(နိုင်)၀၄၅၈၁၉ | ရေစိုကျေးရွာ၊ ထန်းတပင် | လုပ်ငန်းရှင် | ၆ ဒသမ ၇၀၀ |
| (၃၀) | ဒေါ်လေးလေးခိုင် | ဦးတင်ထွန်းဝင်း | ၁၂/အလန(နိုင်)၀၀၀၁၆၀ | ၂၊ သစ်တောလမ်း၊ အလုံ အာရှသား | International Co.,Ltd | ၄၀၆ ဒသမ ၅၈၉ |
| (၃၁) | ဦးမင်းသိမ်း | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၈၉/၉၀၊ ၃-ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၆၆၉၀ ဒသမ ၈၇၇ |
| (၃၂) | ဦးမင်းသိမ်း(သုံးပွင့်ဆိုင်) | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၈၉/၉၀၊ ၃-ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၄၇၃၄ ဒသမ ၆၉၅ |
| (၃၃) | ဦးသုတရွှေ၊ ဦးလှမြင့်အောင် | ဦးရွှေပိုင်း | ၁၃/မပတ(နိုင်)၀၀၃၂၆၄ | အစာစပ်စက်ရုံ၊ ညောင်တုန်း | ဖြိုးရောကုမ္ပဏီ | ၅၅၁၆ ဒသမ ၆၇၇ |
| (၃၄) | ဦးဇော်ဇော်တိုး | ဦးလှတိုး | ၁၄/ဒဒရ(နိုင်)၀၀၀၀၁၁ | ၄၀၂၊ ၉ လမ်း၊ သမိုင်း (၁)ရပ်ကွက်၊ မရမ်းကုန်း | ရွှေဘုံစံပွဲရုံ | ၂၀၅၇ ဒသမ ၅၆၆ |
| (၃၅) | ဦးကြည်ဝင်း | ဦးပု | ၁၂/တကန(နိုင်)၁၁၅၀၁၂ | ၃၈၊ ဘုရင့်နောင်ကျော်ထင်နော်ရထာလမ်း၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆၉ ဒသမ ၃၂၉ |
| (၃၆) | ဦးဟိန်းဇော်စစ် | ဦးစစ်လှိုင် | ၁၄/ဟသတ(နိုင်)၀၀၀၁၄၇ | ၁၀၅၊ တိုက် ၇၊ (၄)ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ မရမ်းကုန်း | လုပ်ငန်းရှင် | ၁၄၁၀ ဒသမ ၇၄၅ |
| (၃၇) | ဦးမျိုးအောင် | ဦးမောင်ဟန် | ၁၂/တကန(နိုင်)၀၉၉၀၆၇ | ၄၁၊ မြို့လယ်လမ်း၊ ဈေးရပ်ကွက်၊ တိုက်ကြီး | လုပ်ငန်းရှင် | ၁၂၇၉ ဒသမ ၇၁၉ |
| (၃၈) | ဦးမိုး | ဦးဘမောင် | ၅/စကန(နိုင်)၁၃၀၈၈၀ | စက်မှုဇုန် ၂၊ ပြည်ကြီးတံခွန်၊ မန္တလေး | စိန်စိန်တိုးဆီစက် | ၆၇၁ ဒသမ ၂၄၆ |
| (၃၉) | ဦးမျိုးမင်းသိမ်း | ဦးဘွန်သိန်း | ၁၂/မရက(နိုင်)၀၀၄၇၄၃ | ၂၃၄၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း | မြပန်းခေတ်ကုမ္ပဏီ | ၄၈၄ ဒသမ ၃၄၄ |

၃။ အကြွေးပေးသွင်းရန်ကျန်ရှိသူများအား တရားဥပဒေနှင့်အညီ အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ကြွေးကျန်လုပ်ငန်းရှင်များအား ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃(အပက-၃)အရ "မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှု သို့တည်းမဟုတ် လိမ်လည်မှုကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀)နှစ်အောက် မနည်းသည့်ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်းစီရင်ခြင်းခံရမည်"ဖြစ်ပါသည်။

(ခ) ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်ချက် အက်ဥပဒေအရ ကြွေးကျန်လုပ်ငန်းရှင်များ၏ ပိုင်ဆိုင်မှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

(ဂ) ဌာနအနေဖြင့် သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာငွေများ၊ ပစ္စည်းများဆုံးရှုံးခြင်းကို ကာကွယ်သွားမည်ဖြစ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

# လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဓာတုဆေးဝါးသုံးစွဲမှုပိုမိုများပြားလာ



**ရေတာရှည် ဩဂုတ် ၂၆**

လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ရှေးယခင်က စပါးထွက်နှုန်းကောင်းမွန်စေရန် မြေဆွေး၊ နွားချေးတို့ကိုသာ သုံးစွဲခဲ့ကြသော်လည်း တိုးတက်ပြောင်းလဲလာသော စိုက်ပျိုးရေးနည်းစနစ်များနှင့်အညီ ပေါင်းသတ်ဆေး၊ အပင်အားဆေး၊ အသီးအားဆေး၊ အပင်သန်ဆေး၊ ပိုးသတ်ဆေးအမျိုးမျိုး အစရှိသည့်ဓာတုဆေးဝါးများကို တောင်သူများပိုမိုသုံးစွဲလာကြသည်ကို တွေ့ရသည်။ စပါးတစ်ဧကထွက်နှုန်း ကောင်းမွန်ရေးသည် တောင်သူများအနေဖြင့် အဓိက ရည်မှန်းချက်ဖြစ်ကာ ဓာတ်မြေဩဇာနှင့် အထက်ဖော်ပြပါဆေးဝါးများကို အကုန်အကျများစွာခံကာသုံးစွဲကြသော်လည်း လက်တွေ့နယ်ပယ်၌ အကျိုးအမြတ်နည်းပါးသည်များလည်းရှိကြောင်း တောင်သူအချို့ကသုံးသပ်သည်။ "ပေါင်းသတ်ဆေးညွှန်းပါတဲ့ ပေါင်းပင်အမျိုးအစားထက် ကိုယ့်လယ်ထဲမှာက ပိုနေတယ်၊ ထိရောက်တာက နှစ်မျိုးလောက်ပဲ၊ ကျန်တဲ့လေးမျိုးလောက်ကို သက်ရောက်မှုမရှိဘူး၊ ငွေသာကုန်တယ် ထိရောက်မှုနည်းပါးတာကို ပြောတာပါ"ဟု တောင်သူတစ်ဦးကြုံတွေ့ရပုံကို ရှင်းပြသည်။

အခြားသော တောင်သူများက စပါးထွက်နှုန်း မြင့်မားစေသော ဓာတုဆေးဝါးများကို အလွန်အကျွံသုံးစွဲခြင်းဖြင့် မြေဆီလွှာများ ပျက်စီးခြင်းနှင့် ဆန့်ကျင်ဘက်ဆိုးကျိုးများကို ရရှိနိုင်ကြောင်း တွက်ဆမှုများလည်း ရှိနေသည်။

"ကျွန်တော်မနှစ်က ဝမ်းစာအတွက် စပါးကို ဓာတုဆေးလုံးဝမသုံးဘူး မြေဆွေးနဲ့နွားချေးပဲချပြီး စိုက်ကြည့်တယ်။ ထွက်နှုန်းလည်း အတူတူပါပဲ။ သန့်သန့်ရှင်းရှင်းဖြစ်တာပေါ့။ အခု လူတွေရောဂါမျိုးစုံဖြစ်နေကြတာ ဓာတုဆေးဝါးတွေကြောင့်များလားလို့တောင် ထင်မိတယ်"ဟု ကုန်းကြီးကျေးရွာအုပ်စု၊ ကရင်ရွာနေတောင်သူတစ်ဦးက ပြောပြသည်။

**ကိုလွင်(ဆွာ)**

# မိုးစပါးစိုက်ဧကပြည့်မီရေး တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

**ချောက် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေ-ပခန်းငယ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ရေအရင်းအမြစ်အသုံးချဦးစီးဌာနရုံးတွင် ဩဂုတ် ၂၃ ရက် မိုးစပါးစိုက်ဧကပြည့်မီရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် မြို့နယ်စိုက်ညှိအဖွဲ့တို့ တက်ရောက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌက စပါးစိုက်ဧကနည်းပါးမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်စိုက်ညှိအဖွဲ့ဝင်များဖြစ်သည့် ဦးသက်နိုင်ထွန်းနှင့် ဒေါ်ဥမ္မာအောင်တို့ကလည်း မိုးစပါးစိုက်ဧကပြည့်မီရေး တောင်သူများ၏ လိုအပ်ချက်များကိုသိရှိရေး အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါအဖွဲ့သည် စလေ-ပခန်းငယ်နှင့် ဥမင်ကိုးပေါက်လျှပ်စစ်မြစ်ရေတင်ရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ စလေ-ပခန်းငယ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ AE ဦးညီညီထိုက်က ကျေးရွာအုပ်စုနှစ်အုပ်စုမှ ကွင်းပေါင်း (၁၄) ကွင်းကို လည်းကောင်း၊ ဥမင်ကိုးပေါက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ AE ဦးထွန်းကျော်က ကျေးရွာလေးအုပ်စုမှ ကွင်းပေါင်း ကိုးကွင်းအတွက် ရေကော်မတီများဖွဲ့စည်း၍ ရေလှည့်စနစ်ဖြင့် ရေပေးဝေလျက်ရှိကြောင်း တာဝန်ရှိသူနှစ်ဦးတို့မှ ရှင်းလင်းတင်ပြခဲ့ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မချို(ချောက်)**

# ရေဘေးသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်း

**လွယ်ဂျယ် ဩဂုတ် ၂၆**

မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ မေတ္တာမွန်နာရေးကူညီမှုအသင်းမှ ဦးဆောင်၍ ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့နိုင်ရန် အလှူခံဌာနများဖွင့်လှစ်ခဲ့ရာ ဒေသခံတိုင်းရင်းသားလူမျိုးများ၊ ခရီးသွားပြည်သူများ၊ ဌာနပေါင်းစုံမှ မိသားစုများက ပူးပေါင်းပါဝင်လှူဒါန်းခဲ့ကြရာ ငွေကျပ်သိန်း ၁၀၀၊ သက်န်းဒွိစုံ ၉၀၊ ဆေး/ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းသိန်း ၅၀ ဖိုး၊ စောင်နှင့် အဝတ်အစားဘေထုပ်များ သိန်း ၁၀၀ ဖိုးခန့် လက်ခံရရှိခဲ့သည်။

၄င်းအလှူငွေများနှင့် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများကို နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးစိုးရန်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများက ဩဂုတ်လဒုတိယပတ်က ခင်နှင်းကြည်သာ တစ်ကိုယ်တော် ပရဟိတလူမှုကူညီရေးကွန်ရက်နှင့် ဦးဇော်နိုင် လူမှုကူညီရေးကွန်ရက်များမှတစ်ဆင့် ရေဘေးသင့်ပြည်သူများထံသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# မိုးနှမ်းရိတ်သိမ်းချိန် လုပ်အားခမြင့်တက်

**ဘောလခဲ ဩဂုတ် ၂၆**

ကယားပြည်နယ် ဘောလခဲမြို့ပေါ် ရပ်ကွက်အတွင်းရှိ မိုးနှမ်းစိုက်တောင်သူများမှာ ဩဂုတ်လတတိယပတ်မှစတင်၍ မိုးနှမ်းများ ရိတ်သိမ်းနေပြီဖြစ်သည်။

ထိုသို့မိုးနှမ်းစတင်ရိတ်သိမ်းချိန်တွင် တောင်သူများအချင်းချင်း မိုးနှမ်းရိတ်သိမ်းချိန် တိုက်ဆိုင်၍ အပြင်လုပ်သားများခေါ်ယူ၍ အသုံးပြုနေကြရသည်။ ပြင်ပခေါ်ယူအသုံးပြုနေသော လုပ်သားတစ်ဦး ပျမ်းမျှလုပ်အားခမှာ တစ်ရက် ငွေကျပ် ၅၀၀၀ အထိ မြင့်တက်သွားပြီး ဝေးလံသော တောင်ယာများမှာမူ စရိတ်ငြိမ်း တစ်ရက်ငွေကျပ် ၅၀၀၀ နှမ်းအဆုံး ၁၀၀ လျှင် ငွေကျပ် ၅၀၀၀ ပေး၍ ခေါ်ယူနေကြောင်း သိရသည်။ ဘောလခဲမြို့နယ်အတွင်းရှိ တောင်သူအများစု စိုက်ပျိုးသောနှမ်းမျိုးမှာ နှမ်းနီ၊ စမုံနက်နှမ်း၊ နှမ်းပြာ၊ နှမ်းဖြူများဖြစ်ကြသည်။ လုပ်ခများမြင့်တက်မှုကြောင့် ယခုနှစ်မိုးနှမ်းဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း သိရသည်။ **လှရွှေ(ပြန်/ဆက်)**

# ကိုယ့်မျိုးကိုယ်ပွား အသင့်ထားရှိနိုင်ရေး မျိုးစေ့ထုပ်နှင့် နည်းပညာဖြန့်ဝေ

**မြိုင် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် တောင်သူများ စိုက်ပျိုးချိန်တွင် မျိုးဝယ်စရာမလိုဘဲ ကိုယ့်မျိုးကိုယ်ပွား အသင့်ထားရှိနိုင်ရန် ရေဆင်း(၃) အထူးအထွက်တိုး ပုလဲသွယ်မျိုးစပါး ၅ ဧကစာ မျိုးစေ့ထုပ်များကို မြိုင်မြို့နယ်အတွက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအစီအစဉ်နဲ့ ရေဆင်း(၃) ပုလဲသွယ် အထူးအထွက်တိုးစပါးမျိုး ၅ ဧကစာ မျိုးစေ့ထုပ်တွေ ကျွန်တော်တို့ မြိုင်မြို့နယ်အတွက် ရရှိခဲ့ပါတယ်။ အဲဒီမျိုးစေ့တွေကို မြို့နယ်အတွင်း မြေသဘာဝချင်းမတူတဲ့ တောမကျေးရွာ၊ ကြက်မောက်ကျေးရွာ၊ ဆူးဝင်းကျေးရွာ၊ သက်ကယ်ကန်ကျေးရွာ၊ သဒ္ဒတ်ကျေးရွာစတဲ့ ရွာငါးရွာမှာ တစ်ရွာတစ်ဧက စိုက်ပျိုးသွားမှာပါ။ ပျိုးထောင်ချိန်ကစပြီး သိပ္ပံနည်းကျပေါင်စနစ်နဲ့ ဌာနက ဝန်ထမ်းတွေက လက်တွေ့ပြသဆောင်ရွက်ပေးနေပါတယ်။ အခုလိုဆောင်ရွက်ခြင်းအားဖြင့် ရေဆင်း(၃) ပုလဲသွယ် အထွက်တိုးစပါးမျိုးဟာ ကျွန်တော်တို့ မြို့နယ်ရဲ့ ရေ၊ မြေ၊ သဘာဝနဲ့ကိုက်ညီမှုရှိ၊ မရှိ သိနိုင်သလို အထွက်နှုန်းနဲ့ ဆန်စားသုံးမှုကအစ မှတ်တမ်းယူပြီး မျိုးကိုဆက်လက်ပြန့်ပွားထိန်းသိမ်းထားမှာဖြစ်ပါတယ်။ အခုလို ကိုယ့်မျိုးကိုယ်ပွားတဲ့ အလေ့အကျင့်တွေ တောင်သူတွေသိသွားရင် ကိုယ့်မျိုးကိုယ်ပွားထားခြင်းဖြင့် ၉၅ ရာခိုင်နှုန်းသန့်စင်ပြီး စိတ်ချရတဲ့ မျိုးရရှိခြင်း၊ ကိုယ့်မှာ မျိုးအဆင်သင့်ရှိနေတဲ့အတွက် စိတ်ပူစရာမလိုခြင်း၊ ဈေးကြီးပေးမဝယ်ရခြင်း၊ မျိုးပြန်ရောင်းနိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်ပါတယ်" ဟု မြိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဦးက ရှင်းပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ရေဆင်း(၃) ပုလဲသွယ်အထွက်တိုးစပါးမျိုး ပျိုးထောင်ထားသည်ကို မြင်တွေ့ရစဉ်။

# အခြေခံအိမ်တွင်းမှု(စက်ချုပ်) သင်တန်းဖွင့်

**အောင်လံ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ အထက(၁)ရွှေရတုခန်းမ၌ ဩဂုတ် ၂၄ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှဦးဆောင်၍ အခြေခံအိမ်တွင်းမှု(စက်ချုပ်) သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြခြင်း၊ သင်ကြားရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန သင်တန်းနည်းပြ ဒေါ်စန်းဌေးက သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့မှုအခြေအနေအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မိုးကိုကို(အောင်လံ)**

# သုံးထပ်အထူးကုဆေးပေးခန်း လွှဲပြောင်းပေးအပ်

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးဗြဟ္မစိုရ်လူမှုကူညီရေးအသင်းကြီး ကုသိုလ်ဖြစ်အထူးကုဆေးပေးခန်း သုံးထပ်အထူးဆေးကုသဆောင် လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၂ ရက်က အဆိုပါအသင်းရုံး၌ ကျင်းပခဲ့သည်။

လွှဲပြောင်းပေးအပ်ပွဲတွင် ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းကြီးဥက္ကဋ္ဌ ဦးဝင်းမြင့်(ရုံပိုင်ချုပ်ကြီး-ငြိမ်း)က အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးချစ်ထူး (မြို့နယ် ပညာရေးမှူး-ငြိမ်း)က အထူးကုသဆောင် ဆောက်လုပ်ရေးအဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် အလှူရှင်များဖြစ်သော ဒေါ်ရွှေဖူးဝေနှင့် ပြည့်စုံမြေအဖွဲ့ ကိုယ်စားလှယ်တို့က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အထူးကုဆေးကုသဆောင်ကြီး၏ ဆောက်လုပ်ရေးမှတ်တမ်းများကို အသင်းဥက္ကဋ္ဌထံ ပေးအပ်ရာ အသင်းကြီး ကျန်းမာရေးကဏ္ဍတာဝန်ခံ ဒေါက်တာသန်းထွန်းမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးညိုမြို့နယ် မတော့ကုန်းအုပ်စု ဇင်းချောင်းအုပ်စုများရှိ ကျေးရွာခြောက်ရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တာဝန်ရှိသူများမှ ဩဂုတ် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

ခင်လတ်(မိုးညို)

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း ရှင်းလင်းပွဲကျင်းပ

**မာန်အောင် ဩဂုတ် ၂၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် (LIFT FUND) တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးတင်အောင်ခန့်က ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ (LIFT FUND)မှ တာဝန်ရှိသူက စီမံချက်အကြောင်း မိတ်ဆက်ရှင်းလင်းသည်။ မာန်အောင်မြို့နယ်အတွင်း ကျေးရွာများဖြစ်သည့် ကန်တိုင်းအုပ်၊ ကန်းစွန်း၊ ကွမ်းမြိုင်ကုန်း၊ ဇီးတောနှင့် မောင်းမကန်ကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**

# ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ အပိုင်း(၇)

သိပ္ပံစာရေးဆရာ ကိုကိုအောင်

## အဏုမြူစွန့်ပစ်ပစ္စည်းများနှင့် သဘာဝပတ်ဝန်းကျင်

အသုံးပြုပြီးသော အဏုမြူလောင်စာများကို တစ်ကျော့ပြန် သုံးစွဲနိုင်အောင် ပြုပြင်လိုက်သည့်အခါ ရေဒီယိုသတ္တိကြွမှု အဆင့်အလွန်မြင့်မားသော အဆင့်မြင့် အဏုမြူစွန့်ပစ်ပစ္စည်းများထွက်ရှိလာသည်။ အဆိုပါ အဆင့်မြင့်အဏုမြူစွန့်ပစ်ပစ္စည်းများကို အတုံးအခဲများဖြစ်အောင် ပြုလုပ်ပြီး ရာစုနှစ်ပေါင်း များစွာတိုင်အောင် အအေးခာတ်ပေးထားခြင်း၊ စနစ်တကျ ကြပ်မတ်ကွပ်ကဲခြင်း၊ သိမ်းဆည်းသိုလှောင်ထားရာ အဆောက်အအုံကို ပုံမှန်ပြင်ဆင်ထိန်းသိမ်းမှုပြုလုပ်ပေးခြင်းအားဖြင့် ကာလရှည်သိမ်းဆည်းသိုလှောင်ထားရန် လိုအပ်သည်။

ယင်းသို့ နှစ်ကာလကြာရှည်စွာ သိမ်းဆည်းထားခြင်းသည် အနာဂတ်မျိုးဆက်သစ် လူသားတို့အတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သလို ရေဒီယိုသတ္တိကြွဓာတ်ငွေ့နှင့် ပစ္စည်းများ မတော်တဆ ယိုစိမ့်နိုင်သည့် အန္တရာယ်နှင့်လည်း ကြုံတွေ့ရစေနိုင်သည်။

ထို့ကြောင့်ပင် အဏုမြူစွမ်းအင်ကို ထုတ်ယူသုံးစွဲလျက်ရှိနေကြသော နိုင်ငံများသည် အဆင့်မြင့်အဏုမြူ အညစ်အကြေးများကို စွန့်ပစ်ရာတွင် ဘေးအန္တရာယ်ဖြစ်စေမှု အနည်းဆုံးသော နည်းလမ်းရရှိရေးအတွက် သုတေသနလုပ်ငန်းများစွာကို ဆောင်ရွက်လျက်ရှိနေကြသည်။

ယင်းသို့ သုတေသနပြု ဆောင်ရွက်ခဲ့ကြသည့်အတွက် အကောင်းဆုံးမဟုတ်သည့်တိုင် လောလောဆယ်အားဖြင့် သင့်လျော်သော နည်းလမ်းနှစ်သွယ်ပေါ်ထွက်ခဲ့သည်။ အဆိုပါ နည်းလမ်းနှစ်သွယ်မှာ ကုန်းမြေ၏ အလွန်နက်ရှိုင်းသော နေရာများ၌ မြှုပ်နှံထားရှိခြင်းနှင့် ပင်လယ်ကြမ်းပြင်၏ အောက်တွင် မြှုပ်နှံထားရှိခြင်းတို့ ဖြစ်ကြသည်။

သို့ရာတွင်အဏုမြူစွမ်းအင်ကို ထုတ်ယူသုံးစွဲနေသော နိုင်ငံအများစုတို့သည် ကုန်းမြေပေါ်စွန့်ပစ်နိုင်မှုအတွက်ကိုသာ အလေးထားလေ့လာ သုတေသနပြုနေကြပြီး နိုင်ငံများအလိုက် ဖော်ထုတ်တွေ့ရှိရသော သုတေသန အချက်အလက်များကိုပါ အပြန်အလှန်ပေးပို့ ဖလှယ်လျက်ရှိနေကြသည်။

အဆင့်မြင့်အဏုမြူစွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် နိုင်ငံတကာ လေ့လာမှုများအရ အသင့်တော်ဆုံးဖြစ်မည့် နည်းလမ်းအချို့ကို ရှာဖွေတွေ့ရှိထားကြသည်။ အဆိုပါ နည်းလမ်းများမှာ ဆား၊ ဂရက်နိုက်နှင့် ရွှံ့စေးတို့ အများအပြားပါဝင်နေသော မြေကြီး သို့မဟုတ် ပင်လယ်ကြမ်းပြင်၏ အပေါ်ရှိ နုန်းအနည်အနှစ်များ အတွင်း၌ စွန့်ပစ်ရန် ဖြစ်သည်။

အထူးသဖြင့် ဂရက်နိုက်နှင့် ရွှံ့စေးတို့သည် အောက်လွှာရေစီးကြောင်း၏ စီးဆင်းမှုနှုန်းကို နှေးကွေးတုံ့ဆိုင်းစေရုံသာမက ရေဒီယိုသတ္တိကြွအမှုန်အမွှား အပိုင်းအစများကို ပမာဏများများ စုပ်ယူထားနိုင်သည့် ဂုဏ်သတ္တိရှိသောကြောင့် ဖြစ်သည်။

အဏုမြူအကြွင်းအကျန်များကို စွန့်ပစ်ရာတွင် ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည် သင့်ရောက်နိုင်သည့် အန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် အဓိကအားဖြင့် အချက်နှစ်ချက်ကို လိုက်နာရန် လိုအပ်သည်။

ပထမအချက်မှာ မည်သည့်စွန့်ပစ်မှု နည်းလမ်းမဆို သက်ရှိသတ္တဝါအားလုံးတို့၏ အပေါ်၌ မျက်မှောက်ကာလနှင့် အနာဂတ်ကာလများ၌ ဆိုးကျိုးတစ်စုံတစ်ရာ မရှိစေရေးဖြစ်သည်။

ဒုတိယအချက်မှာမူ အဏုမြူအကြွင်းအကျန်စွန့်ပစ်မှုများအတွက်ဖြည့်ဆည်းရမည့် လိုအပ်ချက်များကိုလျော့နည်းနိုင်သမျှလျော့နည်းအောင် ဆောင်ရွက်ရန်ဖြစ်သည်။

အဏုမြူနည်းပညာဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ စည်းမျဉ်း၊ စည်းကမ်း အလွန်တင်းကြပ်သော အင်္ဂလန်နိုင်ငံတွင် အဏုမြူ အကြွင်းအကျန်ပစ္စည်းများကို ကုန်းမြေပေါ်စွန့်ပစ်ရာ၌ လမ်းညွှန်ချက်တစ်ရပ်ကို ချမှတ်ပေးထားသည်။ ယင်းလမ်းညွှန်ချက်မှာ အဏုမြူဖြာထွက်ရောင်ခြည်သင့်သည့် ကိစ္စရပ်မျိုးလုံးဝ ဖြစ်ပွားမလာစေရေးနှင့် အကယ်၍ ဖြစ်ပေါ်လာခဲ့လျှင်သော်မှ. . . နှစ်စဉ် အမြင့်မားဆုံးသော အသက်ဆုံးရှုံးနိုင်မှုမှာ လူအယောက်တစ်သိန်းတွင် တစ်ယောက်နှုန်းထက် မပိုစေရန်ဖြစ်သည်။

ဤသည်မှာကား အထက်တွင် ဖော်ပြခဲ့သည့် ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည်သင့်မှု ကာကွယ်ရေး လုပ်ငန်းစဉ် များ၏ အဓိကအချက်နှစ်ချက်အနက် ပထမအချက်ကို အလေးထားလုပ်ဆောင်ခြင်းပင်ဖြစ်သည်။



ဂျပန်နိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖို မတော်တဆပေါက်ကွဲမှုဖြစ်ပွားစဉ်။

အဏုမြူစွမ်းအင်ကို ထုတ်ယူသုံးစွဲနေကြသော နိုင်ငံအချို့၌လည်း အဏုမြူအညစ်အကြေးနှင့်အကြွင်းအကျန်စွန့်ပစ်မှုများအပေါ် စီမံခန့်ခွဲရာတွင် စွန့်ပစ်ပစ္စည်းများကို စစ်ဆေးပြုပြင်ခြင်း၊ မရွေ့လျားနိုင်အောင်ပြုလုပ်ခြင်း၊ စနစ်တကျ ထုပ်ပိုးခြင်းနှင့် နည်းလမ်းတကျ စွန့်ပစ်ခြင်းတို့ကို တင်းကြပ်စွာ လုပ်ဆောင်လျက်ရှိကြရာ ယင်းလုပ်ဆောင်ချက်များသည်လည်း ဒုတိယအချက်ကို လေးစားလိုက်နာလျက်ရှိခြင်းပင် ဖြစ်ပေသည်။

### အဏုမြူစက်ရုံများနှင့် မတော်တဆဖြစ်ရပ်အချို့

ကမ္ဘာအရပ်ရပ်ရှိ အဏုမြူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော စက်ရုံများအနက် အချို့သောစက်ရုံများတွင် အဏုမြူမတော်တဆမှုများ ဖြစ်ပွားခဲ့ဖူးသည်။ ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည် ယိုစိမ့်ပျံ့နှံ့ခြင်း၊ ရေဒီယိုသတ္တိကြွ သတ္တုအမှုန်များ လွင့်စဉ်ပျံ့နှံ့ခြင်း၊ ရေဒီယိုသတ္တိကြွမှု ဖြစ်ပေါ်နေသည့်ရေများ မြစ်ချောင်း၊ အင်းအိုင်နှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ စီးဝင်ရောက်ရှိသွားခြင်းစသော ကိစ္စရပ်မျိုးမှသည် ဖြာထွက်ရောင်ခြည်အန္တရာယ် သတိပေးအဆင့် အမြင့်ဆုံးအထိ ထုတ်ပြန်ကြေညာရခြင်း၊ ဓာတ်ပေါင်းဖိုများ ပေါက်ကွဲခြင်းစသော အန္တရာယ်ကြီးမားသည့် မတော်တဆ ဖြစ်ရပ်မျိုးများအထိ ဖြစ်ပေါ်ကြုံတွေ့ခဲ့ကြရသည်။

သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ရှိ Three Mile Island အဏုမြူ ဓာတ်ပေါင်းဖိုကြီးသည် ၁၉၇၉ ခုနှစ်က မတော်တဆမှု ဖြစ်ပေါ်ပြီး ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည်များအနီး ပတ်ဝန်းကျင်တစ်ဝိုက်သို့ ပျံ့နှံ့ရောက်ရှိသွားခဲ့သည်။ သို့ရာတွင် ကံကောင်းထောက်မစွာဖြင့် ကြီးမားသော ပျက်စီးဆုံးရှုံးမှုနှင့် အသက်အန္တရာယ် ဖြစ်ပွားရမှုမျိုးအထိ ကြုံတွေ့ခဲ့ရခြင်း မရှိပေ။

အလားတူပင် ၁၉၈၆ ခုနှစ်ကလည်း ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် ယူကရိန်းပြည်နယ်ရှိ ချာနိုဘိုင်းလ် အဏုမြူဓာတ်ပေါင်းဖိုကြီး ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ ကြီးမားသော ပျက်စီးဆုံးရှုံးမှု၊ ထိခိုက်သေဆုံးရမှု၊ ကာလရှည် ဆိုးကျိုးသက်ရောက်မှု နှင့် သဘာဝပတ်ဝန်းကျင် အကြီးအကျယ် ထိခိုက်ပျက်စီးမှုများကို ကြုံတွေ့ခဲ့ကြရသည်။

ထို့အတူ ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိ ဆန်ဒိုင်းဒေသတွင် လှုပ်ခတ်ခဲ့သော ၉ ဒသမ ၀ မဂ္ဂနီကျူရှိသည့် အင်အားပြင်းမြေငလျင်ကြီးကြောင့် တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီ (TEPCO) ပိုင် ဖူကူရှီးမားဒိုင်အိချိ အဏုမြူဓာတ်ပေါင်းဖိုများ မတော်တဆမှုဖြစ်ပွားခဲ့သည်။

ဓာတ်ပေါင်းဖိုပေါက်ကွဲမည့် အရေးကိုကြိုးစားတားဆီးရင်း စက်ရုံလုပ်သားများသည် ပမာဏမြင့်မားသော ရေဒီယိုသတ္တိကြွ ရောင်ခြည်သင့်ခြင်းကို ခံခဲ့ကြရသည်။ ဂျပန်တာဝန်ရှိသူတို့က ရေဒီယိုသတ္တိကြွ ရောင်ခြည်အန္တရာယ် သတိပေးအဆင့် အမြင့်ဆုံးဖြစ်သော အဆင့်၇ အထိ သတ်မှတ်ထုတ်ပြန်ကြေညာခဲ့သည်။

အဏုမြူ ဓာတ်အားပေးစက်ရုံမှ ထွက်ပေါ်လာသော ရေဒီယိုသတ္တိကြွ ရောင်ခြည်ပမာဏသည် သတ်မှတ်ခွင့်ပြုနိုင်သည့် ပမာဏထက်အဆတစ်ရာ ပိုမိုနေသောကြောင့် အမြင့်ဆုံးသတိပေးချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပင်လယ်ရေကို အသုံးပြု၍ အဏုမြူ လောင်စာချောင်းများ၏ အပူချိန်ကိုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့ ကြိုးပမ်းနေဆဲ ကာလ၌ပင် အမှတ် ၃ အဏုမြူဓာတ်ပေါင်းဖိုမှ ရေဒီယိုသတ္တိကြွမှုဖြစ်ပေါ်နေသည့် ရေတန်ချိန်ပေါင်း ၂၅၀ မှာ ပင်လယ်ထဲသို့ စီးဝင်ခဲ့သည်။

နောက်ဆုံးတွင် မြို့နေလူထုအားလုံး မြို့ကိုအပြီးတိုင်စွန့်ခွာကြရန် ဂျပန်အစိုးက ဆုံးဖြတ်ညွှန်ကြားခဲ့သည်။ သို့ရာတွင်ချာနိုဘိုင်းလ် ပေါက်ကွဲမှုမှာကဲ့သို့ ရေဒီယိုသတ္တိ ကြွ ဓာတ်ငွေ့နှင့်ပစ္စည်း မည်ရွေ့မည်မျှ လွင့်စဉ်ပျံ့နှံ့သွားသည်ကို တိကျစွာ မထုတ်ပြန်နိုင်ဘဲ ဓာတ်အားပေးစက်ရုံကို ထိန်းချုပ်နိုင်ရန်ပင် လနှင့်ချီ၍ ကြိုးပမ်းခဲ့ကြရသည်။

အဏုမြူ ဓာတ်ပေါင်းဖိုများမှ ယိုစိမ့်ထွက်ရှိလာသော ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည်များသည် ကီလိုမီတာပေါင်း ထောင်နှင့်ချီ၍ ဝေးလံသော ဒေသများတွင် နေထိုင်သူများကို ဒုက္ခမပေးနိုင်သော်လည်း ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည် စိမ့်ထွက်မှု ပမာဏနှင့် ကမ္ဘာ့လေစီးကြောင်း တိုက်ခတ်ရွေ့လျား ဦးတည်မှုတို့အပေါ် မူတည်ပြီး အနီးပတ်ဝန်းကျင်ဒေသများနှင့် ကီလိုမီတာပေါင်း ရာနှင့်ချီ၍ ဝေးကွာသော ဒေသများရှိ လူတို့ကိုမူ ကျန်းမာရေးအရ လက်ငင်းဆိုးကျိုးများ၊ ထပ်ဆင့်ဆိုးကျိုးများ၊ ကာလရှည် ဆိုးကျိုးသက်ရောက်မှုများကို ခံစားကြရစေပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကိုပါ ဖြစ်ပေါ်လာစေသည်။

အမေရိကန်ပြည်ထောင်စုတွင် ကင်ဆာရောဂါဝေဒနာခံစားနေရသူ စုစုပေါင်း၏ ၀ ဒသမ ၀၁ ရာခိုင်နှုန်းသည် အဏုမြူ ဓာတ်ပေါင်းဖိုများမှ စိမ့်ထွက်ပျံ့နှံ့လာသော အန္တရာယ်ရှိအဆင့် ရေဒီယိုသတ္တိကြွရောင်ခြည်သင့်ရောက်မှုများကြောင့် ဖြစ်ကြရကြောင်းသုတေသနပြုတွေ့ရှိရသည်။

ထို့ကြောင့်ပင် ကမ္ဘာ့ဒေသနိုင်ငံတစ်ခုခု၌ အဏုမြူမတော်တဆမှု တစ်ကြိမ်ဖြစ်ပေါ်ပြီးတိုင်း အဏုမြူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေကြသော လုပ်ငန်းစဉ်များအပေါ် ကန့်ကွက်ဆန္ဒပြခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ အသစ်တည်ဆောက်မည့် အဏုမြူဓာတ်အားပေးစက်ရုံ စီမံကိန်းများကို အချိန်အတိုင်းအတာတစ်ရပ်အထိ ဆိုင်းငံ့ထားခြင်း၊ အဏုမြူမတော်တဆမှု၏ အကျိုးဆက်များကို စောင့်ကြည့်လေ့လာ သုတေသနပြုခြင်း၊ ကာလရှည် အကျိုးဆက်များကို ခန့်မှန်းတွက်ချက်ခြင်း စသောလုပ်ဆောင်ချက် အများအပြားထွက်ပေါ်လာလေ့ရှိသည်။

ဂျပန်နိုင်ငံ တိုကျိုလျှပ်စစ်ဓာတ်အား ကုမ္ပဏီပိုင် ဖူကူးရှီးမားဒိုင်အိချိ အဏုမြူဓာတ်ပေါင်းဖိုများ မတော်တဆ ဖြစ်ပွားမှုကို အကြောင်းပြု၍ ဂျာမနီနိုင်ငံအကြီးအကဲ အင်ဂျလာမာကယ်လ်၏ အစိုးရအဖွဲ့က ဂျာမနီနိုင်ငံရှိ အဏုမြူဓာတ်အားပေးစက်ရုံ ၁၇ ရုံအနက် ခုနစ်ရုံ၏ လုပ်ငန်းလည်ပတ်မှုများကို ချက်ချင်းဆိုသလို ရပ်ဆိုင်းလိုက်ပြီး ကျန်ရှိသော အဏုမြူဓာတ်အားပေးစက်ရုံ ၁၀ ရုံကိုလည်း နောင်လာမည့် ဆယ်စုနှစ်တစ်စုအတွင်းလုံးဝရပ်ဆိုင်းပစ်လိုက်ရန် ဆုံးဖြတ်ခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

**အဏုမြူ အကြွင်းအကျန်များကို စွန့်ပစ်ရာတွင် ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည် သင့်ရောက်နိုင်သည့် အန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် အဓိကအားဖြင့် အချက်နှစ်ချက်ကို လိုက်နာရန်လိုအပ်**

## မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေအနေ အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၂၆**

မြန်မာနိုင်ငံသစ်တောအသင်းမှ "အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအခြေအနေ" များနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်က မန္တလေးမြို့မဟာအောင်မြေမြို့နယ် ၅၃ လမ်း× ၃၇ လမ်းထောင့်ရှိ ဟိုတယ်ဟောဇယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသစ်တောအသင်းနာယကအဖွဲ့ဝင် ဦးအုန်းလွင်က အမှာစကားပြောကြားပြီး ဦးတင်အေး (သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး- (ငြိမ်း) )မှ သစ်တောများပျက်စီးခြင်း၏ အဓိကအကြောင်းရင်းများကိုလည်းကောင်း၊ဒေါက်တာနော်ဒေါ်လီဝေဘာ (မန္တလေးတက္ကသိုလ် ဇီဝဗေဒဌာန) မှ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် သဘာဝ ပတ်ဝန်းကျင်ပြောင်းလဲမှုကိုလည်းကောင်း ဆွေးနွေးကြရာ တက်ရောက် လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဦးထွန်းပေါ်ဦး (သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး-(ငြိမ်း)) မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ဆူးငှက်က ရတနာပုံမန္တလေးနှင့် သဘာဝပတ်ဝန်းကျင် ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်၊ အကြံပြုချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## မီးငြှိမ်းသတ်ရေးယာဉ် စမ်းသပ်စစ်ဆေး

**လဲချား ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဝယ်ယူပေးပို့သော မီးငြှိမ်းသတ်ရေးယာဉ်အား မြို့ နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာနှင့် သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကော်မတီသုံးရပ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ကြည့်ရှုစစ်ဆေးပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ၄င်းယာဉ်ဖြင့် မီးငြှိမ်းသတ်မှုသရုပ်ပြသခြင်းကို ဩဂုတ် ၂၄ ရက်က မြို့မဈေးအရှေ့ မျက်နှာစာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မေ(ပြန်/ဆက်)**



# ၂၀၁၅ ခုနှစ် မိုးရာသီ ကျွမ်းဘားအခြေခံနည်းစနစ်သင်တန်းဖွင့်

**လှိုင်ကော် ဩဂုတ် ၂၆**

ကယားပြည်နယ်အစိုးရအဖွဲ့နှင့်မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၅ ခုနှစ် မိုးရာသီကျွမ်းဘားအခြေခံ နည်းစနစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ က ပြည်နယ်အားကစားခန်းမ ဒေါ်ဥခူရပ်ကွက်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မျိုးတင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ ကျွမ်းဘားအခြေခံနည်းစနစ်သင်တန်းကို အထက(၃)၊ အလက (၅)နှင့် အလက(၂) ကျောင်းများမှ ကျောင်းသား ကျောင်းသူများကို မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်နည်းပြ ဆရာ ဆရာမ ငါးဦးကတာဝန်ယူပြီး သင်တန်းကာလ သုံးပတ် သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်နယ်ကျွမ်းဘားအားကစားတိုးတက်ရေးအတွက် ကျွမ်းဘားဝတ်စုံ ၁၁၉ စုံကို မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ကယားပြည်နယ်လူမှုရေးဝန်ကြီး ဦးကိုးရယ်က အားကစားသမားများကိုယ်စား လက်ခံခဲ့ပြီး သင်တန်းသား သင်တန်းသူများက အားကစားအဓိဋ္ဌာန် ရွတ်ဆိုခြင်း၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်အားကစားသမားများက ကျွမ်းဘားအားကစားနည်းကို သရုပ်ပြသခဲ့ကြောင်း သိသည်။ **ရဲနောင် (လှိုင်ကော်)**

# ညောင်တုန်း၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**ညောင်တုန်း ဩဂုတ် ၂၆**



ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ခြင်အန္တရာယ် ကင်းဝေးစေရေးနှင့် တစ်ကိုယ်ရေ ကျန်းမာကြံ့ခိုင်စေရေး အတွက် ဩဂုတ် ၂၄ ရက်က ညောင်တုန်းမြို့နယ် ကျန်းမာရေးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာသက်ဦး ဦးဆောင်ပြီး ဒေါက်တာကျော်စိုးလွင်၊ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာ မေဦးဇော်နှင့် ကျန်းမာရေး သူနာပြုဆရာမများ အဖွဲ့သည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများကို သွားကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ကိုယ်အလေးချိန် စစ်ဆေးတိုင်းတာခြင်း၊ တစ်ကိုယ်ရေ ကျန်းမာရေး၊ ကျောင်းကျန်းမာရေး ကျောင်းသား တစ်ဦးချင်း စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးဝါးများပေးခြင်းနှင့် စစ်ဆေးကုသမှုများ ပြုလုပ်ပေးကြောင်း သိရသည်။

ထို့အပြင် ဆေးရုံအုပ်ကြီး ဒေါက်တာသက်ဦးက ကျောင်းသား ကျောင်းသူများ ကျန်းမာရေးအသိရှိရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားစေနိုင်သော ခြင်/ယင်အန္တရာယ်နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အန္တရာယ် ဗဟုသုတ ဆိုးကျိုးများကို ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

# မကွေးမြို့၌ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**မကွေး ဩဂုတ် ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၏ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီက ကျင်းပရာ မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး (၂) ဒေါ်နုယဉ်က ထပ်ဆင့်ရှင်းလင်းမှာကြားပြီး မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများတက်ရောက်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်

**မဘိမ်း**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာကော်မတီအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းကို ဩဂုတ်လတတိယပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းသို့ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျသည့် မြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာမှ သင်တန်းသား သင်တန်းသူ ၃၆ ဦးနှင့် မြစိမ်းရောင်ကျေးရွာကြီးကြပ်မှု ကော်မတီဝင်များ တက်ရောက်ကြပြီး သင်တန်းတွင် ငွေစာရင်းရေးသွင်းနည်း၊ စာရင်းဇယားထိန်းသိမ်းနည်းနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(ဗဖ၁)**

**တန့်ယန်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းများအောင်မြင်ရေးအတွက် (ဆင့်ပွား)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လတတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ဦးနှင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးစိုင်းမြင့်ဆွေတို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်မြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းများ အောင်မြင်စေရေးအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းလွင်ဦး(ပြန်/ဆက်)**

# မော်တော်ယာဉ်သက်တမ်းတိုး၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေး

**တပ်ကုန်း ဩဂုတ် ၂၆**

နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့သည် ဩဂုတ် ၂၂ ရက်က တပ်ကုန်းမြို့သို့ ကွင်းဆင်း၍ မော်တော်ယာဉ်သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ကညနရုံးချုပ်မှ ဦးစီးမှူး ဒေါ်တင်တင်ဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောပို့ချပြီး သင်တန်းမှူး ဦးချမ်းငြိမ်းက ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ဟောပြောသည်။ ထို့နောက် ဆိုင်ကယ်ယာဉ်မောင်းသင်တန်းကာလ သုံးရက်တက်ရောက်ပြီး အောင်မြင်သူ ၃၆၅ ဦးအား သင်တန်းဆင်းလက်မှတ်နှင့် ယာဉ်မောင်းလိုင်စင်များ ပေးအပ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်တွင်းမှ မော်တော်ယာဉ်များ၊ ထော်လာဂျီနှင့် ဆိုင်ကယ်များ၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ဝ၂၁)**



*စာမျက်နှာ ၁၆ မှ*

အလားတူပင် ဆွစ်ဇာလန်နိုင်ငံနှင့်အီတလီနိုင်ငံအစိုးရတို့ကလည်း ယင်းနိုင်ငံများတွင် ထပ်မံတိုးချဲ့တည်ဆောက်ရန်လျာထားသည့် အဏုမြူဓာတ်အားပေးစက်ရုံစီမံကိန်းများကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကမူ လက်ရှိလည်ပတ်နေသော အဏုမြူဓာတ်အားပေးစက်ရုံများကိုရပ်ဆိုင်းခြင်းလည်းမရှိ၊ ထပ်မံတည်ဆောက်မည့် အဏုမြူ ဓာတ်အားပေးစက်ရုံစီမံကိန်းများကို ဆိုင်းငံ့ခြင်းလည်းမရှိဘဲ မူလအစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်လျက်ရှိသည့်တိုင် အဏုမြူမတော်တဆမှုများ ဖြစ်ပွားမလာစေရေးအတွက်ကိုမူ အထူးသတိထား၍ ကြပ်ကြပ်မတ်မတ် လုပ်ဆောင်ခဲ့သည်။

**ကမ္ဘာ့အကြီးကျယ်ဆုံး အဏုမြူမတော်တဆဖြစ်ရပ်**

ကမ္ဘာပေါ်ရှိအဏုမြူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများအနက် အချို့သောစက်ရုံများသည် အဏုမြူဓာတ်ပေါင်းဖိုများမှ ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည် ယိုစိမ့်ပျံ့နှံ့ခြင်း၊ ရေဒီယိုသတ္တိကြွအမှုန်အမွှားများလွင့်စဉ်ပျံ့နှံ့ခြင်း၊ ဓာတ်ပေါင်းဖို အက်ကွဲခြင်း၊ ဓာတ်ပေါင်းဖို ပေါက်ကွဲခြင်း၊ သတ်မှတ်ခွင့်ပြုထားသည့် အပူချိန်ထက် အဆမတန်မြင့်တက်လာမှုကို လျှော့ချရန်ကြိုးစားရင်း ရေဒီယိုသတ္တိကြွမှုဖြစ်ပေါ်နေသည့် ရေများစီးဆင်းပျံ့နှံ့ခြင်း စသည်တို့ဖြစ်ပွားမှုကြောင့် ရေဒီယို သတ္တိကြွရောင်ခြည်သင့် ဝေဒနာများကို ခံစားရခြင်း၊ ဆက်စပ်ဖြစ်ပွားသည့် ရောဂါဝေဒနာများခံစားရခြင်း၊ ကာလရှည် ဆိုးကျိုးသက်ရောက်မှုဖြစ်ပေါ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။

ယင်းသို့သော မတော်တဆဖြစ်ရပ်များထဲတွင် ချာနိုဘိုင်းလ်ဓာတ်ပေါင်းဖို ပေါက်ကွဲမှုကြီးသည် ကမ္ဘာ့အဆိုးအရွားဆုံးသော အဏုမြူမတော်တဆမှုကြီးအဖြစ် ယနေ့မျက်မှောက်ကာလထိတိုင် စံချိန်တင်ထားဆဲဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ယနေ့အချိန်အထိ ကမ္ဘာ့အရပ်ရပ်၌ ဖြစ်ပွားခဲ့သော အဏုမြူမတော်တဆမှုများထဲတွင် ချာနိုဘိုင်းလ် အဏုမြူဓာတ်ပေါင်းဖိုပေါက်ကွဲမှုကြီးသည် ထိခိုက်ပျက်စီးမှုအများဆုံး၊ အသက် ဆုံးရှုံးရမှုအများဆုံး၊ ဆက်စပ်ဆိုးကျိုးဖြစ်ပေါ်မှု အများဆုံး၊ ကာလရှည် ဆိုးကျိုးများခံစားရမှုအများ ဆုံးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အကြီးမားဆုံးဖြစ်ခဲ့ရသော ထိတ်လန့်တုန်လှုပ်ချောက်ချားဖွယ်ရာ မတော်တဆမှုကြီးဖြစ်သောကြောင့်ပင် ဖြစ်သည်။

ယခင် ဆိုဗီယက်ပြည်ထောင်စုဝင် ယူကရိန်းပြည်နယ်ရှိ ချာနိုဘိုင်းလ် အဏုမြူဓာတ်ပေါင်းဖိုကြီးသည် လုပ်ငန်းခွင်မတော်တဆဖြစ်မှုကြောင့် ၁၉၈၆ ခုနှစ် ဧပြီလ ၂၆ရက်နေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရေဒီယိုသတ္တိကြွ ဓာတ်ငွေ့နှင့် ပစ္စည်းတန်ချိန်ပေါင်း ၅၀မှာ လေထုထဲသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ရေဒီယိုသတ္တိကြွပစ္စည်းများသည် ဘီလာရုစ်၊ ရုရှား၊ စကင်ဒီနေးဗီးယားနှင့် ဥရောပတစ်ဝန်းသို့ ပျံ့နှံ့သွားခဲ့သည်။ မြောက်အမေရိကနှင့် ဂျပန်နိုင်ငံတို့တွင်လည်း ချာနိုဘိုင်းလ်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ရေဒီယိုသတ္တိကြွပစ္စည်းများကို တွေ့ရှိခဲ့ကြသည်။

# ရွှေးကောက်ပွဲလုံခြုံရေးအတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့ဆွေးနွေး



**မော်လမြိုင် ဩဂုတ် ၂၆**

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိစ္စများနှင့်ပတ်သက်၍ မွန်ပြည်နယ်ရဲတပ်ဖွဲ့က မော်လမြိုင်မြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ဩဂုတ်၂၄ရက်တွင် ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက အမှာစကားပြောကြားပြီး မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦးက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွဋ်(မော်လမြိုင်)**

## ရေကြီး ရေလျှံခဲ့သော ကျေးရွာများရှိ ကျွဲ၊ နွားများအား ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ကောလင်း ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ရေကြီးရေလျှံဖြစ်ပွားခဲ့သော ကျေးရွာများရှိ ကျွဲ၊ နွားများကို ကာကွယ်ဆေးများ ဦးစားပေးအဆင့်အလိုက် ထိုးနှံပေးလျက်ရှိရာ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂၅ ရက်အထိ ကျေးရွာ ၃၅ ရွာမှ ကျွဲ ၃၀၁ ကောင်၊ နွား ၁၄၅၃ ကောင်နှင့် ဝက် ၁၄၂ ကောင်တို့ကို မိုးရာသီတွင်ဖြစ်ပွားတတ်သော ထောင့်သန်းရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ခွာနာလျှာနာရောဂါနှင့် ဝက်ဝမ်းကျရောဂါကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကုသမှုအနေဖြင့် ရေကျချိန်၌ဖြစ်ပွားတတ်သော အဆုတ်ပွနှင့် အဆုတ်အအေးမိရောဂါများဖြစ်ပွားသော ကျွဲ ၃၅ ကောင်၊ နွားအကောင် ၁၈၀၊ ဝက် ၃၃၆ ကောင်တို့ကို ကုသပေးနိုင်ခဲ့ပြီး မြို့နယ်အတွင်း ကူးစက်ရောဂါကြောင့် ကျွဲ၊ နွားသေဆုံးမှုမရှိသေးကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာတင်ဝင်းရွှေက ပြောကြားခဲ့သည်။

**ကိုကိုမောင်(ကောလင်း)**

## ဝါဆိုခြင်းလုံးကစားပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့မခြင်းလုံးအသင်းက ကြီးမှူး၍ ဝါဆိုခြင်းလုံးကစားပွဲကို ပုသိမ်မြို့မ ခြင်းအားကစားရုံ၌ ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့သည်။

ဝါဆိုခြင်းခတ်ကစားပွဲတွင် မြို့မခြင်းလုံးအသင်းဥက္ကဋ္ဌ ဦးသိန်းဟန်၊ အတွင်းရေးမှူး ဦးသန့်ဇော်သက်နှင့် တိုင်းလက်ရွေးစင် ခြင်းလုံးအားကစားနည်းပြ ဦးစန်းယုတို့ဦးဆောင်သော ခြင်းလုံးအသင်းက မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ လက်ရွေးစင်ခြင်းခတ်ပညာရှင်များ၊ ဧရာဝတီ၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးများမှ ခြင်းပညာရှင်အကျော်အမော်များကို ဖိတ်ကြား၍ မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးနှင့် တွဲဖက်ကာ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြိုင်ပွဲကို ကျင်းပခဲ့သည်။

ခြင်းအလှခတ်ပြိုင်ပွဲတွင် တိုင်းဒေသကြီး လက်ရွေးစင် အမျိုးသမီး ခြင်းလုံးကစားသမား မြန်အောင်သီဂီမင်းမင်းစိုး၊ ဟင်္သာတ အောင်အောင်၊ ခေတ္တရာအောင်အောင်၊ ခေတ္တရာသီဟဇံ၊ ဧရာဝတီ ကောင်းကောင်း၊ ရွှေသာအောင်၊ ရန်ကုန်လင်းလင်း၊ ဇဝနမောင်၊ မျောက်ခြောက်ကောင်ခြင်းလုံးအဖွဲ့၊ လမ်းမတော်အကီးနှင့်အဖွဲ့၊ ခြင်းမင်းသား အောင်နိုင်ဖြိုး စသည့် ခြင်းလုံးပညာရှင်များက လက်ရွေးစင်ခြင်းအလှခတ်နည်းများကို သရုပ်ပြကစားခဲ့သည်။

အဆိုပါ ခြင်းအလှခတ်ပြိုင်ပွဲတွင် အသက် ၁၄ နှစ်အရွယ် လူငယ်ကစားသမား သီဟဇံက မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပညာများဖြင့် အစွမ်းပြကစားနိုင်ခဲ့ပြီး ထွန်းတောက်လာမည့် လူငယ်ကြယ်တစ်ပွင့်အဖြစ် အသိအမှတ်ပြု ခံခဲ့ရကြောင်း သိရသည်။

**ပုသိမ်လှကြည်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ကျေးရွာ ၁၅ ရွာသို့ မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကျောက်ပန်းတောင်း ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တိုးချဲ့ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၁၅ ရွာအတွက် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါခန်းမ၌ ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်တာဝန်ရှိသူများက ကျေးရွာ ၁၅ ရွာမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံသို့ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီကို ပေးအပ်ခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကြီးကြပ်မှုကော်မတီဝင်များ၊ စီမံကိန်းဝင်ကျေးရွာ ၁၅ ရွာမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**နေအောင်(ပြန်/ဆက်)**



## မိုးစပါးစိုက်ပျိုးမှု တောင်သူပညာပေးသရုပ်ပြပွဲပြုလုပ်

**ရမည်းသင်း ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကုလားမျော ကျေးရွာအုပ်စုအတွင်းမှ တောင်သူများအား မိုးစပါးစိုက်ပျိုးမှုနှင့် မျိုးစေ့ချမှု တောင်သူပညာပေး စံပြကွက်သရုပ်ပြပွဲကို ကုလားမျောကျေးရွာရှိ မိုးစပါးစံပြစိုက်ခင်း၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ဩဂုတ် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသက်နိုင်အေးတို့က သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်၊ စပါးအထွက်တိုးသည့် စိုက်ပျိုးရေးနည်းပညာများအကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနများမှ ဝန်ထမ်းများက ပုလဲသွယ်စပ်မျိုးစပါး ပေါင်စနစ်ဖြင့် မျိုးစေ့ချမှုကို လက်တွေ့သရုပ်ပြခဲ့ပြီး ဒေသခံတောင်သူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**အတ်ကလေး(ရမည်းသင်း)**

## လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ထရန်စဖော်မာသစ်တပ်ဆင်

**မတ္တရာ ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့ အမှတ်(၂) ဘူတာရပ်ကွက် မြနန္ဒာလမ်းတွင် ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံးကို တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မတ္တရာမြို့နယ်ဓာတ်အားခွဲရုံက ဩဂုတ် ၂၄ ရက်တွင် တိုးချဲ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရပ်ကွက်ရှိ အိမ်ထောင်စု ၂၀၀ ခန့်သည် ယခင်က မြို့မဈေးအနီးရှိ ၁၁/၀.၄ ကေဗွီ၊ ၃၁၅ကေဗွီအေ ထရန်စဖော်မာမှ ဓာတ်အားရယူသုံးစွဲရပြီး အခြားရပ်ကွက်နှင့် မျှဝေသုံးစွဲနေရသောကြောင့် ဓာတ်အားလုံလောက်မှုမရှိသဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် New Ever Light ကုမ္ပဏီတို့ ပူးပေါင်း၍ ထရန်စဖော်မာသစ်ကို တပ်ဆင်ပေးခြင်းဖြစ်သည်။

"ယခင်က ကျွန်တော်တို့ရပ်ကွက်မှာ ဗို့အား ၁၂၀ လောက်ပဲရလို့ မီးအားမမီပါဘူး။ သုံးလို့လည်းမရပါဘူး။ မကြာခဏ ဓာတ်အားပြတ်တောက်တာတွေ ဗို့အားကျတွေလည်း ကြုံရပါတယ်။ အခုဘူတာ(မ) ရပ်ကွက်အတွက် သီးသန့် ထရန်စဖော်မာတစ်လုံးတပ်ဆင်ပေးလို့ မီးသုံးရတာတွေ ကောင်းလာတော့မှာပါ။ နောက်ထပ်လည်း ရပ်ကွက်အတွင်းက သစ်သားဓာတ်တိုင်တွေကို ကွန်ကရစ်တိုင်တွေ၊ သံလက်တန်းတွေနဲ့ အစားထိုးလဲလှယ်ပေးသွားမယ်ဆိုတာကိုသိရလို့ ဝမ်းသာပါတယ်"ဟု ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

မတ္တရာမြို့တွင် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် New Ever Light ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပြီးနောက် အမှတ်(၂)ရပ်ကွက်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ အမှတ်(၃)ရပ်ကွက်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ အမှတ်(၅)ရပ်ကွက်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံးတို့ကို တိုးချဲ့တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မိုးရာသီ အုတ်ဈေးကွက်ဈေးနှုန်းမြင့်တက်၍ လောင်လက်သမားများ အဆင်ပြေ

**ရေတာရှည် ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ၏ ဝယ်လိုအားကြောင့် မိုးရာသီအုတ်ဈေးကွက် မြင့်တက်လာကြောင်း သိရသည်။ နွေကာလတွင် တစ်လုံးလျှင် အထိုင်ဈေး ၃၉ ကျပ်သာပေါက်ဈေးရှိခဲ့ပြီး ယခုမိုးရာသီကာလ၌ တစ်လုံးလျှင် ၄၅ ကျပ်မှ ကျပ် ၆၀ အထိမြင့်တက်ခဲ့ကြောင်း အုတ်ဝယ်ယူသူတစ်ဦးကပြောပြသည်။

အုတ်ဖုတ်ရာ၌ လုပ်အားခကုန်ကျစရိတ်နှင့် ထင်းလောင်စာဈေးနှုန်းများက ကုန်ကျမှုများပြားခြင်းကြောင့် အုတ်ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ နေအိမ်များဆောက်လုပ်ရာတွင် သစ်သားဈေးမှာ အဆမတန်ဈေးနှုန်းမြင့်တက်နေပြီး သစ်အစားထိုးအုတ်များကိုအသုံးပြု၍ နေအိမ်အဆောက်အအုံများ တည်ဆောက်လာသည့်အတွက် ဝယ်လိုအားမှာ ယခင်နှစ်ကထက်ပင်များပြားကြောင်း အုတ်လုပ်ငန်းလုပ်ကိုင်သူက ပြောသည်။

ထို့အတူပင် နေပြည်တော်နှင့် ရန်ကုန်ဈေးကွက်များသို့ အဆက်မပြတ် ချိတ်ဆက်တင်ပို့နေရခြင်းကြောင့် အုတ်ဈေးနှုန်းမှာ ဆက်လက်မြင့်တက်နိုင်ကြောင်း ခန့်မှန်းတွက်ချက်မှုများလည်းရှိသည်။

**ကိုလွင်(ဆွာ)**



# အိမ်ကွင်းမှာ အမှတ်ပြည့်ရဖို့မလွယ်တဲ့ ဘာစီလိုနာ နိုင်ပွဲနဲ့ စတင်ဖြတ်သန်းမယ့် ရီးရဲမက်ဒရစ်



စပိန်မြေမှာတော့ လာလီဂါပွဲစဉ်တွေ ပြန်လည်နိုးထခဲ့တာဟာ ဩဂုတ် ၂၉ ရက်နဲ့ ၃၀ ရက်မှာဆိုရင် ပွဲစဉ်(၂)ကို ယှဉ်ပြိုင်ကစားကြတော့မှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ထိပ်တန်းအသင်းတွေဖြစ်တဲ့ ဘာစီလိုနာရော ရီးရဲမက်ဒရစ်ပါ အိမ်ကွင်းတွေမှာ ကစားရမှာမို့ အမှတ်ပြည့်ရယူနိုင်ရေး အခြေအနေကောင်းနဲ့ ကြုံတွေ့နိုင်ပါတယ်။ ဘာစီလိုနာတို့ကတော့ အိမ်ကွင်းဖြစ်ပေမယ့် မာလာဂါနဲ့ဆုံတိုင်း ရလဒ်မကောင်းတတ်တာမို့ အခုပွဲမှာ ပေါ့ဆဆကစားလို့တော့ မရတဲ့အနေအထားဖြစ်နေပါတယ်။

**ဘာစီလိုနာနှင့် မာလာဂါ**

ဘာစီလိုနာတို့ဟာ မာလာဂါနဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် တစ်ပွဲသာနိုင်ထားပါတယ်။ မာလာဂါအသင်းဟာ ဘာစီလိုနာကွင်းမှာ အနိုင်ကစားနိုင်တဲ့ ခြေစွမ်းရှိနေပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကတွေ့ဆုံခဲ့တဲ့ပွဲမှာလည်း မာလာဂါတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပါတယ်။ လောလောဆယ်မှာ မာလာဂါတို့ နိုင်ပွဲတွေရနေပြီး ဘာစီလိုနာကို ခြေရည်တူရင်ဆိုင်နိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။ ဘာစီလိုနာတို့ကတော့ ခြေစွမ်းပိုင်းအထန်းနေတာမို့ အခုပွဲမှာ သရေရလဒ်ကို ဦးတည်သွားနိုင်တဲ့ အခြေအနေမျိုးလည်း ဖြစ်ပေါ်သွားနိုင်ပါတယ်။

**ရီးရဲမက်ဒရစ်နှင့် ဘက်တစ်**

ဘက်တစ်နဲ့ဆုံတိုင်း ဂိုးပြတ်သွင်းအနိုင်ယူတာများတဲ့ ရီးရဲမက်ဒရစ်တို့ အခုပွဲမှာလည်း သုံးမှတ်အပြည့်ယူပြီး ဘက်တစ်ကို ပညာပေးဦးမှာဖြစ်ပါတယ်။ ပွဲပြီးချိန်အထိ ကစားအားတင်ပြီး တိုက်စစ်ဖွင့်တတ်တဲ့ ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်အစွမ်းကို ဘက်တစ်ရဲ့ လက်ရှိခံစစ်အားနဲ့ ဟန့်တားဖို့ မလုံလောက်ပါဘူး။ ရီးရဲမက်ဒရစ်တို့က လာလီဂါမှာ ဘက်တစ်တို့နဲ့ စုစုပေါင်း ၉၃ ပွဲ တွေ့ဆုံခဲ့တဲ့မှတ်တမ်းကိုကြည့်ရင် ရီးရဲမက်ဒရစ်တို့က ၅၅ ပွဲနိုင်ပြီး ဘက်တစ်တို့က ၂၃ ပွဲနိုင်ကာ ပွဲ ၂၀ သရေဖြစ်ထားပါတယ်။ ပွဲအတော်များများ အနိုင်ရထားပေမယ့် တန်ပြန်တိုက်စစ် လျင်မြန်တဲ့ ဘက်တစ်ရဲ့အားထုတ်မှုကလည်း သတိပြုစရာကောင်းနေပါတယ်။ ဒါပေမယ့် အင်အားပြည့် ထုတ်သုံးမယ့် ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်မှုကိုပဲ ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

**ဗီလာရီးရဲနှင့် အက်စ်ပန်ညို**

အိမ်ကွင်းခြေစွာလေ့ရှိတဲ့ ဗီလာရီးရဲတို့က ပြီးခဲ့တဲ့ ဧပြီလက ပွဲစဉ်မှာတော့ အက်စ်ပန်ညိုကို သုံးဂိုးပြတ်ရှုံးထားတာ သတိပြုစရာဖြစ်နေပါတယ်။ အက်စ်ပန်ညိုတို့က ခြေပေါ်ရင် ထိန်းချုပ်ရခက်ခဲပြီး နိုင်ပွဲကိုရအောင် ပုံဖော်နိုင်ပါတယ်။ ဒါပေမယ့် ရာသီအစပွဲစဉ်တွေမှာ ရလဒ်တွေမကောင်းတတ်တဲ့ အက်စ်ပန်ညိုတို့က လောလောဆယ်မှာ ခြေစွမ်းပုံမှန်မရသေးပါဘူး။ ဗီလာရီးရဲတို့ အက်ဆူအိုလိုအသင်းနဲ့ ဂီဂျွန်အသင်းတွေကို နိုင်ပွဲရအောင် ကစားထားနိုင်တာမို့ အခုပွဲမှာ အိမ်ရှင်တို့ ရှုံးကြွေးကိုပြန်ဆပ်နိုင်ပါလိမ့်မယ်။

**ဆိုစီဒက်နှင့် ဂီဂျွန်**

ဆိုစီဒက်တို့က နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် ဂီဂျွန်ကို သုံးပွဲစလုံးအနိုင်ယူထားပါတယ်။ အထူးသဖြင့် ဆိုစီဒက်တို့က အိမ်ကွင်းမှာဆိုရင် ပြိုင်ဘက်တွေကို အနိုင်ကစားတတ်တဲ့ စွမ်းရည်မျိုးရှိတာမို့ ဂီဂျွန်တို့ ပွဲကျပ်အဖြစ်ကြုံတွေ့ရဖို့ ရှိနေပါတယ်။ ဂီဂျွန်တို့က ခြေစွမ်းပုံမှန်မဖြစ်သေးဘဲ အတက်အကျရှိနေပြီး ရလဒ်တွေလည်း ကမောက်ကမဖြစ်နေပါတယ်။ ဒါပေမယ့် အဝေးကွင်းမှာ ဆိုရင် ခြေစွမ်းပြနိုင်တဲ့ ဂီဂျွန်တို့က အခုပွဲကို အမှတ်ရအောင်ကြိုးစားမှာဖြစ်ပေမယ့် သိပ်တော့မလွယ်ပါဘူး။ အိမ်ကွင်းမှာ ဆိုစီဒက်ပရိသတ်တွေ အောင်ပွဲခံမယ့်ပွဲပါပဲ။

**ဆယ်လ်တာဗီဂိုနှင့် ဗယ်လီကာနို**

နှစ်သင်းစလုံးခြေစွမ်းပိုင်းတူညီနေတာမို့ အပြန်အလှန် ထိုးဖောက်မှုတွေနဲ့ ကြည့်ကောင်းမယ့်ပွဲပါ။ ဆယ်လ်တာဗီဂိုတို့က အသင်းလိုက်စုစည်းမှုအားကောင်းပြီ ရှေ့၊ လယ်၊ နောက် မျှတတဲ့အသင်းလည်းဖြစ်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းမှာ ဆယ်လ်တာဗီဂိုတို့ရဲ့ ခြေစွမ်းက သိသိသာသာကောင်းမွန်တတ်တာမို့ ဗယ်လီကာနိုတိုက်စစ်မှူးတွေ ဖြတ်ကျော်ဖို့ မလွယ်ပါဘူး။ အိမ်ရှင်တို့ သုံးမှတ်အပြည့်ယူမယ့်ပွဲပါ။

**မိုးမြင့်လင်းလက်**

# ဘာမင်ဂမ်တိုက်စစ်မှူး ဒီမာရိုင်းဂရေးကို လီဆက်စတာခေါ်ယူဖို့ ပြင်ဆင်နေ




တိုက်စစ်မှူးကောင်းတစ်ဦး အမြန်ဆုံးလိုအပ်နေတဲ့ လီဆက်စတာအသင်းအနေနဲ့ ဘာမင်ဂမ်တောင်ပံတိုက်စစ်မှူး ဒီမာရိုင်းဂရေးကို ခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ ဂရေးကို ယခုနွေရာသီအစောပိုင်းက ပရီမီယာလိဂ်တန်းတက် ဘုန်းမောက်က ခေါ်ယူဖို့ ဆက်သွယ်ခဲ့တာပါ။ လီဆက်စတာအသင်းအနေနဲ့ ကိုပင်ဟေဂင်အသင်းမှ အာမာတီးကိုလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတာပါ။ သို့ပေမယ့် ဒီမာရိုင်းဂရေးကို ခေါ်ယူဖို့ အဓိကပစ်မှတ်ထားတယ်လို့ ဆိုပါတယ်။ ဘာမင်ဂမ်အသင်းက ဒီမာရိုင်းဂရေးကို ဇူလိုင်လတုန်းက သုံးနှစ်စာချုပ် စာချုပ်သစ်ထပ်မံချုပ်ထားတာပါ။ ဂရေးဟာ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ ဘာမင်ဂမ်အသင်းရဲ့ အဓိကကစားသမားဖြစ်လာခဲ့ပါတယ်။ သူဟာ ဘာမင်ဂမ်အသင်းနဲ့ ခြေစွမ်းပြကစားလာခဲ့ပြီးနောက် အသင်းက ထပ်မံစာချုပ်ခဲ့တာပါ။ ငယ်ရွယ်ပြီး တိုက်စစ်အားကောင်းတဲ့ ဂရေးကို လီဆက်စတာအသင်းအနေနဲ့ အရခေါ်ယူဖို့ ကြိုးစားနေတာပါ။ တစ်ချိန်တည်းမှာပဲ ဂါနာကွင်းလယ်ကစားသမား အာတီးကိုလည်း လီဆက်စတာက ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် လီဆက်စတာနည်းပြ ရာနီရေးနီနဲ့တော့ ကိုပင်ဟေဂင်ကစားသမား အာမာတီးနဲ့ ဆွေးနွေးမှုတွေမရှိသေးဘူးလို့ ဆိုပါတယ်။

# တိုက်စစ်မှူးသစ်မခေါ်နိုင်ရင် ဂျာနုဂျက်ကို မန်ယူအငှားချမည်မဟုတ်

တိုက်စစ်မှူးသစ်မခေါ်နိုင်သေးဘူးဆိုရင် ဂျာနုဂျက်ကို အငှားချထားမှာမဟုတ်ဘူးလို့ နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။ ဂျာနုဂျက်ဟာ ဒီနှစ်ပရီမီယာလိဂ်မှာ ကစားခဲ့တဲ့သုံးပွဲမှာ တိုက်စစ်မှူးရွှန်းနေနဲ့အတူ ခြေစွမ်းပြကစားနေတာဖြစ်ပါတယ်။ သူဟာ အက်စ်တွန်ဗီလာနဲ့ပွဲမှာ အနိုင်ဂိုးတွေသွင်းပေးခဲ့သူလည်းဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ဂျာနုဂျက်ကို အခြားကစားသမားတစ်ဦးမခေါ်နိုင်သေးဘူးဆိုရင် အငှားချထားဖို့ အစီအစဉ်မရှိဘူးလို့ ဆိုပါတယ်။ မန်ယူဂိုးသမား ဒီဂီယာအနေဖြင့်လည်း ရီးရဲမက်ဒရစ်မှ ထပ်မံကမ်းလှမ်းခြင်းမရှိတဲ့အတွက် မန်ယူမှာပဲ ဆက်လက်ကစားရဖွယ်ရှိပါတယ်။ သို့ပေမယ့် နည်းပြဗန်ဟားလ်ကတော့ ရိုမီယိုကိုပဲ မန်ယူရဲ့ အဓိကဂိုးသမားအဖြစ် ဆက်လက်အသုံးချဖွယ်ရှိနေပါတယ်။ မန်ယူအသင်းရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ ရွှန်းနေဟာလည်း ဂိုးမသွင်းနိုင်တာ ၁၀ ပွဲရှိသွားပါပြီဖြစ်ပါတယ်။ ဒီအတွက် တိုက်စစ်မှူးသစ်မခေါ်နိုင်ချိန်မှာ ဂျာနုဂျက်ကိုပဲ အားကိုးရမယ့်အနေအထားဖြစ်နေပါတယ်။



# အာဆင်နယ်မှာ တိုက်စစ်မှူးနဲ့ကွင်းလယ်လူ လိုပြီ

အာဆင်နယ်အသင်းအနေနဲ့ ဂိုးသွင်းနိုင်ဖို့ဆိုရင် တိုက်စစ်မှူးတစ်ဦးနဲ့ ကွင်းလယ်ကစားသမားတစ်ဦး အမြန်ဆုံးခေါ်ယူဖြည့်တင်းဖို့ လိုပြီလို့ တိုက်စစ်မှူးဟောင်း အွန်နရီက အာစင်ဝင်းဂါးကို တိုက်တွန်းပြောဆိုလိုက်ပါတယ်။ အာဆင်နယ်အိမ်ကွင်းမှာ လီဗာပူးကို ဂိုးမရှိသရေကျပြီးတဲ့နောက် အွန်နရီက တိုက်တွန်းပြောဆိုလိုက်တာပါ။

လာမယ့်စက်တင်ဘာ ၂ ရက်မှာ ကစားသမားခေါ်ယူရေးကာလမတိုင်မီ အရေးကြီးတဲ့ တိုက်စစ်မှူးတစ်ဦးနဲ့ ကွင်းလယ်ကစားသမားတစ်ဦး အမြန်ခေါ်ယူသင့်တယ်လို့ အွန်နရီက တိုက်တွန်းပြောဆိုလိုက်ပါတယ်။ လီဗားပူးနဲ့ပွဲမှာ ဘင်တီကီနဲ့ ကောင်တင်ဟိုတို့ ခြေစွမ်းပြဂိုးတွေ သွင်းဖို့ကြိုးစားခဲ့ကြပေမယ့် ဝါရင့်ဂိုးသမားကြီး ပီတာချက်က ကာကွယ်နိုင်၍သာ အာဆင်နယ်တို့ ရှုံးပွဲနဲ့ ရင်မဆိုင်ခဲ့ရတာပါ။ အာဆင်နယ်အသင်းအနေနဲ့ အရှုံးနဲ့ရင်ဆိုင်ရဖွယ်ရှိပါတယ်။ နည်းပြ အာစင်ဝင်းဂါးအနေနဲ့ လက်ရှိရာသီမှာ အောင်မြင်မှုရဖို့အတွက် အရေးကြီးတဲ့ သီတင်းပတ်ထဲကိုရောက်လာပြီဖြစ်ပါတယ်။ ဒီအတိုင်းဆက်သွားမယ်ဆိုရင် အာဆင်နယ်ရဲ့ မျှော်လင့်ချက်တွေဟာ ပျောက်ဆုံးနေဦးမယ်လို့ အွန်နရီက သတိပေးထားပါတယ်။ လက်ရှိအခြေအနေမှာ ဆန်ချက်ဇ်၊ ဂီရောက်၊ ချန်ဘာလိန်းတို့ရှိနေပေမယ့် ဂိုးသွင်းနိုင်မယ့် တိုက်စစ်အနေအထားမရဘဲဖြစ်နေပါတယ်။ အဲ့ဒီအတွက် ကွင်းလယ်လူနဲ့ တိုက်စစ်မှူးသစ်တစ်ဦး ဖြည့်ဆည်းဖို့ လိုအပ်နေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**



# အထက(၁)ကသာမှ ကင်းထောက်လူငယ်များ ရေဘေးကူညီရေးအတွက်အလှူခံ

**ကသာ သြဂုတ် ၂၆**

ရေဘေးကြုံတွေ့ခဲ့သော ဒေသများ၌ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အထက(၁) ကျောင်းရှိ ကင်းထောက်လူငယ်အဖွဲ့နှင့် ပညာတံခွန် ပုဂ္ဂလိကကိုယ်ပိုင်စာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက စာသင်ကျောင်းရှေ့ရှိ လမ်းမပေါ်၌ ဆရာ ဆရာမများဦးစီး၍ သြဂုတ် ၂၂ ရက်က အလှူခံလျက်ရှိသည်။

ဒေသခံတစ်ဦးက "ယခုလို ရေဘေးသင့်ရာဒေသများကို ကျောင်းသားလူငယ်များက လူသားချင်းစာနာထောက်ထားမှုတစ်ရပ်အနေနဲ့ တစ်ဘက်တစ်လမ်းက အထောက်အကူရရှိအောင် ဆောင်ရွက်ပေးတာ ချီးကျူးပါတယ်"ဟု ပြောသည်။

အထက(၁)ကသာမှ ကင်းထောက်လူငယ် ၁၀၀ နှင့် ပညာတံခွန် ကိုယ်ပိုင်အတန်းကျောင်းမှ လူငယ် ၅၀ တို့ ပူးပေါင်းအလှူခံခဲ့ရာတွင် ဗလာစာအုပ် ဒါဇင် ၁၀၀၊ ဘောပင် ၇၆၀ ချောင်း၊ ခဲတံနှင့် ပေတံများ၊ ဆပ်ပြာမှုန့်၊ ရွှေဝါဆပ်ပြာ၊ သွားတိုက်ဆေးဘူး၊ သွားတိုက်တံ၊ အဝတ်အထည်အထုပ် လေးထုပ်နှင့် အလှူငွေ ကျပ် ၃၅၀၀၀၀၊ ကသာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့မှ အလှူငွေ ၅၄၀၀၀ ကျပ်နှင့် မိဘပြည်သူများထံမှ အလှူငွေကျပ် ၁၄၀၅၀၀၀ ကို ရရှိခဲ့ပြီး အဆိုပါအလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ကျောင်းအုပ်ဆရာကြီးထံမှ သိရသည်။

**ငွေအိုး(ကသာ)**

# မြစ်မီးရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးသင်တန်း တာလေမြို့၌ ဖွင့်လှစ်

**တာချီလိတ် သြဂုတ် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်မှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြစ်မီးရောင် ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တာလေမြို့ရှိ ကျေးရွာနှစ်ရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစ်မီးရောင်ကျေးရွာစီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းအကောင်အထည်ဖော်ရေး သင်တန်း (၁/၂၀၁၅)ကို ရန်ကင်း(၁)ကျေးရွာခန်းမဆောင်၌ သြဂုတ် ၂၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက မြစ်မီးရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်(၅)ရပ်တွင်ပါဝင်သည့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် မိသားစုဝင်ငွေတိုးပွားရေး၊ လည်ပတ်ရန်ပုံငွေစနစ်တွင် အဖွဲ့မှသဘောတူသော အတိုးငွေထည့်ဝင်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေပြီး ကျေးရွာ၏လိုအပ်ချက်နှင့် အခက်အခဲများကို ဖြေရှင်းနိုင်ခြင်း၊ ကျေးရွာနေပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေခြင်း၊ ရန်ပုံငွေထိန်းသိမ်းသုံးစွဲနည်းစနစ် စသည့် စီမံကိန်း၏ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာလေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်ဝင်းမောင်က မြစ်မီးရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီကို ကျေးရွာနေပြည်သူများက ရွေးချယ်သည့် ပြည်သူခုနစ်ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် အဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကျေးရွာအုပ်စု မောတွိုမြစ်မီးရောင်ကျေးရွာသို့ ဆက်လက်သွားရောက်ပြီး စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စီမံကိန်းကာလအတွင်း လုပ်ငန်းများဖြစ်ထွန်းအောင်မြင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တာချီလိတ်မြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာ၌ မြစ်မီးရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကန့်ဘလူမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသောဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်

**ကန့်ဘလူ သြဂုတ် ၂၆**

ကန့်ဘလူမြို့နယ်၌ ဇူလိုင်လကုန်ပိုင်းက ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်းများတွင် ကြွေသီးများကွဲခြင်းနှင့် ဓာတ်တိုင်များကျိုး၍ ရေနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ခဲ့ရာ ယခုအခါ ပြန်လည်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် စန္ဒယားကျေးရွာအုပ်စုအတွင်းရှိ စန္ဒယားရွာသစ်၊ စန္ဒယားရွာဟောင်းနှင့် ရွာသစ်ကုန်းကျေးရွာများတွင် တည်ဆောက်ဆဲဖြစ်သော ၁၁ ကေဗွီဓာတ်အားလိုင်းမှ ပျက်စီးသွားသော ဓာတ်တိုင် ၃၂ တိုင်နှင့် ကွဲသွားသော ကြွေသီးများကို ရွှေဘိုခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းဝင်း၊ Treasure Ivory ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါပျက်စီးမှုများကို ရှင်းလင်း၍ အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းဓာတ်အားလိုင်းသည် ပြည်ထောင်စုရန်ပုံငွေဖြင့် Treasure Ivory ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသော ၁၁ ကေဗွီဓာတ်အားလိုင်းဖြစ်သည်။

အလားတူ ဘိုတဲကုန်းကျေးရွာ၌ ကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ထားသည့် ၄၀၀ ဗို့ဓာတ်အားလိုင်းတွင် ဓာတ်တိုင်လေးတိုင် ကျိုးပျက်မှုကိုလည်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကိုလတ်ဦးဆောင်သည့် လျှပ်စစ်ဝန်ထမ်းများနှင့် ဒေသခံများ စုပေါင်းပြုပြင်ခဲ့ရာ သြဂုတ် ၂၄ ရက်တွင် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**






# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ Civil Service Training သင်တန်းဖွင့်လှစ်

**မော်လမြိုင် သြဂုတ် ၂၆**

မွန်ပြည်နယ်အတွင်းရှိ ဌာနအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် အရာရှိများအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးကူးပြောင်းမှုကာလတွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ အတတ်ပညာများကို သိရှိနားလည်နိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်း(Konrad Adenauer Stiftung) တို့ ပူးပေါင်း၍ Civil Service Training သင်တန်းကို မွန်ပြည်နယ် မော်လမြိုင်မြို့ အထက(၅)ကျောင်း ရာပြည့်ခန်းမ၌ သြဂုတ် ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က အမှာစကားပြောကြားသည်။ သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအောင်ငွေက "နိုင်ငံတော်ရဲ့ ကဏ္ဍစုံပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်တဲ့အခါ ဝန်ထမ်းအဆင့်ဆင့်ရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ စွဲနေတဲ့အမူအကျင့်တွေ၊ ဒါတွေဟာ ပြည်သူတွေအတွက် အကျိုးရှိသလား၊ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုတွေက ဘယ်လိုအခြေအနေတွေရှိသလဲ၊ အားလုံးကို ပြန်လည်သုံးသပ်ပြီး ခုလိုဂျာမန်ဖောင်ဒေးရှင်းက ပို့ချပေးမယ့် နိုင်ငံတကာအတွေ့အကြုံတွေနဲ့ ချိန်ထိုးပြီးတော့ ကျွန်တော်တို့ ဘာတွေလုပ်သင့်သလဲ၊ ဘာတွေပြင်ဆင်သင့်သလဲ ဆိုတာကို သိရှိပြီး အဆင့်ဆင့်သောဝန်ထမ်းများရဲ့ စွမ်းဆောင်ရည်တွေ မြင့်တက်လာဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်အဆင့်မှာလည်း ဝန်ကြီးဌာနအသီးသီးက ပြောရေးဆိုခွင့်ရှိတဲ့သူတွေကို ဖိတ်ကြားပြီး ဒီသင်တန်းကို ဖွင့်လှစ်ပေးတာပါ" ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မွန်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် တာဝန်ရှိသူ ၆၀ တက်ရောက်ခဲ့ပြီး ဂျာမန်ဖောင်ဒေးရှင်းမှ သင်တန်းနည်းပြများက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ သိမှတ်ဖွယ်ရာများကို သြဂုတ် ၂၄ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။ **သက်ဦး(သထုံ)**

# လပွတ္တာမြို့၊အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း

## “(၆)ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်”

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)က တာဝန်ယူကြီးကြပ်ဆောင်ရွက်လျှက်ရှိပါသည်**

**လပွတ္တာမြို့**
**သမဝါယမဘဏ် (CB Bank)**
**လပွတ္တာ ဘဏ်ခွဲ**
A/C No.002660100016667



**ရန်ကုန်မြို့**
**ကမ္ဘောဇဘဏ် (KBZ Bank)**
**လမ်းမတော်(၄)လမ်း ဘဏ်ခွဲ**
A/C No.139-302-13900033101

အလှူငွေများကို လပွတ္တာမြို့ပေါ်ရှိ အ.ထ.က(၁) ကျောင်းသူ/ကျောင်းသားဟောင်းများနှင့် မြို့စံအလှူရှင်များအနေဖြင့် လပွတ္တာဘဏ်ခွဲသို့လည်းကောင်း၊
အဝေးရောက်ကျောင်းသူ/ကျောင်းသားဟောင်းများနှင့်မြို့သူ၊မြို့သားအလှူရှင်များအနေဖြင့်ရန်ကုန်ဘဏ်ခွဲသို့လည်းကောင်း၊
တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါကြောင်းအသိပေးနှိုးဆော်အပ်ပါသည်။
မှတ်ချက်။ ။အလှူရှင်များအနေဖြင့် မိမိတို့၏အမည်ကို သက်ဆိုင်ရာဘဏ်များတွင် ထည့်သွင်းပြောကြားပေးပါရန်။

SEM

# “စိုး”လျှပ်စစ်မှ ကုသိုလ်ယူ

မြန်မာနိုင်ငံအတွင်း၌ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသော ရေဘေးသင့်ဒေသများ တွင်ရှိသည့် ရေစိုပျက်စီးသွားသော မည်သည့်ထုတ်ကုန်အမျိုးအစားမဆို ကျွန်တော်များ “စိုး”လျှပ်စစ်နှင့်စက်ကိရိယာကုမ္ပဏီလီမိတက် မှ အခမဲ့ ပြုပြင်ပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ

☎ - ၀၁ ၅၄၆၁၀၀ ၊ ၀၁ ၅၅၆၇၅၄ ၊ ၀၁ ၅၅၆၅၇၆၊ ၀၁-၈၆၀၃၅၀၂ ၊
၀၁ ၈၆၀၃၅၀၃၊ ၀၁ ၅၉၀၂၅၅၊ ၀၁ ၅၉၁၁၀၁၊ ၀၁ ၅၉၅၁၂၆၊


**အမည်ပြောင်း**

ဦးသန်းထွန်း ၉/လဝန(နိုင်)၀၅၃၆၄၆ ၏သား လယ်ဝေးမြို့နယ် မောင်ချစ်ပိုင်း(ခ)မိုးညအား ယနေ့မှစ၍ မောင်မြတ်ကိုဦးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြတ်ကိုဦး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/8577 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၆၁၂၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မှော်ဘီမြို့၊ အမှတ် (၂)တိုးချဲ့ရပ်ကွက် အတွင်းရှိ မြေကွက်အမှတ်(BE-7) အား မူလပိုင်ရှင်ထံမှ စာချုပ်စာတမ်းများဖြင့် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရုံးလုပ်ငန်းများဆက်လက်ဆောင်ရွက်ရန်ရှိပါသဖြင့် ကန့်ကွက်လိုသူရှိပါက အဆိုပါမြေကွက်နှင့်ပတ်သက်သည့် အထောက်အထားခိုင်လုံစွာဖြင့် အောက်ဖော်ပြပါ လိပ်စာသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကြေညာသူ-**
**ဒေါ်ခင်မာအေး ၁၂/မဘန(နိုင်)၀၉၉၇၀၈**
**ဖုန်း-၄၂၁၀၀၉၇၂၃**
**မှော်ဘီမြို့နယ် အမှတ်(၂)တိုးချဲ့ရပ်ကွက်**

## ဝယ်ယူပြီးစီးကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ၃၇ ရပ်ကွက်၊ မဟာ သီရိလမ်း၊ အိမ်အမှတ် (၃၂၇) ဒေါ်ခင်စန္ဒာထွန်း ၁၂/ဗဟန(နိုင်) ၀၉၄၉၂၄၏ အမည်ပေါက်ဂရန်ဖြင့် အိမ်နှင့်ခြံမြေကို ရန်ကုန်တိုင်း ဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၆ ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အိမ်အမှတ် (၁၇-ခ)တွင်နေသော ဦးခင်မောင်အေး ၁၂/မရက(နိုင်) ၀၈၅၀၁၀အား ၂၁-၈-၂၀၁၅ ရက်တွင် အပြီးအပိုင်ရောင်းချပြီးစီး ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဤအိမ်နှင့်ခြံမြေ ရောင်းချခြင်းအား ကျေနပ်မှုမရှိပါက ကန့်ကွက် နိုင်ရန် သက်ဆိုင်ပတ်သက်သူများအား အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်အေး**
**၁၂/မရက(နိုင်)၀၈၅၀၁၀**

### ပြန်ကြားရေးဝန်ကြီးဌာန
### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်၊တပ်ကုန်း)ရှိ
### လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (နေပြည်တော်၊ တပ်ကုန်း)ရှိ အောက်ဖော်ပြပါ လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) Studio Complex ရှိ လေအေးပေးစက်များ
(ခ) Radio Transmitter Complex-1 ရှိ လေအေးပေးစက်များ
(ဂ) Radio Transmitter Complex-2 ရှိ လေအေးပေးစက်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၈-၂၀၁၅ရက်မှ ၁၆-၉-၂၀၁၅ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၉-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်တင်သွင်းလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊၀၆၇-၇၉၁၃၅၊၀၆၇-၇၉၄၁၁**



### Video Conferencing စက်ပစ္စည်းများ
### ဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ်(၂၅)၊ နေပြည်တော်တွင် တပ်ဆင်အသုံးပြုမည့် Video Conferencing စက်ပစ္စည်းများဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ ဈေးနှုန်းများကို တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

**ပစ္စည်းအမျိုးအစား**

HDX 7000-720: HDX 7000 HD codec,
Eagle Eye HD Camera (1) လုံး
HDX mic array, P+C, PPCIP, 2nd monitor, Eng rmt, Cables:2 component video (DVI-RCA), audio (RCA-RCA), LAN, U/E/A pwr, Cntry code 23.PAL (Maintenance Contract Required)-Premier, 1 st Year Upgrade, HDX 7000 Series available only at time of product purchase Asia Pacific Region (Thailand)

၂။ ဖော်ပြပါ ရုံးသုံးစက်ကိရိယာအတွက် အိတ်ဖွင့်တင်ဒါများကို ၂၃-၉-၂၀၁၅ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ်(၂၅) သို့တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**
**ရုံးအမှတ်(၂၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၄၂၈၂၊ ၀၆၇-၄၀၄၁၇၃၊ ၀၆၇-၄၀၄၁၄၆**



# လစာဝင်ငွေခွန်ပေးဆောင်ကြရန်
# အသိပေးနှိုးဆော်ခြင်း

ဝင်ငွေခွန်ဥပဒေတွင် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့် လစာ/လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်၊ အကျိုးခံစားခွင့်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် အထက်ပါလစာဝင်ငွေခွန်ကို ''တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းဖြစ်လျှင် ပိုင်ရှင်ကိုယ်တိုင်ကလည်းကောင်း၊ ပုဂ္ဂိုလ်စုပိုင်ဖြစ်လျှင် ထိုပုဂ္ဂိုလ်စုကလည်းကောင်း၊ အစိုးရ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းဖြစ်လျှင် ငွေထုတ်ပေးရန်တာဝန်ရှိသူ စီမံခန့်ခွဲရေးဝန်ထမ်းကလည်းကောင်း တာဝန်ယူ၍ ကျသင့်အခွန်ကို နုတ်ယူပေးသွင်းရန်'' ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ယခုအခါ ကုမ္ပဏီလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံ၊ စာသင်ကျောင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း အမျိုးမျိုးတို့ရှိသော်လည်း လစာဝင်ငွေခွန်ပေးသွင်းမှုအားနည်းနေကြောင်း စိစစ်တွေ့ရှိရပါသည်။ ဝင်ငွေခွန်ဥပဒေတွင် လစာဝင်ငွေခွန် နုတ်ယူပေးသွင်းရမည့် ပုဂ္ဂိုလ်၊ လစာနှစ်ချုပ်တင်သွင်းရမည့် ပုဂ္ဂိုလ်တို့ကို သတ်မှတ်ဖော်ပြထားသည့်အပြင် ပြစ်မှုနှင့် ပြစ်ဒဏ်များကိုပါ သတ်မှတ်ပြဋ္ဌာန်းထားသဖြင့် ပျက်ကွက်သူများသည် တည်ဆဲဝင်ငွေခွန်ဥပဒေအရ အပြစ်ရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ www.irdmyanmar.gov.mm တွင် ဖော်ပြထားသော ဇယားပုံစံအား ကူးယူ၍ စုစုပေါင်းဝင်ငွေ ကျပ် သိန်း ၂၀ ကျော်သော ဝန်ထမ်းများ၏ သက်ဆိုင်ရာအချက်အလက်များကို ဖြည့်သွင်းပြီး မိမိရုံးချုပ်တည်ရှိရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အမြန်ဆုံးဆက်သွယ်ပေးပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မအူပင်)အတွက် အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ပြုပြင်လိုပါကြောင်း ကြေညာအပ်ပါသည်။

**စဉ်** **လုပ်ငန်းအမည်**
(က) ခြောက်ခန်းတွဲ အိမ်ရာသွားသောလမ်းပြုပြင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မအူပင်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃၁-၈-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မအူပင်) ဖုန်း-၀၄၅-၃၀၁၀၈ နှင့် ၀၄၅-၃၀၁၀၉ တို့သို့ စုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(မအူပင်)**



### စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
### ကုန်သွယ်ရေးဦးစီးဌာန
### ကုန်သွယ်မှုပညာပေးရေးဌာနခွဲ
### ကုန်သွယ်မှုသင်တန်းကျောင်း
### အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၇)
## သင်တန်းသားများခေါ်ယူခြင်း

(က) **သင်တန်းကာလ** - ၂၀၁၅ခုနှစ် စက်တင်ဘာလ တတိယပတ်မှ ၄ လကြာ သင်တန်း
(ခ) **သင်ကြားမည့်နေ့ရက်များ**- ရက်သတ္တပတ်တွင် ၃ ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)
(ဂ) **သင်တန်းအချိန်** - နံနက် ၉း၃၀ နာရီမှ ၁၂း၃၀ နာရီ
(ဃ) **သင်တန်းသားဦးရေ** - ၆၀ မှ ၈၀ အထိ
(င) **သင်တန်းတည်နေရာ** - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
(စ) **သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူ ပါရှိရမည့်စာရွက်စာတမ်းများ** - ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဆ) **ဆက်သွယ်ရန်ဖုန်း** - ၀၁-၂၅၀၈၇၁၊ ၃၇၁၂၂၀၊ ၃၇၁၄၇၀၊ ၃၇၁၂၀၄၊ ၃၇၈၇၉၈၊ ၀၉-၈၆၃၄၇၀၁၊ ၀၉-၄၄၈၅၃၆၆၀၂၊ ၀၉-၄၃၀၄၇၁၃၀၊ ၀၉-၄၂၂၄၉၄၅၇၈၊ ၀၉-၄၄၈၅၃၈၂၅၃

ကုန်သွယ်မှုသင်တန်းကျောင်း(စတုတ္ထထပ်)တွင် သင်တန်းဝင်ခွင့်ပုံစံဖြည့်စွက်၍ စာရင်းပေးသွင်းရန်ဖြစ်ပါသည်။ **ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)**



## INVITATION FOR OPEN TENDER(6/2015)
## TENDER NO.MPPE/HSD/T/1(2015-2016)

1. Open Tender is invited for the Myanma Petroleum Products Enterprise, Ministry of Energy for the supply of High Speed Diesel (752,000±10% Barrels)
2. **Tender Closing Date & Time** - 9-9-2015,12:00Hrs
3. **Tender Opening Date & Time** - 9-9-2015,13:00Hrs
4. **Delivery Time** - October 2015 to January 2016
5. Tender documents and details information are available at the Department of Finance,Myanma Petroleum Products,Nay Pyi Taw,during our office hours commencing 26-8-2015 on payment of Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy,No(6)Complex,Nay Pyi Taw**
**Contact Phone No.**
**067-411487/411486/411280**



### ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့
# အသိပေးနှိုးဆော်ချက်

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ **၂၀၁၅ခုနှစ် ဇူလိုင်လ သုံးစွဲကာလ**အတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထား ပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင် အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | တယ်လီဖုန်းအမျိုးအစား | နောက်ဆုံးအခွန်ငွေပေးသွင်းရမည့်ရက် |
|---|---|---|---|
| ၁။ | နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊မကွေး၊ ကချင်၊ ဧရာဝတီ၊ မွန်၊ ပဲခူး(အရှေ့/အနောက်) | Auto နှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | ၂၈-၈-၂၀၁၅ |
| ၂။ | ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ တနင်္သာရီ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) | Auto နှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | ၁၁-၉-၂၀၁၅ |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**



### ပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာအမျိုးသားလေကြောင်း
## ကြေညာချက်အမှတ်(၃/၂၀၁၅)

မြန်မာအမျိုးသားလေကြောင်းမှ ကြေညာချက်အမှတ်(၃/၂၀၁၅)ဖြင့် ကြေညာထားသည့် လေယာဉ်မယ်လျှောက်လွှာ နောက်ဆုံးလက်ခံမည့်ရက်အား ၃၁-၈-၂၀၁၅ ရက်အစား ၁၀-၉-၂၀၁၅ ရက်အထိသို့ တိုးမြှင့်လက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**



### တံဆိပ်ခေါင်းခွန်ထမ်းဆောင်ကြရန်
## အသိပေးနှိုးဆော်ချက်

၁။ မိဘပြည်သူများအနေဖြင့် အစိုးရဌာနများနှင့်လည်းကောင်း၊ ပုဂ္ဂလိကအချင်းချင်းအကြားတွင်လည်းကောင်း တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများကို ချုပ်ဆိုရာတွင် စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ ချုပ်ဆိုသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဟု မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင် ပြဋ္ဌာန်းပါရှိပါသည်။

၂။ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းပေါ်တွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားခြင်းမရှိလျှင် အဆိုပါစာချုပ်စာတမ်းကို သက်သေခံအဖြစ် လက်ခံခြင်း၊ မှတ်ပုံတင်ပေးခြင်း၊ မှန်ကန်ကြောင်းအသိအမှတ်ပြုသက်သေခံ လက်မှတ်ရေးထိုးပေးခြင်းစသည်တို့ကို သက်ဆိုင်ရာဌာနတို့က ဆောင်ရွက်ပေးမည်မဟုတ်ပါ။

၃။ စာချုပ်စာတမ်းတစ်စုံတစ်ရာပေါ်တွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်မထားခြင်း သို့မဟုတ် ထိုက်သင့်သည့်တံဆိပ်ခေါင်းပမာဏ အပြည့်အဝ ထမ်းဆောင်ထားမှု မရှိခြင်းကို စိစစ်တွေ့ရှိရလျှင် ထပ်မံထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်ပမာဏအပြင် ယင်း၏ ၁၀ ဆနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ပြီးမှသာ ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို မည်သူက ပေးဆောင်ရမည်၊ မည်သည့် စာချုပ်စာတမ်းအမျိုးအစားအတွက် တံဆိပ်ခေါင်းခွန် မည်မျှထမ်းဆောင်ရမည်တို့ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ အင်တာနက်စာမျက်နှာ www.irdmyanmar.gov.mm တွင်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီးတွင်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ သို့ဖြစ်ပါ၍ မိမိတို့၏စာချုပ်စာတမ်းများကို ဥပဒေနှင့်အညီ သက်သေခံခိုင်မာစေရေးအတွက် စာချုပ်စာတမ်းများပေါ်တွင် ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် အပြည့်အဝထမ်းဆောင်စေရေး အလေးထားလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**


### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### မြောက်ဥက္ကလာပမြို့နယ်တရားရုံး
### ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၀ နှင့်ဆက်နွှယ်သည့်
### ၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၆

ဦးအေးလွင် **နှင့်** ဦးအောင်ကြွယ်
**တရားနိုင်** **တရားရှုံး**

အထက်ပါအမှုမှ တရားရှုံး ဦးအောင်ကြွယ် အမှတ်(၆၆၃)၊ ဟံသာဝတီလမ်း၊ ၁၄ ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၀ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးအေးလွင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၇ရက် (၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဩဂုတ် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၅၇၂ နှင့်ဆက်နွှယ်သည့်
### ၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၀

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် **နှင့်** ၁။ ဦးသတိုးဦး
(ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲ) ၂။ ဒေါ်မြမြအေး
(၎င်း၏ဘဏ်ခွဲတာဝန်ခံ)
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဥယျာဉ်လမ်း၊ အမှတ် ၇၅ (ယခုနေရပ်လိပ်စာမသိ)နေ ဦးသတိုးဦးနှင့် ဒေါ်မြမြအေး (အတူနေလင်မယား) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၇၂ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၂၄ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၁ရက်) နံနက် ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဩဂုတ် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်ကြည်စိန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း
## IMCEITS Advanced ICT Engineering သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် အိန္ဒိယနိုင်ငံ၊ CDAC တို့ပူးပေါင်းဖွင့်လှစ်သည့် India-Myanmar Centre for Enhancement of IT Skills (IMCEITS) သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် |
|---|---|---|---|
| (၁) | Professional Diploma in Java Programming Course (DJP) | ၂၄ ပတ် | ၂-၁၁-၂၀၁၅ |
| (၂) | Professional Diploma in MS. Net Programming Course (D.NET) | ၂၄ ပတ် | ၂-၁၁-၂၀၁၅ |
| (၃) | Professional Diploma in Wireless and Mobile Computing Course (DWMC) | ၂၄ ပတ် | ၂-၁၁-၂၀၁၅ |
| (၄) | Professional Certificate in Android Programming Course | ၈ ပတ် | ၂-၁၁-၂၀၁၅ |
| (၅) | Professional Certificate in Web Technologies Course | ၈ ပတ် | ၅-၁-၂၀၁၆ |
| (၆) | Professional Certificate in Linux Course | ၈ ပတ် | ၇-၃-၂၀၁၆ |

၂။ အမှတ်စဉ်(၁)၊ (၂)နှင့်(၃)သင်တန်းများသည် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး Software Program များကို မိမိကိုယ်တိုင်ရေးသားနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ မိမိ၏ပရိုဂရမ်စွမ်းရည်ကို အခြေခံ၍ ကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။

၃။ အမှတ်စဉ်(၄)သင်တန်းသည် Mobile Phoneများပေါ်တွင် Mobile Application Programများကို ရေးသားနိုင်သည်အထိ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပေးသော သင်တန်းဖြစ်သည်။ IMCEITS သင်တန်းဌာနမှ Professional Diploma in Java Programming Course (DJP) (သို့မဟုတ်)Professional Diploma in Wireless and Mobile Computing Course(DWMC) သင်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်) ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ်(၅)သင်တန်းသည် Web Application များကို ရေးသားနိုင်ရန် သင်ကြားပေးသောသင်တန်းဖြစ်သည်။ Programming အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၆)သင်တန်းသည် Linux Operating System တွင် Linux Administration & Management များပြုလုပ်နိုင်ရန် သင်ကြားပေးသောသင်တန်းဖြစ်သည်။ Linux အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၆။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်မှအပ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ အချိန်ပြည့် သင်တန်းများဖြစ်သည်။

၇။ သင်တန်းအောင်မြင်ပြီးဆုံးပါက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် အိန္ဒိယနိုင်ငံ၊ CDACတို့မှ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

၈။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech/B.Tech (IT)/B.E(IT)/B.Sc (Computer Science)/M.C.Sc/M.C.Tech/ M.I.Sc/M.A.Sc/M.E(IT)/M.Sc (Computer Science) ဘွဲ့တစ်ခုခု ရရှိပြီးသူ(သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့(သို့မဟုတ်)Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၉။ သင်တန်းလျှောက်ထားသူများသည် အောက်ပါရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၁၉-၉-၂၀၁၅ (စနေနေ့) | Online ဝင်ခွင့် စာမေးပွဲ | နံနက် ၁၀း၀၀ နာရီ | IMCEITS သင်တန်းဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း |

၁၀။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း၊ IMCEITS သင်တန်းဌာနတွင် ၁၅-၉-၂၀၁၅ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၁။ အခြားသိရှိလိုသည်များရှိပါက IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း
## ICTTI Advanced ICT Engineering သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် ဂျပန်နိုင်ငံ JICA တို့ ပူးပေါင်းဖွင့်လှစ်သည့် Information and Communication Technology Training Institute (ICTTI) သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် |
|---|---|---|---|
| (၁) | Professional Diploma in Software Engineering Course | ၂၂ ပတ် | ၂-၁၁-၂၀၁၅ ရက် |
| (၂) | Professional Diploma in Network Engineering Course | ၂၂ ပတ် | ၂-၁၁-၂၀၁၅ ရက် |
| (၃) | Advanced Web Development Course (Web Design and PHP Web Development) | ၅ ပတ် | ၂၃-၁၀-၂၀၁၅ ရက် |
| (၄) | Oracle Database 11 g Course (SQL, PL/SQL and DBA) | ၃ ပတ် | ၂-၁၁-၂၀၁၅ ရက် |
| (၅) | Cisco Learning Network Course (Routing & Switching and Voice) | ၄ ပတ် | ၉-၁၁-၂၀၁၅ ရက် |
| (၆) | Project Management Course | ၄ ပတ် | ၇-၁၂-၂၀၁၅ ရက် |
| (၇) | Advanced Server Course(Virtualization and LDAP) | ၇ ပတ် | ၂၁-၁၂-၂၀၁၅ ရက် |
| (၈) | Java Framework-based Development Course (Spring 3) | ၂ ပတ် | ၁၁-၁-၂၀၁၆ ရက် |
| (၉) | Mobile Phone System Development Course | ၄ ပတ် | ၈-၂-၂၀၁၆ ရက် |
| (၁၀) | Web and Cloud System Development Course | ၄ ပတ် | ၇-၃-၂၀၁၆ ရက် |

၂။ အမှတ်စဉ်(၁)နှင့်(၂)သင်တန်းများသည် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာ သင်တန်းကို ရွေးချယ် လျှောက်ထားနိုင်ပါသည်။

၃။ အမှတ်စဉ်(၃) သင်တန်းအတွက် Programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ်(၄) သင်တန်းအတွက် Database အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၅) သင်တန်းအတွက် ICTTI Professional Diploma in Network Engineering သင်တန်းတက်ရောက်အောင်မြင်ပြီး Cisco Networking အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၆။ အမှတ်စဉ်(၆) သင်တန်းအတွက် IT Professional အဖြစ် အသက်မွေးဝမ်းကျောင်းမှုသက်တမ်း အနည်းဆုံး (၅)နှစ်နှင့်အထက်ရှိသူများ လျှောက်ထားနိုင်သည်။

၇။ အမှတ်စဉ်(၇) သင်တန်းအတွက် ICTTI Professional Diploma in Network Engineering သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၈။ အမှတ်စဉ်(၈) သင်တန်းအတွက် Java Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၉။ အမှတ်စဉ်(၉)နှင့် (၁၀) သင်တန်းများအတွက် ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering သင်တန်းနှင့် IMCEITS သင်တန်းဌာနမှ Professional Diploma in Java Programming သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၁၀။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်မှအပ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ အချိန်ပြည့် သင်တန်းများဖြစ်သည်။

၁၁။ သင်တန်းအောင်မြင် ပြီးဆုံးပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် ဂျပန်နိုင်ငံ(JICA)တို့မှ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

၁၂။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech/ B.Tech(IT)/B.E(IT)/B.Sc(Computer Science)/M.C.Sc/M.C.Tech/ M.I.Sc/M.A.Sc/M.E(IT)/M.Sc(Computer Science) (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့(သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ Professional Diploma in Network Engineering သင်တန်းအတွက် အဆိုပါ ဘွဲ့များအပြင် B.Tech(EC), B.E(EC), M.E(EC) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ Computer Hardware ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက် မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၁၃။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၁၈-၉-၂၀၁၅ (သောကြာနေ့) | Online ဝင်ခွင့်စာမေးပွဲ | နံနက် ၁၀း၀၀နာရီ | ICTTI သင်တန်းဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း |

၁၄။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း ICTTI သင်တန်းဌာနတွင် ၁၅-၉-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၅။ အခြားသိရှိလိုသည်များရှိပါက ICTTI သင်တန်းဌာန ဖုန်း-၀၁-၆၆၁၇၁၄၊ ၀၁-၆၆၂၃၂၉၊ ၀၁-၆၅၂၅၄၂ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## အမည်မှန်

လားရှိုးမြို့၊ အလက(၈)၊ ပထမတန်း(ဃ)မှ မောင်ဘရန်မိုင် (က၀-၄၅၀/၁၅)၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ကောင်းမြတ်(ခ)မောင်ဘရန်မိုင် ဖြစ်ပါသည်။

## အမည်မှန်

လားရှိုးမြို့၊ အလက(၈)၊ သတ္တမတန်း(ခ)မှ မမြတ်နိုးလှိုင် (က၀-၂၁၀၉)၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မယွမ်းယွမ်း ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/ဂုဏ်တန်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၇၄[ဃ]၊ ဧရိယာ ၀ဒသမ ၀၈၀ဧကရှိ ဒေါ်မြကျင်(သမီး) ဒေါ်ရီရီမြင့် အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်ရီရီမြင့် ၉/ပမန(နိုင်)၀၀၉၃၆၄ (ဘ) ဦးဘညွန့်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေဘို၊ မြေကွက်/ဦးပိုင်အမှတ် ၁၂[က]၊ ဧရိယာ ၀ဒသမ ၁၇၄ဧကရှိ ဒေါ်မြင့်သက်မာ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကြည်ဝေ၊ ဒေါ်မိုးမိုးအေး ၉/ပမန(နိုင်)၀၁၀၄၉၁၊ ၉/လဝန(နိုင်)၁၀၃၅၆၉ (ဘ) ဦးတူး၊ ဦးအေးမောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားအမှတ်(၁)မြို့မဈေး၊ ဈေးဆိုင်ခန်းအမှတ် AI-၁၀၆/၁၂၀အား ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ ရုံးလမ်း၊ အိမ်အမှတ်(၁၅/၅၈)နေ ဒေါ်ခင်လှိုင် ၉/ပမန(နိုင်)၀၁၅၈၂၅ အမည်ပေါက်ပိုင်ဆိုင်ပြီး ပျဉ်းမနားမြို့၊ အောင်မင်္ဂလာရပ်ကွက်(၂)လမ်း၊ အိမ်အမှတ်(ယ၆/၁၈၀)နေ ဒေါ်ခင်စုစုလှိုင် ၉/ပမန(နိုင်)၁၂၅၁၃၃ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဈေးများဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့နေ မရွှယ်အောင် ၁/မကန(နိုင်)၁၄၇၃၄၂၏ ဖခင်အမည်မှန်မှာ ဦးအင်ခွန်ဇော်မိုင် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက(၁)၊ တက္ကသိုလ်ဝင်တန်း($G_1$)မှ မမိုင်တင်ဇာဇာထွန်း၏ ဖခင်အမည်မှန်မှာ ဦးဆလိုင်းရဲထွန်းဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆/မီးရထား၊ မြေကွက်/ဦးပိုင်အမှတ် ၄၀[ယ]၊ ဧရိယာ ၀ဒသမ ၀၇၅ဧကရှိ ဒေါ်စုစုမြိုင် အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်အေးပွင့်ဖြူ ၉/ပမန(နိုင်)၁၅၉၇၃၁ (ဘ) ဦးဇင်ဝင်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လက်ထပ်ထိမ်းမြားခြင်း

ကျွန်တော် ကိုကြည်ခင် ၁၂/လမန(နိုင်)၀၂၇၃၃၄ နှင့် ကျွန်မ မမြပန်းခိုင် ၁၂/အစန(နိုင်)၀၁၂၇၆၀တို့သည် ၁၉-၈-၂၀၁၅ ရက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

**ကိုကြည်ခင်-မမြပန်းခိုင်**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ကျောက်တံခါးမြို့နယ်၊ဦးစံကျော်လမ်း၊
ဈေးပိုင်းရပ်ကွက်နေ ဦးကျင်စိုး-ဒေါ်ခင်မေစန်းတို့၏သား
**ဗိုလ်ကြီးဝေဖြိုးအောင်**
**B.E(Electronic)D.S.T.A(11)တပ်မတော်(လေ)**
**နှင့်**
ရန်ကုန်မြို့၊ တိုက်(၇)၊ အခန်း(၁၀၁)၊ အေးရိပ်မွန်အိမ်ရာနေ
(ဗိုလ်မှူးကြီးကျော်လွင်)-ဒေါ်အေးအေးမူတို့၏သမီး
**မသဉ္ဇာကျော်လွင် B.A(Eng:)**
တို့သည် ၂၆-၈-၂၀၁၅ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပြီး ဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးဝေဖြိုးအောင်-မသဉ္ဇာကျော်လွင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ အောင်သပြေလမ်း၊ တိုက် (၇)၊ အခန်း (၃၂)ဟုခေါ်တွင်သော တတိယအလွှာ(ဘယ်ခြမ်း)၊ ဧရိယာ ၁၀၁၉ စတုရန်းပေရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားအကျိုးခံစားလျက် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးသိန်း ၁၂/သလန(နိုင်)၀၃၄၇၂၄ ထံမှ ဦးဆန်းထွန်း ၁၀/မလမ(နိုင်)၁၆၁၈၉၁ မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းဝယ်ယူခြင်းနှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကလျာဦး LL.B, D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၂)**
**အမှတ် ၂၂၊ ဘုရားလမ်း၊ ၅ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၀၄၂၅၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၄၁၂၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၆၈၁၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၁၃၀၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၆၉၀၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၁၉၃၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၁၂၉၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ တောင်ဇလပ်ရပ်ကွက် (၈/၁၇၁)နေ (ဦးဘွယ်ကြွား)-ဒေါ်နီနီတို့၏သမီး မဆန်းဌေးလင်း(ခ)မီးငယ် ၅/ကလထ(နိုင်) ၁၇၉၆၆၈ သည် မိဘအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာထိခိုက်စေသော လုပ်ရပ်များကို လုပ်ဆောင်ခဲ့ခြင်း၊ ပြောဆိုဆုံးမမှုကို နားမထောင်ခြင်း မိမိသဘောဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် ၎င်းအား မိသားစုအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိခင် ဒေါ်နီနီ မိသားစု၊ ကလေးမြို့**

## စတီနံပါတ်ကားများရောင်းမည်

1. Toyota Passo (+Hana) ရပ်ပြောင်း၊ ရှေ့ခုံဆက်၊ ဘက်မှန်မီးကျောက် Fog Light, Japan လည်သာခုံစွပ်၊ Alloy ,2WD မှန်မည်း
2. SUZUKI SWIFT 2011, XL grade, စတီယာတိုင် Volume, 2WD ဘက်မှန်မီးကျောက်၊ Alloy နှစ်စီးလုံး YGN လိုင်စင် ကားအလွန်သန့်များ ဖြစ်သည်။

**ဖုန်း-၀၉-၂၅၂၈၅၇၉၈၈၊ ၀၉-၇၃၀၅၇၀၉၂**

## အဆင့်မြင့် မော်တော်ယာဉ်များချွတ်ယွင်းချက် ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း(အပတ်စဉ်-၅)လျှောက်လွှာခေါ်ယူခြင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်မော်တော်ယာဉ်များ၏ ချွတ်ယွင်းချက်များအား Computer,Scanner တို့ဖြင့်ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း အပတ်စဉ်(၅)ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများမှ စတင်ဖွင့်လှစ်၊သင်ကြားပေးမည်ဖြစ်ပါသည်။သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ပြီး မော်ဒယ်မြင့်ကားများ၏ဒီဇယ်အင်ဂျင်နှင့် ဓာတ်ဆီ(Octane)အင်ဂျင်တို့၏ Engine Control System နှင့် Transmission Control System တို့ကို အဓိကထား၍ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပါသည်။သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး(၂၅၀,၀၀၀ကျပ်)ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးအောင်မြင်ပါက သင်တန်းဆင်းအောင်လက်မှတ်ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Automobile Technical Division မှ ထုတ်ပေးမည်ဖြစ်ပါသည်။ သင်တန်းသားဦးရေကို ကန့်သတ်ထားပါသည်။ပညာအရည်အချင်း အနည်းဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိပြီး ဝပ်ရှော့လုပ်ငန်းအတွေ့အကြုံ စက်ပြင်လုပ်ငန်းအတွေ့အကြုံ ရှိရပါမည်။ သို့မဟုတ် BE(mech),BTech(mech),AGTI(mech),THS (mech)ဖြစ်ရပါမည်။ လျှောက်လွှာများကို ၂၄-၈-၂၀၁၅ရက်မှ စတင်လက်ခံမည်ဖြစ်ပြီးလူတွေ့စစ်ဆေးမှုအောင်မြင်မှသာ သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ၊ကိုယ်ရေးအချက်အလက်များ၊ ပညာအရည်အချင်းဆိုင်ရာ လက်မှတ်မိတ္တူ၊မှတ်ပုံတင်မိတ္တူတို့ပါဝင်ရပါမည်။

**လျှောက်လွှာတင်ရန်** - (၁) Training Manager, **မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်နယ်မြေ၊ရန်ကုန်မြို့။**
(၂) **မြန်မာမော်တော်ကော်ပိုရေးရှင်း၊ချယ်ရီဥယျာဉ်အိမ်ရာ၊ သံသုမာလမ်းမကြီး၊(၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊စုံစမ်းရန် ဖုန်း-၀၉-၈၆၁၈၃၈၆၊ ၀၉-၄၂၀၀၂၉၇၈၂၊**
**Email ဖြင့်လျှောက်လွှာတင်ရန်-michaelsanoo@gmail.com**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၃၃၀၉ ISUZU BIGHOM. UBS 696 W, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ငြိမ်း ၁၂/ရပသ(နိုင်)၀၁၄၈၃၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၃၃၁၀ ဟွန်ဒါဝေဗ် 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသင်း ၁၀/မဒန(နိုင်)၁၈၄၉၇၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၄၀၉၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁စ/၇၃၀၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၁၂၁၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၃)၊ မြေကွက်အမှတ် (၃၁၄/က)၊ ဧရိယာ(၂၀ × ၆၀)ပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် (၃၁၄/က)ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်စန်းဝင်းထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဆွေလပြည့်စိုး ၁၂/မရက(နိုင်)၁၃၆၀၅၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc, Hon(IC), HGP, R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်တန်း(E)မှမောင်လှိုင်မင်းထက် (မွေးသက္ကရာဇ် ၂၆-၄-၂၀၀၀)၏ ဖခင်အမည်မှန်မှာ ဦးမော်ကိုကိုအေး(ခ)ဦးကိုကိုအေး ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဇီးကုန်းမြို့နယ် မြို့မအထက တက္ကသိုလ်ဝင်တန်းမှ မမြပိုပိုအောင်၏ဖခင် ဦးကိုနိုင် ၇/ဇကန(နိုင်)၀၄၂၅၄၅ နှင့် ဦးစိုးနိုင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိဘအမည်မှန်

နေပြည်တော်၊ ရေဆင်း အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်မင်းဇော်သိန်း ၉/ဇယသ(နိုင်)၀၁၅၆၆၅ ၏ မိဘအမည်မှန်မှာ ဦးလှဝင်းနှင့် ဒေါ်အေးအေးသွယ်ဖြစ်ပါကြောင်း။

**ဦးလှဝင်း၊ဒေါ်အေးအေးသွယ်**

## ပတ်စ်ပို့ပျောက်

ဦးနေရဲလတ် ၁/ဗမန(နိုင်)၀၄၃၉၇၁ ၏ ပတ်စ်ပို့ NO-မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၅၆၅၂၉၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၆၄၅၃၉ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းသက်အောင် ၅/မရန(နိုင်)၀၁၆၉၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၇၃၁၆ Kaung Myat Kyair Singein P/W ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဝင်း ၅/ရဘန(နိုင်)၁၅၂၈၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရွှေဘိုမြို့)**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားမရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၄-၅၅**

၁။ ဦးသန်းထွန်း **နှင့်** ဒေါ်ခင်မာရီ
၂။ ဒေါ်အေးသန်း
**အယူခံတရားလိုများ** **အယူခံတရားပြိုင်**

၂၀၁၅ ခုနှစ် ဇွန် ၁၆ရက်စွဲပါ ရွှေပြည်သာမြို့နယ်တရားမရုံးတော်မှ အမိန့်ကိုပြင်ဆင်မှု ပြင်ဆင်မှုတရားပြိုင် ဒေါ်ခင်မာရီ သိစေရမည်။

ယခုအမှုတွင် ရွှေပြည်သာမြို့နယ် တရားမရုံးတော်က ချပေးသည့်ဒီကရီကို ပြင်ဆင်ရန် လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၅ခုနှစ် စက်တင်ဘာ ၉ ရက် (၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ရွက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာသွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၃၄၊ မြေကွက်အမှတ်-၁၀၀၂၊ နဝဒေးလမ်း၊ အကျယ်အဝန်း (၄၀' x ၆၀') ရှိ ပါမစ်မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပါမစ်အမည်ပေါက် ဦးသန်းစိန် ထံမှ တရားဝင် ဝယ်ယူ ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးဟန်ကျော်ထွန်း (၁၂/စခန (နိုင်) ၀၆၂၈၆၃) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက မြေကွက်တန်ဖိုးငွေ ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နေခြည်ဝင့် [LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၀၈၄)**
**အမှတ် - ၅၆၅၊ အခန်း (၁၀၃/ဒီ)၊ ပ-ထပ်၊ MAC Tower ၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၅၃၂၃၃၉၀ ၊ ၀၉-၅၈၀၂၈၂၀၈၁**

## တိုက်ခန်းများ၏ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းထွန်းစိုး ၁၂/ဥကမ(နိုင်)၁၅၂၄၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းထွန်းစိုးသည် ၂၅-၁၀-၂၀၁၃ ရက်စွဲပါ အပျောက်စနစ်ဖြင့် တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်သဘောတူကတိစာချုပ်အရ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၄၅၉/၄၆၉၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ဂျေ²(အရှေ့)၊ မြေကွက်အမှတ် ပဥ္စမတန်း(၅)(၆)(၇)၊ နှစ် (၆၀)ဂရန်မြေကွက်ပေါ်ရှိ ဆောက်လုပ်ပြီး ရှစ်ခန်းတွဲ၊ ရှစ်ထပ်တိုက် အဆောက်အအုံ၏မျက်နှာမူတွင် မြောက်ဘက်အရပ် အခန်းအမှတ် F-3 နှင့် G-3 တတိယထပ် နှစ်ခန်းတွဲတိုက်ခန်းအား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်သော ဦးသက်အောင် ၁၂/ဥကမ(နိုင်)၁၇၉၇၆၆ ထံမှ တိုက်ခန်းဖိုးငွေအပြေအကျေပေးချေကာ ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပြီး မူလမြေရှင်လက်မှတ်ပါ အပျောက်စနစ်ဖြင့် တိုက်ခန်းအပြီး အပိုင်အရောင်းအဝယ်သဘောတူစာချုပ်(မူရင်းများ)နှင့်တကွ အဆင့်ဆင့်လွှဲပြောင်းလက်ခံအရောင်း အဝယ်စာချုပ်စာရွက်စာတမ်းများကို အထောက်အထားခိုင်လုံစွာဖြင့်ဝယ်ယူထားပြီးဖြစ်သောကြောင့် အဆိုပါနှစ်ခန်းတွဲတိုက်ခန်း၏ ပိုင်ရှင်အစစ်မှန်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ဆိုင်ကြောင်းအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအခန်းများ၏ ပိုင်ဆိုင်မှုပိုမိုခိုင်မာစေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသန်းထွန်းစိုး**
**၁၂/ဥကမ(နိုင်)၁၅၂၄၀၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ထွဋ်မြင့် HGP, LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၇၅)**
**ဖုန်း-၀၉-၇၃၀၈၇၁၉၈**
**ဒေါ်ခိုင်ဇင်ဦး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၂၅၄၈)**
**ဒေါ်သက်သက်အောင် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၄၂၁၁)**
**မင်္ဂလာဒုံမြို့နယ်တရားရုံးရှေ့နေများနားနေခန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**သာကေတမြို့နယ်၊ မလွန်ဆန်လျှသင်းထောက်အဖွဲ့ (အတွင်းရေးမှူး)**
**ဦးဘကျော်**
**အသက် (၇၂)နှစ်**

မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီး၊ သာကေတမြို့နယ်၊ မလွန်ဆန်လှူသင်းထောက်အဖွဲ့ (အတွင်းရေးမှူး) ဦးဘကျော် အသက် (၇၂)နှစ်သည် ၂၂-၈-၂၀၁၅ ရက် (စနေနေ့) နံနက် ၇း၀၀ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြရပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့**
**အသင်းသားများနှင့်ဝန်ထမ်းများ**
**မလွန်ဈေးဆန်လှူအသင်းကြီး**
**မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာငွေးအောင်**
**ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်**
**အသက်(၆၀)**

ဒေါက်တာငွေးအောင် (ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်)သည် ၂၄-၈-၂၀၁၅ ရက် နံနက် ၁၀ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ နှမြောဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာသင်းသင်းဦး**
**ပါမောက္ခဒေါက်တာနွယ်နီတင်**
**နှင့် ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ**
**မြန်မာစာဌာန၊ မော်လမြိုင်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာငွေးအောင်**
**ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်**
**အသက် (၆၀)**

ဒေါက်တာငွေးအောင် (ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်)သည် ၂၄-၈-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ နှမြောဝမ်းနည်းကြေကွဲရပါသည်။

**အဏ္ဏဝါသိပ္ပံဌာနမိသားစု**
**မော်လမြိုင်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာငွေးအောင်**
**ပါမောက္ခချုပ်၊မော်လမြိုင်တက္ကသိုလ်**
**အသက် (၆၀)**

ဒေါက်တာငွေးအောင် (ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်)သည် ၂၄-၈-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ နှမြောဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမိုးမိုးခိုင်**
**တွဲဖက်ပါမောက္ခ(ရုက္ခဗေဒဌာန)**
**မော်လမြိုင်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာငွေးအောင်**
**ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်**
**အသက်(၆၀)**

ဒေါက်တာငွေးအောင် (ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်)သည် ၂၄-၈-၂၀၁၅ ရက် နံနက် ၁၀ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ နှမြောဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာခင်လေးကြည်**
**ပါမောက္ခဒေါက်တာစမ်းစမ်းမြင့်နှင့်**
